# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၀၇၂)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၌ Virtual စနစ်ဖြင့် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အမျိုးသားအဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာရေးဆွဲရေး ဦးဆောင်ကော်မတီဝင် ဒုတိယဝန်ကြီး များ၊ ဒုတိယရှေ့နေချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာရေးဆွဲရေး အထောက်အကူပြု လုပ်ငန်းကော်မတီဝင်များ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ United States Agency International Development တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူ များသည် သက်ဆိုင်ရာ နေရာဒေသအသီးသီးမှ Zoom Application ဖြင့် တက်ရောက်ကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဒေါက်တာဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပသည့် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၌ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❋


**နှစ်တစ်ရာပြည့် မြို့မအမျိုးသားကျောင်း**

မြို့မအမျိုးသားကျောင်း ရာပြည့်အထိမ်းအမှတ်ဆောင်းပါး


စာ ၆-၇


**Rating စနစ်ကို ထောက်ခံပါတယ်**

ဆောင်းပါး


စာ ၈


**ရွေးကောက်တင်မြှောက်ခံရသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ**

ဆောင်းပါး


စာ ၂၂



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# အဂတိကင်းကင်း ဖြောင့်မတ်တည်ကြည်ခြင်းဖြင့်

အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးမားလှစွာသော အဟန့်အတား၊ အတားအဆီးတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လိုလျှင် အဂတိလိုက်စားမှုများကို မဖြစ်မနေ သုတ်သင်ရှင်းလင်း တိုက်ဖျက်ဖို့လိုသည်။

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်းကိုလည်း ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုပေးခဲ့သည်။ နိုင်ငံတော်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာဖြင့် ကြိုးပမ်းခဲ့ရာ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့က ပြုလုပ်သည့် Global Corruption Barometer ASIA 2020 စစ်တမ်းတွင် အာရှ ၁၇ နိုင်ငံ၌ မြန်မာက အဆင့်(၁)နေရာတွင် အမြင့်ဆုံးအသိအမှတ်ပြုခံခဲ့ရသည်။ ဤသည်မှာ မိမိတို့နိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းစွမ်းဆောင်မှုများအပေါ် ထင်ဟပ်နေသော်လည်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှု အမြစ်ကင်းပြတ် ပပျောက်သွားရေးအတွက်မှာမူ ကာလရှည်ကြာစွာ ဆက်လက် ကြိုးပမ်းသွားကြရဦးမည်ဖြစ်သည်။

အဂတိလိုက်စားမှုသည် မိမိတို့နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖို့ နိုင်ငံစီးပွားဖွံ့ဖြိုးရေး၊ ခေတ်မီတိုးတက်ရေးအကောင်အထည်ဖော် တည်ဆောက်ရာတွင် မြန်နိုင်သမျှမြန်မြန်ဖယ်ရှားရှင်းလင်းပစ်ရမည့် အပိတ်အဆို့ ခလုတ်တံသင်းဖြစ်သည်။ အဂတိလိုက်စားမှု၏ အကျိုးဆက်များက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အောက်သို့ဆွဲချနိုင်သည်။ အဂတိလိုက်စားမှုကြောင့် အစိုးရ၏အခွန်ဝင်ငွေ ရသင့်သလောက်မရ၊ အသုံးစရိတ်တို့တွင်လည်း ပိုမို၍ကုန်ကျသည်။ အစိုးရကို တရားဝင်အခွန်ဆောင်မည့်အစား အကျင့်ပျက်ဝန်ထမ်းကို လာဘ်ထိုးကာ အခွန်လျှော့ပါးရေး၊ အခွန်တိမ်းရှောင်ရေး ပြုလုပ်ကြခြင်း၊ ကုန်ကျစရိတ်ကြီးမားသည့် ရောမစီမံကိန်းကြီးများတွင် ရှင်းလင်းမြင်သာမှုမရှိသော စရိတ်စကများ စသည်တို့က အဂတိလိုက်စားသူအတွက် အခွင့်အလမ်းသဖွယ်ဖြစ်နေခြင်း စသည်တို့အားဖြင့် နိုင်ငံ့ဘဏ္ဍာကို ထိခိုက်စေသလို နိုင်ငံ့ဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့ကဲ့သို့သော လူမှုရေး ဖွံ့ဖြိုးမှုတို့အပေါ်တွင်ပါ ထိခိုက်နစ်နာစေသည်။ ထို့အပြင် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကိုပါ အဂတိလိုက်စားမှုများဖြင့် ချိုးဖောက်ကြသည့်အခါ လူမှုရေးနစ်နာမှုများနှင့်အတူ လူ့အဖွဲ့အစည်း၏ တည်ငြိမ်မှုကိုပါ ထိခိုက်ပျက်စီးစေသည်။

ယခုအခါ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံတိုင်းလိုလိုမှာပင် မိမိတို့နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်မှ ကယ်တင်နိုင်ရေးအပြင် ကပ်ရောဂါကာကွယ်ဆေးများ ရရှိဖြန့်ဝေနိုင်ရေး၊ လူတိုင်း ထိုးနှံပေးနိုင်ရေး၊ ကပ်ရောဂါကာလအလွန်တွင် စီးပွားရေးများ ပြန်လည်ထူထောင်နိုင်ရေးတို့အတွက် ကြိုးပမ်းလျက်ရှိကြသည်။ ယင်းသို့သောအခြေအနေတွင် မြွေပူရာ ကင်းမှောင့်သည့်သဖွယ် အဂတိလိုက်စားမှုတို့ပေါ်ပေါက်လာပါက ပြန်လည်ထူထောင်ရေးတို့ နှောင့်နှေးနိုင်သလို ကမောက်ကမ ပျက်စီးနိုင်သည့်အလျောက် အဂတိကင်းကင်းဖြင့် ဖြောင့်မတ်တည်ကြည်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ဖို့လိုသည်။ သို့ဖြစ်သည့်အတွက် ယခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ကို "ဖြောင့်မတ်တည်ကြည်မှုဖြင့် ပြန်လည်ထူထောင်ကြပါစို့" "Recover with Integrity" ဟူ၍ သတ်မှတ်ထားရာ ကပ်ရောဂါကြောင့် ကြုံတွေ့လာရသည့် အခက်အခဲများကို အဂတိကင်းကင်းဖြောင့်မတ်တည်ကြည်ခြင်းဖြင့် ရင်ဆိုင်ဖြေရှင်းကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဘဝ၊ လူမှုရေးဘဝ ပြန်လည်ထူထောင်ရေးတို့တွင် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန်(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးစိုင်းထွန်းညို ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးစိန်ဦး နီပေါနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၁

နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိန်ဦးသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကတ္တမန္ဒူမြို့၌ နီပေါနိုင်ငံသမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

သတင်းစဉ်

## (၁၁) ကြိမ်မြောက် မဲခေါင်စာပေဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ (၁၁) ကြိမ်မြောက် မဲခေါင်စာပေဆုရွေးချယ်ရေးအဖွဲ့သည် ပြိုင်ပွဲဝင်စာအုပ်များဖိတ်ခေါ်၍ အပြီးသတ်စိစစ်ရွေးချယ်ခဲ့ရာ ဝတ္ထုတိုပေါင်းချုပ်ဆုကို **"မြကြာငုံ"**(ဒေါက်တာနီလာသိန်း) ရေးသားသည့် **"လွမ်းတိမ်ဝတ်မှုန် ရသစုံဝတ္ထုတိုများ"** က လည်းကောင်း၊ ကဗျာပေါင်းချုပ် ဆုကို **"နေမင်းသန်း"** (ဦးဖေသန်း) ရေးသားသည့် **"၇၅ ရုပ်ပုံလွှာ နေမင်းသန်း ကဗျာ"** က လည်းကောင်း ဆုရရှိကြောင်း ထုတ်ပြန်ကြေညာသည်။

ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ် (ယူနန်ပြည်နယ်) နိုင်ငံတို့ပါဝင်သည့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွက် ချီးမြှင့်မည့် (၁၁) ကြိမ်မြောက် မဲခေါင်စာပေဆု ချီးမြှင့်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျတာဝန်ယူရမည့် ကမ္ဘောဒီးယားနိုင်ငံ၏ အစီအစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၁)ကြိမ်မြောက် မဲခေါင်စာပေဆုရွေးချယ်ရေးအဖွဲ့
မြန်မာနိုင်ငံစာရေးဆရာအသင်း

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်

**မန္တလေး ဒီဇင်ဘာ ၁၀**



မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များတွင် အသုံးပြုရန် မြန်မာတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက အလှူငွေကျပ် ၂၀၅ သိန်းကို ဒီဇင်ဘာ ၉ ရက်က ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အလှူငွေများကို အလှူရှင်များကိုယ်စား မြန်မာတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်ဌေးဌေးခိုင်(မောရိယတိုင်းရင်းဆေး)၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးမိုးလှိုင်(ဇီဝသုခတိုင်းရင်းဆေး) နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်ခိုင်ဌေးတို့က ပေးအပ်လှူဒါန်းသည်။ မြန်မာတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းမှ ဦးမောင်မောင်ဦး(ဂရိတ်ဝေါ တိုင်းရင်းဆေး)က ငွေကျပ် ၂၈၉၈၀၀၀၊ ဒေါက်တာဌေးဌေးခိုင် (မောရိယတိုင်းရင်းဆေး)က ငွေကျပ် ၂၅၀၀၀၀၀၊ ဦးတင်မောင် (စန္ဒီပရဆေး)က ငွေကျပ် ၂၅၀၂၀၀၀၊ ဦးထွန်းရွှေ(ထွန်းရွှေဝါ)က ငွေကျပ် ၂၅၀၀၀၀၀၊ ဦးကြည်စိုး (ကေသီပန်)က ငွေကျပ် ၂၅၀၀၀၀၀၊ ဆရာမြင့်(စကြာမင်း)က ငွေကျပ် ၂၁၀၀၀၀၀၊ ဒေါ်လေးမြင့်(ဦးသာရင်)က ငွေကျပ် ၂၀၀၀၀၀၀၊ ဦးသန်းမောင် (ကျားငါးကောင်)က ငွေကျပ် ၁၀၀၀၀၀၀၊ ဒေါ်တင်နွယ်ဦး(မှန်ချို)က ငွေကျပ် ၅၀၀၀၀၀၊ ဒေါ်နန်းဆိုင်ဆီရိအောင် (ဝုန်းဝမ်း-တောင်ကြီး)က ငွေကျပ် ၅၀၀၀၀၀၊ ဦးမြင့်ဇော်(အေးငြိမ်းသီတာ)က ငွေကျပ် ၅၀၀၀၀၀၊ ဦးလွင်ဦး (စွယ်စုံဆေးတိုက်)က ငွေကျပ် ၃၀၀၀၀၀၊ ဦးကြည်ဝင်း(ဆန္ဒမွန်)က ငွေကျပ် ၃၀၀၀၀၀၊ ဦးစိုးမိုးလှိုင် (ဇီဝသုခ)က ငွေကျပ် ၃၀၀၀၀၀ နှင့် ဦးကျော်ကျော် (ရွှေမြင်တင်ဆေးတိုက်)က ငွေကျပ် ၁၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၀၅ သိန်း စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုဌေး

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Appraisal Drilling Campaign လုပ်ငန်းများအား Semi-Submersible Drilling Rig, HAKURYU-5 (Call Sign: 3FZL6) ဖြင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Appraisal Drilling Campaign လုပ်ငန်းဆောင်ရွက်မည့် တွင်းတည်နေရာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **Restricted Area Boundary Coordinates for M-9 Area**

| Point | Latitude | Longitude |
|---|---|---|
| A | 14° 40' 08.874" N | 95° 29' 44.108" E |
| B | 14° 40' 00.000" N | 96° 15' 00.000" E |
| C | 14° 00' 00.000" N | 96° 15' 00.000" E |
| D | 14° 00' 00.000" N | 95° 51' 00.000" E |
| E | 13° 52' 11.000" N | 95° 51' 00.000" E |
| F | 13° 52' 11.000" N | 95° 29' 50.500" E |
| A | 14° 40' 08.874" N | 95° 29' 44.108" E |

(ခ) **Tentative Proposed Well Location**

| Point | Latitude | Longitude |
|---|---|---|
| M9-GTK-21 | 14° 31' 07.208" N | 96° 00' 37.915" E |
| M9-KKN- 58-59-60 | 14° 15' 48.054" N | 96° 08' 13.709" E |
| M9-KKN-83-84 | 14° 10' 42.400" N | 95° 39' 14.060" E |
| M9-GTK-32-33 | 14° 29' 52.589" N | 95° 48' 19.427" E |
| M9-ZTK-03 | 13° 54' 59.765" N | 95° 49' 48.871" E |
| M9-ZTK-09 | 14° 13' 47.427" N | 96° 01' 47.217" E |
| M9-ZTK-21 | 14° 01' 46.567" N | 95° 53' 17.481" E |
| M9-GTK-24 | 14° 36' 40.604" N | 95° 57' 03.249" E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Appraisal Drilling Campaign လုပ်ငန်းများအား Semi-Submersible Drilling Rig, HAKURYU-5 (Call Sign: A8BM6) ဖြင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြ

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလကဲ့သို့ပင် အမျိုးသားညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာ ကျော်ဖြတ်ပြီး ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။**

**[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]**



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်း ဓာတ်ပုံ - ထွန်းထွန်းသိန်း

❈ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်းကို စာမျက်နှာ ၄ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမှာစကား ပြောကြားသည်။

**(ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်၏ အမှာစကားကို စာမျက်နှာ ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အမှာစကား ပြောကြားသည်။

**(ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ အမှာစကားကို စာမျက်နှာ ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ခေတ္တဥက္ကဋ္ဌ ဦးစန်းဝင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၂) အပေါ် ပြီးခဲ့သည့် (၃) နှစ်တာ ဆောင်ရွက်ချက်များအရ (၈၅) ရာခိုင်နှုန်းခန့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကော်မရှင်အနေဖြင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအကယ်ဒမီ (IACA)တွင် ၂၀၁၉ ခုနှစ် နှစ်ကုန်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအကယ်ဒမီနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

အဂတိလိုက်စားမှုများကို ထိရောက်စွာလျှော့ချနိုင်ရန်အတွက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းရေး ရှေ့ပြေးစီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့ချိန်က ပြည်ထောင်စုဝန်ကြီးဌာန (၁၄) ခုတွင် ဖွဲ့စည်းခဲ့သော်လည်း ယခုအခါ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/အဖွဲ့အစည်း စုစုပေါင်း (၂၂) ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (၃၆) ဖွဲ့အထိ ဖွဲ့စည်းနိုင်ခဲ့ပြီး လုပ်ငန်းလမ်းညွှန်များကိုလည်း ချမှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်သူတို့၏ တိုင်ကြားစာများကို လက်ခံခြင်း၊ စိစစ်ခြင်း၊ တိုင်ကြားနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ တိုင်ကြားသူများထံ အကြံပြုချက်များနှင့်အတူ ပြန်ကြားပေးခြင်း၊ လက်ခံတွေ့ဆုံ ဆွေးနွေးဖြေရှင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသောကြောင့် ကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် အများပြည်သူများ စိတ်ဝင်စားမှု၊ ယုံကြည်မှုများ တိုးမြှင့်လာခဲ့ပါကြောင်း၊ နိုင်ငံတကာ ပွင့်လင်းမြင်သာမှု အဖွဲ့မှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ထုတ်ပြန်သော တစ်ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှု ဘာရိုမီတာ၌ အာရှဒေသ (၁၇) နိုင်ငံအတွင်း ဆောင်ရွက်ခဲ့သော စစ်တမ်းအရ မြန်မာနိုင်ငံသည် အများပြည်သူများ လက်ခံသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းအဖြစ် အမြင့်ဆုံးအဆင့်ရရှိခဲ့ပြီး အဂတိလိုက်စားမှုအား လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်မှုတွင်လည်း အမြင့်ဆုံးအဆင့် ရရှိခဲ့ပါကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်မှာ “Recover with Integrity” (ဖြောင့်မတ်တည်ကြည်မှုဖြင့် ပြန်လည်ထူထောင်ကြပါစို့) ဟူ၍ ချမှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေး၊ လူမှုရေး အခက်အခဲများကို ကျော်လွှားနိုင်ရန် ဖြောင့်မတ်တည်ကြည်မှု ပိုမိုမြှင့်တင်ခြင်းဖြင့် ပြန်လည်ထူထောင်နိုင်ရေးအတွက် ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများနှင့် ပြည်သူလူထု တစ်ရပ်လုံးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ကော်မရှင်နှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါကြောင်း တင်ပြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Mr. Ola Almgren က ဖတ်ကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ Deputy Resident Representative Ms. Dawn Del Rio က အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC) Country Manager Mr. Benedikt Hofmann က UNODC Executive Director ၏ Video message ကိုပြသ၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Video Clip ကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နေပြည်တော်ပတ်ဝန်းကျင်ရှိ တိုင်းရင်းသားများနေထိုင်သည့်ကျေးရွာများတွင် ခရီးစဉ်ဒေသများဖော်ဆောင်နိုင်ရေး ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကရင်၊ ပအိုဝ်းနှင့် ကယန်းစသည့် တိုင်းရင်းသားအများစု နေထိုင်သော ကျေးရွာ ၁၁ ရွာဖြစ်သည့် ပြည်ထောင်ကိုး ကျေးရွာအုပ်စုအတွင်းရှိ ဝေသာလီကျေးရွာ၊ ပြဒါးချောင်းကျေးရွာနှင့် မြသီတာကျေးရွာများသို့ သွားရောက်ကွင်းဆင်းကြည့်ရှုသည်။



သွားရောက်စဉ် ၎င်းကျေးရွာများအနီးမှ မြင်တွေ့နိုင်သော ခရီးသွားဆွဲဆောင်မှု တစ်ခုဖြစ်သည့် တိမ်ပင်လယ်ရှုခင်းကိုကြည့်ရှု၍ ခရီးသွားများအတွက် အပန်းဖြေနေရာ တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရေးနှင့် အဆိုပါကျေးရွာများအတွင်း လူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism)၊ Trekking and Adventure Tourism နှင့် သဘာဝအခြေခံခရီးသွားများ ဆွဲဆောင်မှုရှိသော ခရီးစဉ်များအဖြစ် ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ကျေးရွာအတွင်းနေထိုင်ကြသော တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင် လုပ်ဆောင်ရမည့် အခြေခံသဘောတရားများ၊ ခရီးသွားလုပ်ငန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ ခရီးသွား အသိပညာများ၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး စသည့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်စေရေးနှင့် ခရီးသွားမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်းတို့ကို ရှင်းလင်းပြောကြား ဆွေးနွေးသည်။

ဆက်လက်၍ မြသီတာကျေးရွာရှိ ခုနစ်ဆင့် ရေတံခွန်သို့ သွားရောက်ပြီး ခရီးသွားများ ကန့်သတ်ထားသည့်ကာလအတွင်း ဒေသတွင်းခရီးသွားများ အပန်းဖြေအနားယူနိုင်စေရန်နှင့် ကိုဗစ်-၁၉ အလွန် ကာလတွင် ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လည်ပတ်သည့်အခါ ကောင်းမွန်သော အပန်းဖြေနေရာတစ်ခုဖြစ်စေရေးအတွက် ရည်ရွယ်၍ ရေတံခွန်ပတ်ဝန်းကျင် သာယာလှပစေရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ရေတံခွန်သို့သွားရာလမ်းတစ်လျှောက် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ရေတံခွန်သို့ လာရောက်လည်ပတ်သည့် ခရီးသွားများ အန္တရာယ်မဖြစ်စေရေးတို့ကို ကျေးရွာတာဝန်ရှိသူများအား ဆွေးနွေးမှာကြားပြီး ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သောအကူအညီများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြဒါးချောင်းကျေးရွာအထက်ရှိ ညောင်လျှောက်ပင်သို့ သွားရောက်ကြည့်ရှု၍ (ဝဲပုံ) ခရီးစဉ်အတွင်း ထည့်သွင်းဆောင်ရွက်နိုင်ရေး ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများနှင့် ကျေးရွာ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

ဒီဇင်ဘာလ (၉) ရက်နေ့မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား အခါသမယကို Virtual Format မှတစ်ဆင့် တက်ရောက်ကြတဲ့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်များ၊ UNODC နှင့် UNDP တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာ့အသိုက်အဝန်းအတွင်း ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံများနည်းတူ မိမိတို့ မြန်မာနိုင်ငံကလည်း ၂၀၁၇ ခုနှစ်ကစတင်ပြီး ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ COVID-19 ကပ်ရောဂါကြောင့် အရင်နှစ်တွေလို လူပုဂ္ဂိုလ်များ တက်ရောက်တဲ့ အခမ်းအနားမျိုး မကျင်းပနိုင်ဘဲ Virtual Format နဲ့သာ ကျင်းပရခြင်း ဖြစ်ပါတယ်။

မိမိတို့အစိုးရအနေနဲ့ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီး (၃)ရပ်စလုံးမှာ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ မျှတမှု၊ တရားဥပဒေစိုးမိုးမှုတို့ ပိုမိုမြင့်မားလာစေရေးကို မျှော်မှန်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံရေးစိတ်ဆန္ဒ ပြင်းပြစွာနဲ့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ယခုဆိုရင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်မှုကြောင့် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့က ပြုလုပ်တဲ့ Global Corruption Barometer ASIA 2020 စစ်တမ်းမှာ အာရှ (၁၇) နိုင်ငံ၌ မြန်မာနိုင်ငံက အဆင့် (၁) နေရာတွင် အမြင့်ဆုံး အသိအမှတ်ပြုခြင်းခံရပါတယ်။

အဂတိလိုက်စားမှုရဲ့ အကျိုးဆက်များဟာ ကြီးမားကျယ်ပြန့်ပြီး ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDGs) များကို ယိုယွင်းပျက်စီးစေခြင်း၊ ဆင်းရဲနွမ်းပါးမှုနဲ့ မညီမျှမှုကို ဖြစ်ပေါ်စေခြင်း၊ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတို့ရဲ့ လုပ်ငန်းစွမ်းဆောင်ရည်များ ကျဆင်းလာစေခြင်း၊ အခြေခံအဆောက်အအုံများ ဆုံးရှုံးခြင်းတို့အပြင် မှန်ကန်မျှတမှုမရှိတဲ့ စီးပွားရေးနဲ့ နိုင်ငံရေးစနစ်များ၊ ရာသီဥတုပြောင်းလဲမှုနဲ့ ဇီဝမျိုးကွဲများ ပျက်စီးမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများကိုလည်း ဖြစ်ပေါ်လာနိုင်စေပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှုဟာ ကမ္ဘာပေါ်ရှိ အုပ်ချုပ်သူအစိုးရများအတွက် ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်ဖို့ လိုအပ်တဲ့ ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံက ထိခိုက်စေနိုင်တဲ့ အဂတိလိုက်စားမှုတွေ လျော့နည်းပပျောက်စေရေးအတွက် မိမိတို့နိုင်ငံမှာ စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ခြင်းကို ဘက်လိုက်မှုမရှိဘဲ ဥပဒေနဲ့အညီ ဆောင်ရွက်နေသလို အသိပညာပေးခြင်းနဲ့ တားဆီးကာကွယ်ခြင်း အစီအစဉ်အနေနဲ့လည်း ပြည်ထောင်စုဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေမှာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်သူလူထုအတွင်း ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးအစီအစဉ်တွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့မြင်ရပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လည်း ကော်မရှင်ရဲ့ အခြေခံအဆောက်အအုံလိုအပ်ချက်ပြည့်စုံရေးအတွက် နိုင်ငံတကာအဆင့်အတန်းမီ ကော်မရှင်ရုံးသစ် (နေပြည်တော်)ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်တွေမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို ပြည်သူလူထုနဲ့ နီးနီးကပ်ကပ် ပူးပေါင်းပြီး ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ယခုနှစ်အတွင်း မွန်ပြည်နယ်၊ မော်လမြိုင်မြို့နဲ့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တို့မှာ ကော်မရှင်ရုံးခွဲများကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ အဂတိလိုက်စားမှုဟာ နိုင်ငံတစ်နိုင်ငံတည်းမှာသာ သီးခြားဖြစ်ပေါ်နေတဲ့ ကိစ္စရပ်တစ်ခု မဟုတ်တော့ဘဲ လူ့အဖွဲ့အစည်းများအားလုံးနဲ့ စီးပွားရေးစနစ်များကို ထိခိုက်စေတဲ့ နိုင်ငံဖြတ်ကျော် အမှုအခင်းမျိုးတွေလည်း ရှိနေပါတယ်။ ဒါကို ကာကွယ်တားဆီးဖို့နဲ့ ထိန်းချုပ်နိုင်ဖို့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ နိုင်ငံအချင်းချင်း၊ ဒေသတွင်း အဖွဲ့အစည်းများအချင်းချင်း သဘောတူညီချက်များ တိုးမြှင့်ချုပ်ဆိုခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အထူးသဖြင့် နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (IACA) ကို ၂၀၁၉ ခုနှစ်မှာ (၇၉) ခုမြောက် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခဲ့ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

အဂတိကင်းစင်တဲ့ လူ့အသိုင်းအဝိုင်း ဖြစ်လာရေးမှာ ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့ပါးသွားအောင် အဂတိလိုက်စားမှုဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေးတိုက်ဖျက်ရမှာ ဖြစ်သလို၊ နောင်အနာဂတ်မှာ ပပျောက်သွားအောင်ပါ လိုအပ်တဲ့ ပြင်ဆင်၊ စီမံ၊ ဆောင်ရွက်မှုတွေကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အထူးအားဖြင့် အဂတိလိုက်စားမှုတွေဟာ ဘယ်လိုအကြောင်းအချက်တွေကြောင့် ဖြစ်ပေါ်လာရတာလဲဆိုတဲ့ အဂတိကို လက်ယပ်ခေါ်နေတဲ့ ရေခံမြေခံတွေ မှန်သမျှ ဖယ်ထုတ်နိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ ကိုင်တွယ်အသုံးပြုရာမှာ အသုံးပြုသူများကသာ လိုသလို ဆွဲယူအသုံးချနိုင်တဲ့၊ အလွန်ရှုပ်ထွေးပြီး လူအများ နားလည်ရခက်ခဲနေတဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်တွေ၊ စည်းမျဉ်း စည်းကမ်းတွေကို အများပြည်သူ လွယ်ကူရှင်းလင်းစွာ သိနားလည်တဲ့ ဖော်ပြချက်တွေနဲ့ ပြုပြင်ဖို့တွေလည်း ပါဝင်လာမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာမှာ ထည့်သွင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အဂတိလိုက်စားမှုကို နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာ တိုက်ဖျက်ခြင်းအပြင် အဂတိလိုက်စားမှုကို ဆန့်ကျင်တဲ့ ယဉ်ကျေးမှုအလေ့အထကို ပြည်သူတွေ လက်ခံကျင့်သုံးလာတာနဲ့အမျှ အများပြည်သူဆိုင်ရာ အုပ်ချုပ်မှုကိစ္စရပ်များနဲ့ ပြည်သူ့ဘဏ္ဍာများကို နည်းလမ်းတကျ စီမံခန့်ခွဲနိုင်ခြင်း၊ မျှတခြင်း၊ တာဝန်ယူခြင်း၊ ဥပဒေရှေ့မှောက်မှာ တန်းတူရည်တူရှိမှုနဲ့ ဖြောင့်မတ်တည်ကြည်မှုကို ထိန်းသိမ်းစောင့်ရှောက်လာနိုင်ခြင်း စတဲ့အကျိုးကျေးဇူးများ ရရှိလာမှာ ဖြစ်ပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အားလုံးပါဝင်ပြီး စနစ်တကျနဲ့ ရေရှည်ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာရေးဆွဲချမှတ်နိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဟာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့က တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဦးဆောင်ကော်မတီနဲ့ အထောက်အကူပြုလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

> **"အဂတိလိုက်စားမှုရဲ့ အကျိုးဆက်များဟာ ကြီးမား ကျယ်ပြန့်ပြီး ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်(SDGs)များကို ယိုယွင်းပျက်စီးစေခြင်း၊ ဆင်းရဲနွမ်းပါးမှုနဲ့ မညီမျှမှုကို ဖြစ်ပေါ်စေခြင်း၊ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတို့ရဲ့ လုပ်ငန်းစွမ်းဆောင်ရည်များ ကျဆင်းလာစေခြင်း၊ အခြေခံအဆောက်အအုံများ ဆုံးရှုံးခြင်းတို့အပြင် မှန်ကန်မျှတမှုမရှိတဲ့ စီးပွားရေးနဲ့ နိုင်ငံရေးစနစ်များ၊ ရာသီဥတုပြောင်းလဲမှုနဲ့ ဇီဝမျိုးကွဲများ ပျက်စီးမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ လက်နက်ကိုင် ပဋိပက္ခများကိုလည်း ဖြစ်ပေါ်လာနိုင်စေပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှုဟာ ကမ္ဘာပေါ်ရှိ အုပ်ချုပ်သူအစိုးရများအတွက် ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်ဖို့ လိုအပ်တဲ့ ကြီးမားတဲ့ စိန်ခေါ်မှု တစ်ရပ်ဖြစ်"**

အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းဟာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးမားဆုံးသော အတားအဆီးများအနက်တစ်ခုကို ဖယ်ရှားခြင်း ဖြစ်ပါတယ်။ ကုလသမဂ္ဂက ချမှတ်ထားတဲ့ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) မှာလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအရေးပါမှုကို ပန်းတိုင် (၁၆) မှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၂၀၁၈-၂၀၃၀၊ မဏ္ဍိုင်(၁) ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုရဲ့ မဟာဗျူဟာ-၁-၄ မှာလည်း ကောင်းမွန်တဲ့အုပ်ချုပ်မှု၊ အဖွဲ့အစည်းများရဲ့ စွမ်းဆောင်မှုနှင့် အဆင့်တိုင်းမှာ ဆုံးဖြတ်ချက်များ ထိရောက်စွာ ချမှတ်နိုင်မှုတို့ တိုးတက်ဖြစ်ပေါ်လာစေရေးဆိုပြီး ပြည်သူ့ဝန်ထမ်းတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ အဂတိကင်းစင်စွာနဲ့ စွမ်းဆောင်ရည်မြင့်မားမှန်ကန်စွာ နိုင်ငံအကျိုးသယ်ပိုးတဲ့ အလေ့အကျင့်ကောင်းတွေ ဖြစ်လာအောင် ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။

ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ရဲ့ ဆောင်ပုဒ်က ကမ္ဘာ့ကပ်ရောဂါကာလ အချိန်အခါနဲ့ ကိုက်ညီစွာ **"ဖြောင့်မတ်တည်ကြည်မှုဖြင့် ပြန်လည်ထူထောင်ကြပါစို့" "Recover with Integrity"** ဖြစ်တဲ့အတွက် ဆောင်ပုဒ်နဲ့အညီ COVID-19 ကပ်ရောဂါကြောင့် မိမိတို့နိုင်ငံမှာ တွေ့ကြုံနေရတဲ့ စီးပွားရေး၊ လူမှုရေး အခက်အခဲများနဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာမှာ ဖြောင့်မတ်တည်ကြည်မှု၊ အဂတိကင်းစင်မှုဖြင့် ဆောင်ရွက်ကြဖို့နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်တို့က တာဝန်ရှိသူများနဲ့ ပြည်သူလူထုတစ်ရပ်လုံးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို တက်ညီလက်ညီဖြင့် ဆက်လက်တိုးမြှင့် ပူးပေါင်းဆောင်ရွက်ကြဖို့ အလေးအနက် တိုက်တွန်းအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

---

❀ကျောဖုံးမှ

ဝန်ကြီးဌာန၊ တံတားဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းလင်းထံ ပေးအပ်ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်တို့က တံတားကမွှည်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ သံတောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက်၊ ရွှေစွမ်းအင်ကုမ္ပဏီတာဝန်ခံ ဦးဝင်းမောင်တို့က ပလက်ဝတံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။ ယခင်က သံတောင်မြို့မှ ဘောဂလိမြို့သို့ သွားရာတွင် ပလက်ဝချောင်းကို ဇက်ဖြင့်ကူးကာ သွားလာခဲ့ရပြီး ယခုအချိန်တွင် တံတားတည်ဆောက်ပြီးဖြစ်ရာ ဘောဂလိမြို့ပေါ်နှင့် ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာ ၈၂ ရွာအတွက် ဒေသထွက်ကုန်များ၊ ကုန်စည်စီးဆင်းမှုနှင့် ပြည်သူများ သွားလာရေးလွယ်ကူလျင်မြန်စေပြီး ဒေသခံပြည်သူများအတွက် လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အဆိုပါ ပလက်ဝတံတားကို ရွှေစွမ်းအင်ကုမ္ပဏီနှင့် Asia World Foundation တို့ ပူးပေါင်းတည်ဆောက်ခဲ့ပြီး ကွန်ကရစ်သံပေါင်တံတား အမျိုးအစားဖြစ်ကာ တံတားအရှည် ၇၉၈ ပေ ၊ အကျယ်ပေ ၃၀၊ အမြင့် ၁၂၃ ပေ၊ နှစ်လမ်းသွားဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

ဒီနေ့ကျင်းပပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ United Nations Office on Drugs and Crime–UNODC၊ United Nations Development Programme– UNDP နဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုလို Covid–19 ကပ်ရောဂါဖြစ်ပေါ်နေတဲ့ကာလမှာ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာ့အသိုက်အဝန်းအတွင်း ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများနည်းတူ မိမိတို့မြန်မာနိုင်ငံကလည်း Online မှတစ်ဆင့် ကျင်းပနိုင်ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ မိမိတို့ရဲ့ နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးနဲ့ တည်ဆောက်ရေးခရီးကြမ်းကို ပြည်သူလူထုအခြေပြုနည်းလမ်းများဖြင့် လျှောက်လှမ်းလျက်ရှိကြတဲ့ လက်ရှိအခြေအနေမှာ နှစ်ကာလရှည်ကြာစွာ အမြစ်တွယ်ရှင်သန်နေတဲ့ အဂတိလိုက်စားမှု ပြဿနာဟာလည်း ဦးစားပေးဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ ပြည်ထောင်စုလွှတ်တော်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ဖွဲ့စည်းခြင်းကိုလည်း ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုပေးနိုင်ခဲ့ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရာမှာ ပိုမိုထိရောက်ပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်စေရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေများကို စတုတ္ထအကြိမ်အထိ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။ ဒီလို ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ခဲ့တဲ့အတွက် ကော်မရှင်ဟာ တံစိုးလက်ဆောင် ယူသူရော၊ ပေးသူပါ မည်သူမဆိုကို အရေးယူနိုင်ခြင်း၊ ပြည်သူ့ဘဏ္ဍာရန်ပုံငွေ ဆုံးရှုံးမှုအချို့ကို အကာအကွယ်ပေးလာနိုင်ခြင်း၊ အများပိုင်နှင့် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လုပ်ငန်းဆိုင်ရာကျင့်ဝတ် ချမှတ်ကျင့်သုံးရေး စတင်ဆောင်ရွက်နိုင်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို အခြေခံပညာမူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက်ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း စသည့် မြန်မာနိုင်ငံတစ်ဝန်းလုံး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ရေရှည်မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် လမ်းပွင့်စေခဲ့ပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြလာသည့် နှစ်ပတ်လည်အစီရင်ခံစာများကို လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းဖြင့် အများပြည်သူကို သိရှိစေပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်မှာ တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဂတိလိုက်စားမှုဟာ မျက်မှောက်ခေတ်ကာလမှာ နိုင်ငံအတော်များများကို ပျက်စီးယိုယွင်းစေတဲ့ အခြေခံပြဿနာတစ်ရပ်ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ လူအများက အဂတိလိုက်စားခြင်းဆိုတာကို လာဘ်စားခြင်းတစ်ခုတည်းဟုသာ အမြင်မှား၊ အသိမှားနေတတ်ကြပြီး အမှန်တကယ်တော့ အဂတိတရား လေးပါးဖြစ်တဲ့ ဆန္ဒဂတိ၊ ဒေါသဂတိ၊ မောဟဂတိနဲ့ ဘယာဂတိ အားလုံး ပါဝင်သက်ဆိုင်ပါတယ်။

ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနဲ့ စုံစမ်းစစ်ဆေးအရေးယူ ဆောင်ရွက်ခြင်း စတဲ့လုပ်ငန်းစဉ်များနဲ့ တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အတွက် ဥပဒေပြုရေးမဏ္ဍိုင်ကိုယ်စား အသိအမှတ်ပြုကြောင်းလည်း ပြောကြားလိုပါတယ်။ ပြည်ထောင်စုအဆင့်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများအနေနဲ့ သက်ဆိုင်ရာမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့ကျင့်သုံးမှု အခြေအနေများပေါ်မူတည်၍ အမြဲမပြတ်သုံးသပ်ပြီး အဂတိလိုက်စားနိုင်ခြေ ရှိ၊ မရှိ လေ့လာဆန်းစစ်မှု (Corruption Risk Assessment– CRA) ကို တာဝန်ရှိသူ အဆင့်ဆင့်က ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

အားလုံးပူးပေါင်းပါဝင်ပြီး အဂတိလိုက်စားမှု လျော့နည်းပပျောက်ရေးကို



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

အလေးထား တိုက်ဖျက်ကြခြင်းဖြင့် အဂတိလိုက်စားမှုကင်းစင်တဲ့ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်စေနိုင်ပြီး တရားဥပဒေစိုးမိုးမှုရှိတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကိုပါ ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်မှာပါရှိတဲ့ ရည်မှန်းချက်ပန်းတိုင် ၁၇ ခုထဲက ပန်းတိုင် ၁၆ ခုမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးရဲ့ အရေးပါမှုကို ထင်ရှားစွာ သတ်မှတ်ဖော်ပြထားပါတယ်။

မိမိတို့ရဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးအတွက်ဆိုရင် ငြိမ်းချမ်းသာယာပြီး အားလုံးပါဝင်တဲ့ လူမှုအဖွဲ့အစည်းများ မြှင့်တင်ရေး၊ တရားမျှတမှုကို လက်လှမ်းမီနိုင်စွာ ဖော်ဆောင်နိုင်ရေးနဲ့ အဆင့်တိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိရေးစတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အခြေခံလုပ်ငန်းစဉ်များမှာ အာလုံးပါဝင်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားမှစပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရဲ့ “အဂတိ ဖယ်ခွာ ပြည်သာယာ” ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အမိနိုင်ငံတော် ငြိမ်းချမ်းသာယာစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြတဲ့ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနဲ့ ပြည်သူလူထုတစ်ရပ်လုံး အဂတိလိုက်စားမှု အကျင့်ဆိုးကို ဝိုင်းဝန်းပြုပြင်တိုက်ဖျက်ပြီး အဂတိကင်းစင်တဲ့ လူ့ဘောင်ကို အတူတကွ ထူထောင်ကြပါစို့လို့ အလေးအနက် ဆန္ဒပြုတိုက်တွန်းအပ်ပါတယ်။

**“အဂတိလိုက်စားမှုဟာ မျက်မှောက်ခေတ်ကာလမှာ နိုင်ငံအတော်များများကို ပျက်စီးယိုယွင်းစေတဲ့ အခြေခံပြဿနာတစ်ရပ်ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ လူအများက အဂတိလိုက်စားခြင်းဆိုတာကို လာဘ်စားခြင်းတစ်ခုတည်းဟုသာ အမြင်မှား၊ အသိမှားနေတတ်ကြပြီး အမှန်တကယ်တော့ အဂတိတရား လေးပါးဖြစ်တဲ့ ဆန္ဒဂတိ၊ ဒေါသဂတိ၊ မောဟဂတိနဲ့ ဘယာဂတိ အားလုံးပါဝင်သက်ဆိုင်”**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

ယနေ့ကျင်းပပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစိုးရဌာန/အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ UNDP နှင့် UNODC တို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာချမ်းသာသုခနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုတဲ့ နိုင်ငံတော်အာဏာ ၃ ရပ်မှာ တရားစီရင်ရေးအာဏာကို အပ်နှင်းခြင်းခံရတဲ့ တရားရုံးများ၊ တရားသူကြီးများအနေနဲ့ ပြည်သူများ ကြုံတွေ့နေရတဲ့ မှုခင်းများကို တရားစီရင်ရေးလမ်းကြောင်းပေါ်မှ ဥပဒေနဲ့အညီ မှန်မှန်ကန်ကန်နဲ့ အဂတိတရားများ မလိုက်စားဘဲ ဖြေရှင်းပေးနိုင်မှသာလျှင် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို အပြည့်အဝရရှိမှာဖြစ်ပါတယ်။

တရားစီရင်ရေးစနစ်သည် မျှတပြီး ဘက်လိုက်မှု ကင်းရှင်းစွာဖြင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်မှသာ တရားစီရင်ရေးဆိုင်ရာ အခြေခံမှုများကို




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး

ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်မှာ တရားစီရင်ရေးမဏ္ဍိုင် တည်တံ့ခိုင်မြဲ၍ တရားစီရင်ရေး၌ ဖြောင့်မတ်မှန်ကန်မှသာလျှင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုတဲ့ အခြေခံအခွင့်အရေးများကို ပြည်သူများ ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်လည်း "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်နဲ့ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနဲ့ ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် ရည်မှန်းချက်ထားရှိပြီး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး၊ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေးဟူသည့် တရားစီရင်ရေး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူအများအနေနဲ့ တရားစီရင်ရေးစနစ်အပေါ် ယုံကြည်ကိုးစားလာစေရန်နှင့် ယုံကြည်ကိုးစားမှုကို တိုးမြှင့်လာစေရန်အတွက် တရားသူကြီးများသည် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း တရားရုံးဂုဏ်သိက္ခာကို ထိန်းသိမ်းရန်အတွက် လွတ်လပ်မှု၊ သာတူညီမျှရှိမှု၊ စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု၊ သမာသမတ်ကျမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ဂုဏ်သိက္ခာရှိမှု စတဲ့တရားစီရင်ရေးကျင့်ဝတ်များကို လေးစားလိုက်နာ စောင့်ထိန်းကြရမှာ ဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဆက်စပ်လျက်ရှိတဲ့ တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များကလည်း မိမိတို့စောင့်ထိန်းလိုက်နာရမယ့် ကျင့်ဝတ်များကို လေးစားလိုက်နာ စောင့်ထိန်းကြဖို့လိုမှာ ဖြစ်ပါတယ်။ *စာမျက်နှာ ၉ သို့*

# နှစ်တစ်ရာပြည့် မြို့မ အမျိုးသားကျောင်း

ဒေါက်တာသန်းဦး

**"နာဂတ် သက်သေ၊ ကမ္ဘာကြေလည်း၊**
**မကျေ တို့စွာ၊ အံ့မောရာသည်၊**
**နောင်လာပြောဖို့၊ ဥဒါန်းတည်း။"**

မန်လည်ဆရာတော်ဘုရားကြီး
မဟာသုတကာရီ မဃဒေဝလင်္ကာသစ်
အပုဒ် (၇၈)၊ စာ ၄၈။

၁။

**သမိုင်းနောက်ခံ**

မြန်မာနိုင်ငံတွင် မြန်မာ့သမိုင်းတစ်လျှောက် မြန်မာ့ဘုန်းတော်ကြီးကျောင်းများက ပညာသင်ကြား ပို့ချပေးခြင်း၊ အတတ်ပညာများကို သင်ကြားလေ့ကျင့်ပေးခြင်း၊ ကိုးကွယ်သည့် ဘာသာတရားနှင့်အညီ ယဉ်ကျေးအောင် ဆိုဆုံးမပေးခြင်း စသည်တို့ကို ပြုလုပ်ခဲ့သည်။ မြန်မာ့ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးတရားကြောင့် မြန်မာနိုင်ငံသားအများ စာတတ်ကြသည်။ ပညာတတ်ကြသည်၊ သက်မွေးဝမ်းကျောင်း အတတ်ပညာများလည်း တတ်မြောက်လာကြသည်။ မြန်မာတို့ ယဉ်ကျေးသိမ်မွေ့ကြသည်မှာ မြန်မာ့သမိုင်း၌ အထင်အရှားတွေ့ရှိခဲ့ရသည်။

တစ်ဆယ့်ရှစ်ရာစု၊ တစ်ဆယ့်ကိုးရာစု ကာလတွင် အနောက်နိုင်ငံများမှ **သာသနာပြုသူများ** (MISSIONARY) မြန်မာနိုင်ငံသို့ ရောက်ရှိလာ၍ သာသနာပြုကြရင်း သာသနာပြုကျောင်းများ (MISSIONARY SCHOOLS) များ တည်ထောင်ဖွင့်လှစ်ကြ၍ ဘာသာတရားသင်ကြားမှုနှင့်အတူ အနောက်တိုင်း ယဉ်ကျေးမှုများ ပြန့်ပွားထွန်းကားလာခဲ့သည်။

အဆိုပါကာလအတွင်း အနောက်နိုင်ငံများမှ အာရှသို့ နယ်သစ်ရှာလာကြသော **ကုန်သည်များ** (Merchants) သည်လည်း မြန်မာနိုင်ငံသို့ ရောက်ရှိလာ၍ ကုန်ရောင်းကုန်ဝယ်မှုပြုလာရင်း မြန်မာနိုင်ငံသားများနှင့် အငြင်းပွားမှု၊ အချင်းများမှုတို့ပင်လျှင် ရှိလာခဲ့သည်။

ထိုအငြင်းပွားမှု၊ အချင်းများမှုတို့ကို အကြောင်းပြု၍ အနောက်နိုင်ငံမှ နယ်ချဲ့သမားတို့သည် **လက်နက်ကိုင်များ** (Mililary) တပ်ဖွဲ့များ စေလွှတ်ကာ ကျူးကျော်စစ်များကို ဖန်တီး၍ လက်နက်အားကိုးဖြင့် သုံးကြိမ်တိုင် မြန်မာနိုင်ငံကို စစ်ပြုကျူးကျော်တိုက်ခိုက် သိမ်းပိုက်စိုးမိုးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည်လည်း ဆုံးရှုံးခဲ့ရသည်။ အထက်တွင် တင်ပြခဲ့သော M သုံးလုံးကို အထူးမှတ်သားသတိထားမိပါသည်။

ဗြိတိသျှနယ်ချဲ့သမားတို့သည် မြန်မာနိုင်ငံကို ကိုလိုနီအဖြစ် ထာဝရကျွန်ပြုစိုးမိုးထားနိုင်ရေးအတွက် **လော့မက်ကောလေး** (Lord Macalay) (၁၈၃၅) ၏ ပညာရေးမူဝါဒအရ ကိုလိုနီပညာရေးစနစ်ကို သွတ်သွင်းချမှတ်ကျင့်သုံး (၁၈၆၆) ခဲ့သည်။ ကိုလိုနီပညာရေးစနစ်ကြောင့် မြန်မာနိုင်ငံသားအများအပြားမှာ စာမတတ်ခြင်း၊ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်များ တစ်စတစ်စ ခေါင်းပါးလာရခြင်း၊ ရောဂါဘယ ထူပြောလာခြင်း၊ ဆင်းရဲမွဲတေလာခြင်း တည်းဟူသော ဆိုးကျိုးအနိဋ္ဌာရုံများမှာ ဗြိတိသျှတို့လက်အောက် ကျွန်သဘောက်ဘဝတွင် တစ်နေ့တခြား တိုးပွား များပြားလာခဲ့ရပါသည်။

၂။

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁) ရက်၊ ဗုဒ္ဓဟူးနေ့တွင်၊ ကန့်ကွက်နေမှုများကြားက၊ ရန်ကုန်တက္ကသိုလ် ဥပဒေကို ဇွတ်အတည်ပြုခဲ့သည်။ ထိုဥပဒေအရ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၇) ရက်၊ အင်္ဂါနေ့တွင် ရန်ကုန်တက္ကသိုလ်ကျောင်းကို ဖွင့်လှစ်ရန် ကြေညာသည်။ အဆိုပါ ရန်ကုန်တက္ကသိုလ် ဥပဒေကို လက်မခံနိုင်သည့် သပိတ်မှောက်ကောလိပ်ကျောင်းသားကြီးများ (ဘွိုင်ကော်တာများ) က တက္ကသိုလ်ကျောင်း မဖွင့်မီနှစ်ရက်စော၍ **မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်** ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၅) ရက် တနင်္ဂနွေနေ့တွင် စတင်သပိတ်မှောက်၍ တက္ကသိုလ်ကျောင်းမှ ထွက်ခွာလာခဲ့ကြသည်။

ထိုနေ့သည်ကား မြန်မာနိုင်ငံသမိုင်းနှင့် မြန်မာ့ပညာရေးသမိုင်းတွင် အဓိကရ ထင်ထင်ရှားရှား၊ သမိုင်းတွင်ရစ်သည့်၊ သမိုင်းတင်ထားရသည့် **သမိုင်းဝင်**နေ့ကြီးတစ်နေ့ဖြစ်လာပါသည်။ ထိုနေ့ကိုပင် အကြောင်းပြု၍ နောင်တွင် မြန်မာနိုင်ငံ၌ **"အမျိုးသားနေ့"** (နေရှင်နယ်ဒေး) (National Day) အဖြစ် အညီအညွတ် သတ်မှတ်ခဲ့၍ နှစ်စဉ်နှစ်တိုင်း အမျိုးသားအောင်ပွဲနေ့ကို မပျက်မကွက် ကျင်းပလျက်ရှိပါသည်။

၃။

ရန်ကုန်တက္ကသိုလ် ပထမကျောင်းသားသပိတ် လှုပ်ရှားမှုကြီး၏ ရလဒ်အဖြစ် **အမျိုးသားရေးစနစ်**ကြီး၏ အမြုတေဟု ဆိုအပ်သော **"အမျိုးသားကျောင်း"** အမျိုးသားပညာရေးဗိမာန်ကို သပိတ်မှောက်ကျောင်းသားကြီးများက ဦးစီးဦးဆောင်ပြုကာ ဗဟန်းကျောင်းတော်ရာ၊ ရွှေကျင်တိုက်၊ ဦးအရိယကျောင်းတွင် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် နတ်တော်လဆန်း (၇) ရက်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁၇) ရက် သောကြာနေ့ နံနက် ၁၀ နာရီတိတိအချိန်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်။

ထိုနေ့သည်ကား မြန်မာနိုင်ငံတွင် **"အမျိုးသားကျောင်း"** ကို စတင်ထူထောင်သော နေ့ထူးနေ့မြတ် တစ်ရပ်ဖြစ်လာပါသည်။

**"မင်္ဂလာ မြန်မာတိုင်းတွင်ဖြင့် ကောင်းမြတ်ဖို့ ထူ"** ဟူသော အမျိုးသားကျောင်းဘွဲ့ မင်္ဂလာစည်တော်၌ သမိုင်းဝင်မှတ်တမ်းတင်ထားခဲ့ပါသည်။

**"မြို့မတိုင်းရင်းသား အထက်တန်းကျောင်း"** ဟူသော အမည်သစ်ကိုမူ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် ပြာသိုလပြည့်ကျော် (၇)ရက်၊ ၁၉၂၁ ခုနှစ် မတ်လ (၁) ရက် အင်္ဂါနေ့၌ ခံယူကြောင်း သမိုင်း အထောက်အထားများ တွေ့ရှိရသဖြင့် ထပ်လောင်းသိရှိမှတ်သားထားရပါသည်။

မြို့မ အမျိုးသားကျောင်း ထူထောင်မှုနှင့် မရှေးမနှောင်းကာလအတွင်း နိုင်ငံတစ်ဝန်း၌ သပိတ်မှောက် ကျောင်းသားကြီးများ၏ ဦးစီးဦးဆောင်မှုဖြင့် အမျိုးသားကျောင်းပေါင်း (၉၃) ကျောင်း ပေါ်ထွန်းလာခဲ့ပါသည်။ ဝမ်းမြောက်ဂုဏ်ယူဖွယ် ကောင်းလေစွ။

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသား **ပထမသပိတ်မှောက်မှု**နှင့် တစ်ဆက်တည်း သပိတ်မှောက် ကျောင်းသားများ တက္ကသိုလ်ဆက်မတက်ဘဲ **အမျိုးသားကျောင်းများ** နိုင်ငံတစ်ဝန်း ထူထောင်မှုသည်–

(က) နယ်ချဲ့ဗြိတိသျှတို့အား၊ မြန်မာတို့၏ မဟုတ်မခံ သူ့ကျွန်မခံ၊ အံ့ကြွတွန်းလှန်မှုဖြင့် ပထမအကြိမ် **စိန်ခေါ်လိုက်**သည့် **လှုပ်ရှားမှု**ကြီး တစ်ရပ် ဖြစ်လာသောကြောင့် နယ်ချဲ့ဗြိတိသျှတို့အဖို့ များစွာ တုန်လှုပ် ချောက်ချားသွားစေသည့် **ပထမအကျိုးတရား**သည် ထင်ရှားပေါ်ထွက်လာစေခဲ့သည်။

(ခ) သွေးအေးနေသော၊ မီးခဲပြာဖုံးဖြစ်နေသော မြန်မာတစ်မျိုးသားလုံးအား ဤတက္ကသိုလ်ကျောင်းသားသပိတ် (တစ်နိုင်ငံလုံးရှိ အခြေခံပညာသင် ကျောင်းသားများပါ ပါဝင်သပိတ်မှောက်မှု) ကြီးက **တိုက်ပွဲခေါ်သံ**အဖြစ် တစ်မျိုးသားလုံးကို လှုပ်နှိုးတပ်လှန့်လိုက်မှုဖြင့် ဝံသာနုရက္ခိတတရား၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်တို့ကို ထက်သန်လာစေသည့် **ဒုတိယအကျိုးတရား** တစ်ရပ် ထင်ရှားထွက်ပေါ်လာစေခဲ့သည်။

ဤပထမသပိတ်မှောက်မှုနှင့် အမျိုးသားကျောင်းများ ထူထောင်မှု၏ အကျိုးရလဒ်သည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေး၊ လွတ်လပ်ရေးကြိုးပမ်းလှုပ်ရှားရေးတို့အတွက် ကြီးမားသော **မောင်းနှင်အား** (Drive) တစ်ရပ်လည်း ဖြစ်လာပေသည်။ ဤသို့ သုံးသပ်ရရှိပါသည်။

**ရာပြည့်အမျိုးသားကျောင်း**

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁၇) ရက်၊ သောကြာနေ့တွင် ကောင်းစွာ၊ သန္ဓေတည် မွေးဖွားခဲ့သည့် **"မြို့မ အမျိုးသားကျောင်း"** ကြီးသည် လာမည့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၂၀) ရက်၊ တနင်္ဂနွေနေ့တွင် ကျောင်းသက်တမ်းအားဖြင့် **"နှစ်တစ်ရာ"** တိတိပြည့်မည် ဖြစ်ပါသည်။

ဤကြုံတောင့်ကြုံခဲလှ၊ ဆုံတောင့်ဆုံခဲလှသော **"မြို့မအမျိုးသားကျောင်းရာပြည့်"** အထိမ်းအမှတ်အခမ်းအနားကို **"ရာပြည့်သဘင်"** အဖြစ် အထူးအမှတ်တရအနေဖြင့် ခြိမ့်ခြိမ့်သဲသဲ၊ တစ်ခဲနက် ဆင်နွှဲကျင်းပကြရ ဆန်းစစ်သုံးသပ် မှတ်တမ်းတင်မှုပြုလုပ်အပ်ပါသည်။

**"မြို့မ အမျိုးသားကျောင်း"** (၁၉၂၀ ပြည့်နှစ်) အဖြစ် စတင်ရပ်တည်လာစဉ်က မြို့မအမျိုးသားကျောင်း၏ ပတ်လည်ဝန်းကျင်၌ စိန့်ပေါ၊ စိန့်ဂျွန်၊ စိန့်မေရီ၊ စိန့်ဖင်နိုမင်နာ စသည့် စိန့်သာသနာပြုပုဂ္ဂလိက ကျောင်းများ၊ ဘက်ပတစ် မက်သဒစ် စသည့် သာသနာပြု ပုဂ္ဂလိကကျောင်းများ၊ ဗဟိုအစိုးရ အထက်တန်း ကျောင်းကဲ့သို့သော အစိုးရကျောင်းများ ဝိုင်းဝိုင်းလည် တည်ရှိနှင့်ပြီး ဖြစ်နေသည်။ ထိုထိုသော ပုဂ္ဂလိက ကျောင်းများနှင့် **ရင်ဆိုင်ယှဉ်ပြိုင်** နေရပါသည်။ ထိုထိုသော ပုဂ္ဂလိကနှင့် အစိုးရကျောင်းများ၏ အလယ်တွင် တင့်တင့်တည်တည် ထည်ထည်ဝါဝါ မားမားမတ်မတ် **ထီးထီးကြီး** ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ရှင်သန်နိုင်အောင်၊ ကြီးထွား၊ ကြီးမားသော အောင်မြင်မှုကို ရရှိနိုင်အောင်၊ သတ္တိရှိရှိ၊ ဖွဲ့လုံ့လ၊ ဝီရိယ၊ စွမ်းအား၊ စွမ်းပကားတို့ဖြင့် စွမ်းစွမ်းတမံ အထူးကြိုးစားကာ အားသွင်း၊ အားထည့်၊ အားထုတ်ခဲ့မှု ဆောင်ရွက်မှု အရပ်ရပ်ကို ယခုအခါ **"ခါချိန်တန်သင့်၊**

မည်သာ ဖြစ်ပါကြောင်း...။

၄။

"မြို့မအမျိုးသားကျောင်း" ကြီးကို ထိုကဲ့သို့ စတင်ထူထောင်၍ နှစ်ပေါင်းတစ်ရာ ကာလတစ်လျှောက် ယခုကဲ့သို့ မားမားမတ်မတ် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်လာခဲ့မှုကို ယခုအခါ ကောင်းစွာ ပြန်လည်သတိတရ

**ပန်းနှယ်ပွင့်"** ဟူသော ဆိုရိုးစကားနှင့်အညီ မြန်မာ့အမျိုးသားဂုဏ်ရောင်ကို ထွန်းပြောင်စေသည့် ဂုဏ်ဆောင်ကျောင်းတော်ကြီးအဖြစ် ကျောင်းတော်ကြီး၏ ရာပြည့်ကာလသမယ၌ နှစ်ထောင်းအားရ၊ ဝမ်းမြောက်ဝမ်းသာ နှစ်နှစ်ကာကာ ဂုဏ်ပြုအပ်ပါသည်။



မြန်မာအမျိုးသားကျောင်းများ ပေါ်ပေါက်အစပြုရာ ရန်ကုန်မြို့ရှိ မြို့မအမျိုးသားကျောင်းကို တွေ့ရစဉ်။

**"မြို့မ အမျိုးသားကျောင်း ထူထောင်မှုနှင့် မရှေးမနှောင်းကာလအတွင်း နိုင်ငံတစ်ဝန်း၌ သပိတ်မှောက် ကျောင်းသားကြီးများ၏ ဦးစီး ဦးဆောင်မှုဖြင့် အမျိုးသားကျောင်း ပေါင်း (၉၃) ကျောင်း ပေါ်ထွန်း လာခဲ့ပါသည်။ ဝမ်းမြောက် ဂုဏ်ယူဖွယ် ကောင်းလေစွ"**

စာမျက်နှာ ၇ သို့

## မြို့မအမျိုးသားကျောင်းတံဆိပ်

MYOMA CO-EDUCATIONAL SCHOOL RANGOON

National School

*စာမျက်နှာ ၆ မှ*

မြို့မအမျိုးသားကျောင်းတံဆိပ် (Logo) တွင် တံဆိပ်၏ထိပ်ဆုံး၌ **"ပညာရှိရှင်ပွဲလယ်တင်"** ဟူသော စာသားပါရှိသည်။ ထိုစာသားအောက်တွင် ကမ္ဘာ့အထိမ်းအမှတ်ဖြစ်သော နေ (ဒေါင်း)၊ လ (ယုန်) ရုပ်တို့ကို ဒိုင်းပေါ်တွင်တင်၍ ဖော်ပြထားပါသည်။ ဒိုင်းကြီး၏ အတွင်းထိပ်တွင် "Knowledge is Power" ဟူသော စာသားကိုလည်း ဖော်ပြထားသည်။ ဒိုင်းကြီး၏အတွင်း၌ မြို့မအမျိုးသမီး အမျိုးသားကျောင်း ရန်ကုန်ဟူသော စာသားကိုလည်း ဖော်ပြထားသည်။ ဒိုင်းကြီး၏ တစ်ဖက်တစ်ချက်၌ အားမာန်အပြည့်သတ္တိရှိရှိဖြင့် မျက်နှာချင်းဆိုင်အသင့် ရင်ဆိုင်ထိုင်နေကြသော ခြင်္သေ့ရုပ်ကြီးနှစ်ရုပ် ပါရှိပါသည်။ ထိုကျောင်းတံဆိပ်အောက်ပိုင်း၌မှ "MYOMA CO- EDUCATIONAL SCHOOL" ထိုအောက်၌၊ RANGOON ဟူသော အင်္ဂလိပ်စာသားကိုပါ ဖော်ပြပါရှိထားသည်။ မြို့မအမျိုးသားကျောင်းတံဆိပ်သည် ကျောင်း၏ အနှစ်သာရကို လိုရင်းတိုရှင်း ဖော်ဆောင်ထားခြင်း ဖြစ်ပေသည်။

မြို့မ အမျိုးသားကျောင်း၏ ပညာရေးဆောင်ပုဒ် - သုံးခု

**"ပညာရှိရှင် ပွဲလယ်တင်"**

**"ပညာရွှေအိုး လူမခိုး"**

**"ပညာမျိုးသာ ကိုယ့်ဥစ္စာ"**

"မြို့မ အမျိုးသားကျောင်း" ကြီးသည် မြန်မာတစ်မျိုးသားလုံး ကြီးစွာ မြတ်နိုးလေးစားတန်ဖိုးထားသည့် "ပညာ" တည်း ဟူသော ရတနာကို၊ အလေးအနက်ထားသည့် စာစကား ဆောင်ပုဒ်များဖြစ်ကြသော- **"ပညာရှိရှင် ပွဲလယ်တင်၊ "ပညာရွှေအိုး လူမခိုး"၊ "ပညာမျိုးသာ ကိုယ့်ဥစ္စာ"** ဟူသည့် မြန်မာ့ နှလုံးသား၌ ထာဝရစွဲမြဲစွာ ထည့်သွင်းကိန်းအောင်းစေသည့်၊ ဦးထိပ်၌လည်း ပန်ဆင်စေသည့် **"ဆောင်ရန်"** တို့ကို ဆောင်ပုဒ်များအဖြစ် စွဲမြဲစွာ ဆောင်စေခြင်း ဖြစ်ပါပေသည်။

**မြို့မ အမျိုးသားကျောင်း အဓိဋ္ဌာန်**

"အမျိုးသားကျောင်း တို့ကျောင်း
တို့ကောင်းအောင်
ကြိုးစားမည်။
အနာဂတ် မျိုးဆက်သစ်
တို့ဖြစ်ရမည်။
မျိုးချစ်စိတ်၊ အခြေတည်
စွမ်းဆောင်ရည်မြင့်မား
စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့်
ရေးအစဉ်အလာ ထိန်းသိမ်းကြ
မြို့မကျောင်းသား။"

ဤ မြို့မ အမျိုးသားကျောင်း **အဓိဋ္ဌာန်** သည်လည်း **"မြို့မစိတ်ဓာတ်"** ဖြစ်သော မိမိတို့ အမျိုး(တစ်မျိုးသားလုံး) (ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး)၊ မိမိတို့ အားလုံး၏ အကျိုးကို ကောင်းစွာ သယ်ပိုးကြရာ၌ ကောင်းမြတ်သော အစဉ်အလာနှင့်အညီ ဝံသာနုရက္ခိတတရား **အရင်းခံအခြေခံ**ထားကာ စဉ်ဆက်မပြတ် လက်ဆင့်ကမ်း ထမ်းဆောင်သယ်ဆောင်သွားကြမည့် အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာတို့ကို အစဉ်ထာဝရ ထိန်းသိမ်းစောင့်ရှောက်သွားကြမည် ဟူသော ရဲရဲတောက် အဆုံးအဖြတ်ဖြင့် အခိုင်အမာ၊ အညီအညွတ် ရွတ်ဆို **"အဓိဋ္ဌာန်"** ပြုထားခြင်း ဖြစ်ပါသည်။

ဤ **"မြို့မစိတ်ဓာတ်"** သည် **"မိသားစု စိတ်ဓာတ်"** ဖြစ်သည်။ တစ်နည်းအားဖြင့် **"ပြည်ထောင်စု စိတ်ဓာတ်"** ပင် ဖြစ်ပါသည်။

**မြို့မအမျိုးသားကျောင်း တူညီဝတ်စုံ**

မြို့မ အမျိုးသားကျောင်း၌ ပညာရည်နို့သောက်စို့ကြရသည့် ကျောင်းသား ကျောင်းသူအားလုံး၊ ပညာသင်ကြားပို့ချနေကြသည့် ဆရာကြီးနှင့်အတူ ဆရာ ဆရာမများ အားလုံးသည် တစ်စိတ်တည်း တစ်ဝမ်းတည်း တစ်သဘောတည်း တူတူညီညီ ရှိကြသည်ဟူသော အထိမ်းအမှတ် အမှတ်အသားအဖြစ် **တူညီဝတ်စုံ**ကို သတ်မှတ်ဝတ်ဆင်ကြပါသည်။

မြို့မအမျိုးသားကျောင်း၏ တူညီဝတ်စုံ (Uniform) မှာ လုံချည်၊ ထဘီ **အစိမ်း**၊ အင်္ကျီ အဖြူ တိုက်ပုံ **ပင်နီ**တို့ ဖြစ်ပါသည်။

(ဤစာရေးသူသည် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တာဝန်ယူစဉ်က အခြေခံပညာကျောင်း ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ အားလုံး လုံချည်၊ ထဘီ အစိမ်း ကျောင်းတူညီဝတ်စုံအဖြစ် ဝတ်ဆင်ကြရန် သတ်မှတ်ပေးခဲ့ပါသည်။)



ဗဟန်းမြို့နယ် ကြားတောရလမ်း၊ ဦးအရိယကျောင်းတိုက်တွင်းရှိ သပိတ်မှောက်ကျောင်းသားကြီးများ ကျောက်တိုင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး




အထက (၂) ဒဂုံ (ယခင်မြို့မ အမျိုးသားကျောင်း) ဓာတ်ပုံ-တင်စိုး

**မြို့မ အမျိုးသား အထက်တန်းကျောင်း** (ယခုလက်ရှိကျောင်း) သည် သုံးထပ်ကျောင်းဆောင် ဖြစ်ပါသည်။ မြန်မာမှုဟန် အပြည့်နှင့် တည်ဆောက်ထားသည့် ဘုံဆင့်ပြာသာဒ်နှင့် မြန်မာ့ဗိသုကာလက်ရာ မြောက်သော မြန်မာ့ ဂုဏ်ဆောင် ကျောင်းဆောင်လည်း ဖြစ်ပါသည်။ အဝေးကပင် မြင်နိုင်ပါသည်။ ကျောင်းအိပ် ကျောင်းစားနေထိုင်ရန် ဘော်ဒါဆောင်လည်း တစ်ပါတည်း ပါရှိပါသည်။ ကျောင်းအင်္ဂါရပ်နှင့် ကိုက်လုံပြည့်စုံသော ကျောင်းတစ်ကျောင်း ဖြစ်ပါသည်။

ဤ **"မြို့မအမျိုးသားကျောင်း"** မိခင်ကျောင်းတော်ကြီးက စဉ်ဆက်မပြတ် မွေးထုတ်ပေးခဲ့သော ပြုစုပျိုးထောင်ပေးခဲ့သော **မြို့မ** ကျောင်းသား၊ ကျောင်းသူများအားလုံးသည် မိခင်၏ သားကောင်း၊ မိခင်၏ သမီးမွန် ပီသစွာ -

**လွတ်လပ်ရေးမရမီကာလ**

**(၁၉၂၀ မှ ၁၉၄၈ အထိ) (၂၈ နှစ်)**

မြန်မာနိုင်ငံ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေး၊ လုံးဝလွတ်လပ်မှု ရရှိရေးတို့အတွက် ရှေ့တန်းမှ လည်းကောင်း၊ နောက်တန်းမှလည်းကောင်း ကြိုးပမ်းအားထုတ်ကြရာ၌ ထူးထူးချွန်ချွန်၊ ထက်ထက်မြက်မြက်၊ စွမ်းစွမ်းတမံ၊ ထင်ထင်ရှားရှား၊ ကြိုးစား အားထုတ်ခဲ့ကြပါသည်။

**လွတ်လပ်ရေးရပြီးကာလ**

**(၁၉၄၈ မှ ၂၀၂၀ အထိ) (၇၂ နှစ်)**

အသက်၊ သွေးတို့ဖြင့် စတေး၍ ရယူထားသော မြန်မာ့အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကို အခွန့်ရှည်စွာ တည်တံ့စေအံ့သောငှာ၊ နိုင်ငံတော် ဖွံ့ဖြိုးတက်စေအံ့သောငှာ ရှေ့တန်းမှလည်းကောင်း၊ နောက်တန်းမှ လည်းကောင်း ပါဝင်ကြိုးပမ်း အားထုတ်ကြရာ၌ ကျရာနေရာမှ ကျရာတာဝန်တို့ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် နိုးနိုးကြားကြား ရှိရှိသားသား ကြိုးကြိုးစားစား၊ ဆောင်ရွက်အားထုတ်မှုပြုကြသူများလည်း ဖြစ်ကြပါသည်။

သို့ဖြစ်၍ **"မြို့မ အမျိုးသားကျောင်း"** မိခင်ကျောင်းတော်ကြီး၏ ရာပြည့်အထိမ်းအမှတ်အဖြစ် အမှတ်တရ တင်ပြအပ်သော ဤတင်ပြချက်ကို **"မြို့မကျောင်းဘွဲ့ သံချပ်"** ဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရပါသည်...

**မြို့မကျောင်းဘွဲ့သံချပ်**

**မိုး၊ မိုး၊ မိုး လား မောင်တို့**
**လေ၊ လေ၊ လေ လား မောင်တို့**
**မြို့မ ကျောင်းကြီး ကျက်သရေ**
**ကမ္ဘာသချီ ပြောလို့မဆုံး**
**ကျောင်းတော်ကြီးလို့ လွှမ်းစွာကျယ်၊**
**ဝံသာအနွယ် ကောင်းဖို့ပါပဲ။**
**တိုက်ကျောင်းသစ်နှင့် ကျက်သရေဆောင်**
**တက်နေအရောင် ထွန်းတဲ့ ကျောင်းကြီး၊**
**ဆရာကြီးဘွဲ့ ဦးဘလွင်**
**အထူးစတင် ဆောက်တဲ့ကျောင်းဗျ။**
**မြို့မကျောင်းနှင့် ဂုဏ်ထူးဆောင်**
**မကြုံဖူးအောင် ထူးတဲ့ကျောင်းပဲ၊**
**ယိုင်းပင်းကြပါ မျိုးမြန်မာ**
**တန်ခိုးပါပါ ရှိဖို့ပါပဲ။**
**ဝံသာနုနှင့် ရက္ခိတာ**
**စိတ်ကျေနပ်စွာ စောင့်တဲ့ ကျောင်းသား**
**လုံချည်စိမ်းနှင့် ပင်နီဖြူ**
**ရွှေပြည်တော်သူ ကြိုက်တဲ့ အဆင်ပဲ။**
**တိုက်ကျောင်းဖွင့်တဲ့ နေ့ရှင်နယ်**
**ဖွေ့သင်တကယ် ကောင်းတဲ့ ကျောင်းကြီး။**

မြို့မအမျိုးသားကျောင်းတော်ကြီး၊ ကမ္ဘာ တည်သရွေ့ အခွန့်ရှည်စွာ၊ တည်ပါစေကြောင်း၊ ဆုမွန်ကောင်း၊ တောင်းအပ်ပါသတည်း ....။ ။



**ဆောင်းပါးရှင် ဆရာကြီး ဒေါက်တာ သန်းဦး၏ ကိုယ်ရေးအကျဉ်း**

| | |
|---|---|
| ၁၉၅၀ | ရန်ကုန်တက္ကသိုလ် ဘီအေ (အီးဒီ) ဘွဲ့ |
| ၁၉၅၄ | ကျောင်းအုပ်ကြီး၊ အထက၊ ပုတီးကုန်း၊ ပြည်ခရိုင် |
| ၁၉၆၀ | ဘီအီးဒီဘွဲ့ မဟာသရေစည်သူ ဒေါက်တာ ဦးဘခ၏ ပထမရွှေတံဆိပ်ဆုကို ဝန်ကြီးချုပ်ဦးနုက ချီးမြှင့်ခဲ့ |
| ၁၉၆၀ | ကျောင်းအုပ်ကြီး၊ အထက၊ အုတ်ဖို၊ သာယာဝတီခရိုင် အမ်အီးဒီဘွဲ့ (အမေရိကန် ပြည်ထောင်စု ဟာဗိုင်ရီ တက္ကသိုလ်) |
| ၁၉၆၃ | လက်ထောက် အုပ်ချုပ်ရေးမှူး၊ ပညာမင်းကြီးရုံး |
| ၁၉၆၄-၁၉၆၅ | ကျောင်းအုပ်ကြီး၊ ပုသိမ် ဆရာအတတ်သင်ကျောင်း |
| ၁၉၆၆-၁၉၇၇ | လက်ထောက်သုတေသန အရာရှိမှ ဥက္ကဋ္ဌ ရာထူးအထိ ထမ်းဆောင် မြန်မာနိုင်ငံပညာရေးသုတေသန အဖွဲ့/ဦးစီးဌာန |
| ၁၉၇၇-၁၉၈၅ | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန |
| ၁၉၉၉ | မြန်မာနိုင်ငံ ပညာရေးဌာန သမိုင်းစာအုပ်ဖြင့် (အမျိုးသားစာပေဆုရ) |
| ၁၉၉၉-၂၀၀၃ | ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင် အဖွဲ့ |
| ၁၉၉၉-ယနေ့အထိ | ဥက္ကဋ္ဌပညာတန်ဆောင် အုပ်ချုပ်ရေး အဖွဲ့ |
| ၁၉၉၉-ယနေ့အထိ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန |
| ၂၀၁၅-ဇန်နဝါရီ | ရန်ကုန် တက္ကသိုလ် Doctor of Letters (Honoris Causa) ဘွဲ့ |
| ၂၀၁၅-မေ | အမေရိကန်နိုင်ငံ ဟာဗိုင်ရီ တက္ကသိုလ် Doctor of Humane Letters, (Honoris Causa) ဘွဲ့ |
| ၂၀၁၅-ဇွန် | နိုင်ငံတော် သမ္မတ၏ ပညာရေး အကြံပေး အဖွဲ့ အဖွဲ့ဝင် |
| ၂၀၁၈ | ပခုက္ကူ ဦးအုန်းဖေ တစ်သက်တာ စာပေဆုရ |

# Rating စနစ်ကို ထောက်ခံပါတယ်

## အေးကြွယ် (ပြန်/ဆက်)

**အခုတစ်လော ရုပ်ရှင်ဇာတ်ကားများ ဖန်တီးရိုက်ကူးမှုတွေနဲ့ပတ်သက်ပြီး ဆင်ဆာစနစ်နဲ့ စိစစ်ပေးမှုအစား အသက်အပိုင်းအခြားအလိုက် ဇာတ်ကားအဆင့်သတ်မှတ်မှုစနစ် (Rating System)ကို ပြောင်းလဲဆောင်ရွက်လိုကြောင်း ပြောဆိုရေးသားမှုတွေရှိနေတာကို တွေ့နေရပါတယ်။ တကယ်တော့ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စတဲ့ အနုပညာနယ်ပယ် အသီးသီးမှာ ဆင်ဆာစနစ်ရဲ့ ဖြတ်တောက်၊ တည်းဖြတ်၊ တားမြစ်ပိတ်ပင်မှုများစွာကို နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ကြတဲ့ ကျွန်တော်တို့အားလုံးအတွက် ဆင်ဆာဆိုတဲ့စကားလုံးနဲ့ ဆင်ဆာအဖွဲ့ရဲ့လုပ်ဆောင်ချက်တွေအပေါ် မနှစ်မြို့ကြတာ၊ ကြောက်လန့်ခဲ့ကြတာဟာ အပြစ်ပြောစရာတော့ ဟုတ်မယ်မထင်ပါဘူး။**

ဒီနေ့ ထုတ်ဖော်ပြောဆိုလာတဲ့ ဆင်ဆာစနစ် ဖျက်သိမ်းရေးကိစ္စဟာ ရုပ်ရှင်လောကသား မည်မျှကို ကိုယ်စားပြုပြီး ပြောဆိုနေတယ်ဆိုတာ မသိပေမယ့် သူတို့လိုလားတဲ့ ဇာတ်ကားအဆင့်သတ်မှတ်မှုစနစ်(Rating System)ကို ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ကန့်ကွက်စရာမရှိဘူးလို့ ဦးစွာပြောကြားလိုပါတယ်။ အဲဒီလို ဆင်ဆာစနစ်အစား Rating System ကို ပြောင်းလဲကျင့်သုံးဖို့ဆိုရင် ပထမဆုံးစဉ်းစားသင့်တာက Rating စနစ်ကို သတ်မှတ်ပေးမယ့် အဖွဲ့အစည်းတွေ ရှိဖို့လိုတယ်။ အဲဒီအဖွဲ့အစည်းတွေမှာ ဘယ်သူတွေကို တာဝန်ပေးမယ်ဆိုတာ စဉ်းစားကြဖို့လိုပါတယ်။ Rating စနစ်ရဲ့ အကျိုး/ အပြစ်တွေကို သေသေချာချာ ခွဲခြမ်းစိတ်ဖြာပြီး လက်တွေ့ကျင့်သုံးနိုင်ဖို့လည်း လိုအပ်တယ်လို့ အကြံပြုလိုပါတယ်။

**ဆင်ဆာစနစ်ကြောင့် အနုပညာဖန်တီးမှု ထိခိုက်နေပြီလား**

မကြာသေးမီက အကယ်ဒမီလူမင်း ဒါရိုက်တာအဖြစ် ရိုက်ကူးထားတဲ့ မေတ္တာဖွဲ့ ရုပ်ရှင်ဇာတ်ကားကြီး **“နှိုဘီလူး”**ဟာ ရုရှားနိုင်ငံ၊ ဘူတန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့မှာ ပြုလုပ်တဲ့ ရုပ်ရှင်ပွဲတော်တွေမှာ ဆုတွေအများကြီး ဆွတ်ခူးရရှိခဲ့တာ အားလုံးသိပြီးဖြစ်မယ်ထင်ပါတယ်။ ရုရှားနိုင်ငံမှာ Best Director Winner ဆု၊ ဘူတန်နိုင်ငံမှာ ထူးချွန်ဆု(၄)ဆု၊ အိန္ဒိယနိုင်ငံမှာ ထူးချွန်ဆု(၅)ဆု ရရှိခဲ့တယ်ဆိုတဲ့သတင်းဟာ မီဒီယာတွေမှာ ပျံ့နှံ့လာခဲ့ပါတယ်။ ဆင်ဆာစနစ်ကြောင့် ရုပ်ရှင်အနုပညာဖန်တီးမှုတွေ ထိခိုက်နေတယ်။ ဆင်ဆာစနစ်ကြောင့် နိုင်ငံတကာပြိုင်ပွဲတွေမှာ တန်းမဝင်ဘူးဆိုပြီး ပြောဆိုနေကြသူတွေအတွက် အံ့သြသွားမလားတော့မသိပါဘူး။ အခုလို ဆုတွေတန်းစီပြီး ဆွတ်ခူးခဲ့တာဟာ ဆင်ဆာစနစ်ကြောင့် မဟုတ်သလို ဆုတွေနဲ့ လွဲချော်ခဲ့ရင်လည်း ဆင်ဆာစနစ်ကြောင့်လို့ လက်ညှိုးထိုးပြောဖို့ မသင့်ဘူးလို့ ထင်ပါတယ်။ ရုပ်ရှင်ဖန်တီးသူရဲ့ အနုပညာမြောက်ထုဆစ်မှုနဲ့သာ အဓိကသက်ဆိုင်တယ်လို့ ပြောကြားလိုပါတယ်။

ဒီနေ့အချိန်မှာ ဆင်ဆာစနစ် ကျင့်သုံးနေရတဲ့ အဓိကအကြောင်းရင်းကို ပြန်ကြည့်ရင် တည်ဆဲ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေအခန်း(၄)နဲ့ ၁၉၉၆ ရုပ်မြင်သံကြားနဲ့ ဗီဒီယိုဥပဒေ အခန်း(၇)ပါ ပြဋ္ဌာန်းချက်တွေအရ ဆောင်ရွက်နေရခြင်းသာဖြစ်ပြီး မြန်မာ့ရုပ်ရှင်ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာတဲ့အချိန်မှာ အဲဒီဥပဒေတွေ၊ ဆင်ဆာစနစ်တွေဟာလည်း လုံးဝပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ယခုကျင့်သုံးနေရတဲ့ ဆင်ဆာစနစ်ကြီးကို မလွှဲသာလို့သာ ကျင့်သုံးနေရတာဖြစ်ပြီး Rating စနစ်ကျင့်သုံးဖို့အတွက် အဆင်သင့်မဖြစ်သေးမီ(သို့မဟုတ်) မြန်မာ့ရုပ်ရှင်ဥပဒေ မပြဋ္ဌာန်းမီ အချိန်ကာလမှာ တည်ဆဲဥပဒေအရ ဆောင်ရွက်နေရတာဖြစ်တယ်ဆိုတာကို နားလည်ပေးစေချင်ပါတယ်။

ဆင်ဆာစနစ်ဟာ ရုပ်ရှင်အနုပညာ ဖန်တီးမှုတွေကို ကန့်သတ်နေတယ်ဆိုတဲ့ ပြောဆိုချက်တွေအပေါ် ငြင်းချက်ထုတ်ဖို့ မကြိုးစားလိုပေမယ့် ဆင်ဆာစနစ်ကြောင့် အနုပညာလောကတစ်ခုလုံး ထိခိုက်နစ်နာရတယ်ဆိုတဲ့ ပြောဆိုချက်တွေအပေါ်မှာတော့ စိတ်မကောင်းဖြစ်ခဲ့ရတာ အမှန်ပါပဲ။

တကယ်တော့ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ကို ပြန်ကြည့်ရင် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ (၃) ဦးသာပါဝင်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ပေးသူ (၅) ဦး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ တာဝန်ပေးသူ (၁)ဦး၊ ရုပ်ရှင်နှင့် စာပေအနုပညာကျွမ်းကျင်သူ(၄)ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်(၁)ဦး၊ ဥပဒေဆိုင်ရာကျွမ်းကျင်သူနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ လုပ်ငန်းများကို နားလည်သိရှိသူ အငြိမ်းစားဝန်ထမ်း(၂)ဦး စုစုပေါင်း(၁၆)ဦး ပါဝင်ကြပါတယ်။

အဲဒီလို ဆင်ဆာအဖွဲ့မှာ ပါဝင်ကြတဲ့သူတွေဟာ ရုပ်ရှင်အနုပညာကို လုံးဝနားမလည်သူတွေ၊ လူ့သဘောသဘာဝနဲ့ လူ့အဖွဲ့အစည်းတစ်ရပ်အပေါ် နားလည်မှုမရှိသူတွေ၊ ဥပဒေလုပ်ထုံးလုပ်နည်းများကို မသိနားမလည်သူတွေ မဟုတ်ကြဘဲ ရုပ်ရှင်အနုပညာနဲ့ ပတ်သက်ပြီး ကိုယ်တိုင်သရုပ်ဆောင်/ ရိုက်ကူးထုတ်လုပ်ခဲ့ကြသူတွေ၊ ကိုယ်တိုင်စာပေရေးသား အောင်မြင်နေသူတွေ၊ မြန်မာစာ မြန်မာစကားကို တတ်ကျွမ်းနားလည်သူတွေ၊ ဥပဒေလုပ်ထုံးလုပ်နည်းများကို သိရှိနားလည်သူတွေ၊ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာများကို သိရှိ နားလည်ထားကြသူတွေ၊ မြန်မာ့လူမှုဓလေ့စရိုက်နဲ့ **“စံ”** တန်ဖိုးထားမှုတွေကို လေးစားမြတ်နိုးသူတွေဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။

ဆင်ဆာအဖွဲ့ဝင်အချို့ဟာ အနုပညာကို ကိုယ်တိုင်ဖန်တီးပုံဖော်ခဲ့ဖူးကြသလို အနုပညာနယ်ပယ်မှာ အောင်မြင်ခဲ့ကြသူတွေ၊ ရုပ်ရှင်အနုပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသူတွေ၊ ရုပ်ရှင်အနုပညာကို ချစ်ခင်မြတ်နိုးတန်ဖိုးထားသူတွေ၊ ရုပ်ရှင်ကို နက်နက်နဲနဲ ခံစားနားလည်ပေးတတ်သူတွေဖြစ်ကြတဲ့အတွက် ရုပ်ရှင်လောကသားအချို့ စွပ်စွဲပြောဆိုကြသလို အနုပညာဖန်တီးမှုတွေအပေါ် ကန့်သတ်ပိတ်ပင်တားဆီးစေလိုတဲ့ ရည်ရွယ်ချက်မရှိကြတာအမှန်ပါပဲ။ အချို့အဖွဲ့ဝင်တွေဟာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကြီးကို ကိုယ်စားပြုပါဝင်ကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် ရုပ်ရှင်ဇာတ်ကားဖန်တီးထုတ်လုပ်မှုတွေအပေါ် အပျက်သဘော ပြုမူစဉ်းစားဆောင်ရွက်နေကြသူတွေ မဟုတ်ကြဘူးဆိုတာကိုလည်း နားလည်ပေးစေလိုပါတယ်။

ဆင်ဆာလို့ ပြောလိုက်တာနဲ့ လူအများရဲ့စိတ်ထဲမှာ ပိတ်ပင်တားမြစ်မှု၊ ကန့်သတ်တားဆီးမှုတွေကို လုပ်ဆောင်နေတဲ့အဖွဲ့လို့ ဦးစွာတွေးမြင်တတ်ကြပါတယ်။ ယခု ရုပ်ရှင်နဲ့ ဗီဒီယိုဆင်ဆာအဖွဲ့ဟာ ယခင်တည်ရှိခဲ့တဲ့ စာပေစိစစ်ရေးတို့လို အစိုးရဌာနတစ်ခုတည်းကသာ တာဝန်ယူဆောင်ရွက်ကြတဲ့ ဆင်ဆာအဖွဲ့မျိုးမဟုတ်ဘဲ ဆင်ဆာအဖွဲ့ဝင် (၁၆) ဦးမှာ (၃) ဦးသာ ပြန်ကြားရေးဝန်ကြီးဌာနက ပါဝင်ပြီး သူတို့ (၃) ဦးဟာလည်း ရုံးလုပ်ငန်းသဘောအရ ညှိနှိုင်းဆောင်ရွက်ပေးရတာသာဖြစ်ပြီး အဆုံးအဖြတ်ပေးခွင့်ရှိသူများ မဟုတ်ပါဘူး။ အခြားဆင်ဆာအဖွဲ့ဝင်တစ်ဦးချင်းနည်းတူသာ မိမိသဘောထားကို ဆွေးနွေးခွင့်ရသူများဖြစ်ပါတယ်။ ကျန်တဲ့အဖွဲ့ဝင်တွေဟာ ရုပ်ရှင်လောက၊ စာပေလောကမှ ပုဂ္ဂိုလ်တွေ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ကိုယ်စားလှယ်တွေ၊ ဥပဒေပညာရှင်တွေ၊ သာသနာရေးနှင့်ယဉ်ကျေးမှုရေးရာ နားလည်တတ်ကျွမ်းသူတွေ ပါဝင်ကြတာဖြစ်လို့ ရုပ်ရှင်ဇာတ်ကားတစ်ကားကို မတူညီတဲ့ ရှုထောင့်မျိုးစုံက ကြည့်ရှုဝေဖန်အကြံပြုချက်တွေပေးနေတာ ဖြစ်ပါတယ်။ အချို့ပုဂ္ဂိုလ်များ ပြောဆိုနေကြသလို အစိုးရဌာနတစ်ခုက တာဝန်ယူဆောင်ရွက်နေတဲ့ ဆင်ဆာအဖွဲ့အစည်းတစ်ခု မဟုတ်ဘူးဆိုတာကိုလည်း သိရှိကြစေလိုပါတယ်။

> **“ဆင်ဆာအဖွဲ့ဝင်အချို့ဟာ အနုပညာကို ကိုယ်တိုင်ဖန်တီးပုံဖော်ခဲ့ဖူးကြသလို အနုပညာနယ်ပယ်မှာ အောင်မြင်ခဲ့ကြသူတွေ၊ ရုပ်ရှင်အနုပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသူတွေ၊ ရုပ်ရှင်အနုပညာကို ချစ်ခင်မြတ်နိုးတန်ဖိုးထားသူတွေ၊ ရုပ်ရှင်ကို နက်နက်နဲနဲ ခံစားနားလည်ပေးတတ်သူတွေဖြစ်ကြတဲ့အတွက် ရုပ်ရှင်လောကသားအချို့ စွပ်စွဲပြောဆိုကြသလို အနုပညာဖန်တီးမှုတွေအပေါ် ကန့်သတ်ပိတ်ပင်တားဆီးစေလိုတဲ့ ရည်ရွယ်ချက်မရှိကြတာ အမှန်ပါပဲ။ အချို့အဖွဲ့ဝင်တွေဟာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကြီးကို ကိုယ်စားပြုပါဝင်ကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် ရုပ်ရှင်ဇာတ်ကားဖန်တီးထုတ်လုပ်မှုတွေအပေါ် အပျက်သဘော ပြုမူစဉ်းစားဆောင်ရွက်နေကြသူတွေ မဟုတ်ကြဘူး ဆိုတာကိုလည်း နားလည်ပေးစေလို”**

ယခင်က ဆင်ဆာအဖွဲ့အပေါ် ဝေဖန်ထောက်ပြပေးခဲ့တဲ့ အနုပညာရှင်ကြီးတချို့ကို ဆင်ဆာအဖွဲ့အသစ် ပြန်လည်ဖွဲ့စည်းချိန်မှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ပေးပါလားလို့ ကမ်းလှမ်းတဲ့အခါ သူတို့အနေနဲ့ မလုပ်နိုင်ပါဘူးဆိုပြီး ငြင်းပယ်ခဲ့တာ ကြုံခဲ့ဖူးပါတယ်။ အဲဒီဖြစ်စဉ်ကို ကြည့်ရင်တော့ ဆင်ဆာအဖွဲ့ဝင်တွေထဲမှာ အချို့ပုဂ္ဂိုလ်တွေဟာ တာဝန်အရ ပါဝင်ကြရပါတယ်။ အချို့ပုဂ္ဂိုလ်တွေဟာ ကိုယ်တိုင်ဆန္ဒမရှိသော်လည်း သူတို့ နားလည်တတ်ကျွမ်းမှုတွေအပေါ် ပါဝင်နေကြရပါတယ်။ အချို့ပုဂ္ဂိုလ်တွေကတော့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက တာဝန်ပေးလို့ ပါဝင်နေကြတာဖြစ်တဲ့အတွက် ဆင်ဆာလုပ်ငန်းတွေအပေါ် အဆင်မပြေမှုတွေ ကြုံတွေ့ကြရတဲ့အခါ ဆက်သွယ်ဆွေးနွေး အကြံပြုပေးကြပါ၊ ညှိနှိုင်းပေါင်းစပ်ပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ အကယ်၍ ဆင်ဆာအဖွဲ့ဝင်တွေရဲ့ လုပ်ဆောင်မှုတွေဟာ အားနည်းချက်တွေဖြစ်ပေါ်ပြီး ကျေနပ်အားရမှု မရှိခဲ့ဘူးဆိုပါကလည်း ကိုယ်တိုင်ပါဝင်အားဖြည့်ပေးကြပါလို့ ဖိတ်ခေါ်ပြောကြားလိုပါတယ်။

**အဖြေရှာကြရအောင်**

ယနေ့ အွန်လိုင်းပေါ်တွင် ဆင်ဆာနဲ့ပတ်သက်ပြီး ရေးကြ၊ ပြောကြ၊ ဆွေးနွေးကြတာတွေဟာ အနာဂတ်ရုပ်ရှင်လောက ဖွံ့ဖြိုးဖို့အတွက် စဉ်းစားဆင်ခြင်ရမယ့် အချက်တွေလို့ မြင်ပါတယ်။ ရုပ်ရှင်ဟာ ပြည်သူ့အတွက်လို့ ကြွေးကြော်ထားကြတဲ့ ရုပ်ရှင်လောကသားတွေအနေနဲ့ မိမိတို့ရဲ့ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရမှာဖြစ်သလို အများပြည်သူရဲ့ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် မိမိတို့ စိတ်တိုင်းကျ လွတ်လပ်စွာ ဖန်တီးရိုက်ကူးနိုင်ဖို့ ကြိုးစားရမှာဖြစ်သလို မိမိတို့ ဖန်တီးထုတ်လုပ်လိုက်တဲ့ အနုပညာပစ္စည်းကို ကြည့်ရှုကြတဲ့ အများပြည်သူအကျိုးစီးပွား မထိခိုက်အောင်၊ မြန်မာ့လူ့အဖွဲ့အစည်း၊ မြန်မာ့လူ့အသိုင်းအဝိုင်းမှာ ပါဝင်သူအားလုံး မထိခိုက်အောင်ပြဖို့၊ ဖန်တီးဖို့လည်း လိုအပ်လိမ့်မယ်လို့ ထင်မြင်မိပါတယ်။

မကြာသေးခင်နှစ်များအတွင်းက ရိုက်ကူးခဲ့ကြတဲ့ ရုပ်ရှင်ဇာတ်ကားတွေမှာ သူနာပြု/ သားဖွားဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ ဆရာဆရာမတွေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ဇာတ်ဝင်ခန်းတွေကို ရိုက်ကူးပြသကြတဲ့အခါ သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ဝတ်စားဆင်ယင်မှု လွဲမှားကြတာတွေ၊ အဆောင်အယောင် လွဲမှားနေကြတာတွေ ရှိခဲ့တဲ့အတွက် ဝေဖန်ကန့်ကွက်မှုတွေ ကြုံတွေ့ခဲ့ရပါတယ်။

ဒါ့အပြင် ဘာသာရေး၊ လူမျိုးရေး အမုန်းတရားများ ဖန်တီးလှုံ့ဆော်မှုဖြစ်ခဲ့တာတွေ၊ မြန်မာလူမျိုးတိုင်း တန်ဖိုးထားဂုဏ်ယူကြတဲ့ ပုဂံယဉ်ကျေးမှုအမွေအနှစ်တစ်ခုလုံးရဲ့ ပုံရိပ်ကို များစွာညှိုးနွမ်းစေခဲ့တာတွေ၊ လူပုဂ္ဂိုလ်အမည်နဲ့ ဂုဏ်သိက္ခာထိခိုက်စေခဲ့တာတွေ၊ မသန်စွမ်းသူတွေကို ထိခိုက်စေခဲ့တာတွေကြောင့် သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာ အသင်းအဖွဲ့တွေ၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ကန့်ကွက်တိုင်ကြားမှုတွေ ကြုံခဲ့ရတဲ့အတွက် ဆင်ဆာအဖွဲ့အနေနဲ့ ပြေရာပြေကြောင်း ညှိနှိုင်းပြောဆိုဆောင်ရွက်ပေးခဲ့ရတာတွေ ရှိခဲ့ပါတယ်။

အဲဒီအခြေအနေတွေကို ပြန်ကြည့်ရင် ဆင်ဆာအဖွဲ့အနေနဲ့ လွတ်လပ်စွာ အနုပညာဖန်တီးထုတ်လုပ်မှုတွေအပေါ် ကန့်သတ်တားမြစ်ခြင်းမဟုတ်ဘဲ ငွေကြေးအားဖြင့်ဖြစ်စေ၊ အချိန်အားဖြင့်ဖြစ်စေ၊ အနုပညာအားဖြင့်ဖြစ်စေ စိုက်ထုတ်ဆောင်ရွက်ခဲ့ကြတဲ့ အနုပညာပစ္စည်းကို ပိုပြီးအပြစ်ကင်းစင်စေဖို့၊ အလွန်အကျွံ ရိုက်ကူးပြသမှုတွေကြောင့် နောက်ဆက်တွဲပေါ်ပေါက်လာမယ့် ဘေးထွက်ဆိုးကျိုးတွေကို ပြေပျောက်စေဖို့အတွက် စေတနာနဲ့ ဝေဖန်ထောက်ပြ ပြင်ဆင်စေခဲ့တယ်ဆိုတာ နားလည်ပေးစေလိုပါတယ်။

သတင်းစာ၊ ဂျာနယ်နဲ့ ရုပ်သံလိုင်းတွေမှာ ဆင်ဆာမရှိဘဲ ရုပ်ရှင်မှာ ဆင်ဆာရှိနေတာဟာ မဖြစ်သင့် မဖြစ်ထိုက်ဘူးဆိုတဲ့ ထင်မြင်ယူဆချက်အချို့ ရှိနေတာကိုလည်း သတိပြုမိခဲ့ပါတယ်။ အဲဒီအချက်နဲ့ပတ်သက်ပြီး ပြောချင်တာကတော့ သတင်းစာ၊ ဂျာနယ်တွေမှာ စာတည်းအဖွဲ့တွေ ထားရှိပြီး မိမိတို့ဘာသာတည်းဖြတ် ဆောင်ရွက်နေကြတာတွေ၊ စောင်ရေကန့်သတ်ချက်ဖြင့် ပျံ့နှံ့နိုင်တာတွေ၊ သတင်းစာ၊ ဂျာနယ်၊ ရုပ်သံလိုင်းများရဲ့ ပရိသတ်အင်အားနဲ့ ရုပ်ရှင်ပရိသတ် အင်အားအချိုးအစား မတူညီတာတွေ၊ ရုပ်ရှင်ကားတစ်ကားကို တစ်နိုင်ငံလုံး တစ်ပြိုင်နက်ပြသနိုင်ပြီး နိုင်ငံတစ်ဝန်းလုံးအပေါ် လွှမ်းခြုံနိုင်တာတွေ၊ အရုပ်အသံကို ပေါင်းစပ်ထားတဲ့ ရုပ်ရှင်အနုပညာဟာ အခြားမီဒီယာတွေထက် ပရိသတ်ကို ညှို့ငင်ဖမ်းစားပြီး လွှမ်းမိုးနိုင်တာတွေ၊ သတင်းစာ၊ ဂျာနယ်နှင့် ရုပ်သံလိုင်းများနှင့်ပတ်သက်၍ သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေများနဲ့ ကျင့်ဝတ်တွေ၊ စည်းကမ်းတွေကို ရေးဆွဲလိုက်နာစေတာတွေကို သိစေမြင်စေချင်မိပါတယ်။

လွတ်လပ်ခွင့်ဆိုတာ လူတိုင်းနှစ်သက်ကြတဲ့ အခွင့်အရေးတစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁၉)မှာ လူတိုင်းဟာ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နဲ့ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိတယ်ဆိုပြီး လူသားတစ်ဦးရဲ့ လွတ်လပ်ခွင့်ကို ဖော်ပြထားတာကို တွေ့ရပါတယ်။

ရုပ်ရှင်အနုပညာသမားများအနေနဲ့ လွတ်လပ်စွာ ဖန်တီးရိုက်ကူးပြသလိုခြင်းဟာ လူသားတစ်ဦးရဲ့ သဘာဝကျတဲ့ လိုလားမှုတစ်ခုသာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အားလုံး သတိမမေ့ဖို့လိုတာက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၂၉)မှာ “မိမိ၏ အခွင့်အရေးများနဲ့ လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန်အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အလို့ငှာလည်းကောင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်” လို့ ဖော်ပြထားတဲ့အတွက် ကျွန်တော်တို့အားလုံးဟာ စည်းစနစ်တကျသာ လွတ်လပ်စွာ နေထိုင်ပြုမူ လုပ်ကိုင်ဆောင်ရွက်သင့်တယ်လို့ သတိပြုစေချင်ပါတယ်။

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၅ မှ

သို့မှသာ တရားစီရင်ရေးကဏ္ဍနှင့် ဆက်စပ်ပါဝင်သူအားလုံးက တရားစီရင်ရေးအပေါ် ပိုမိုနားလည်လာပြီး လိုအပ်သောပံ့ပိုးမှုများပြုခြင်းဖြင့် တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးမှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတို့ကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီဆောင်ရွက်ရာရောက်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိမှသာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကားမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်မှာ တရားစီရင်ရေးကဏ္ဍသည် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအတွက်သာမက ချိုးဖောက်ခံရဖွယ်ရှိတဲ့ ကိစ္စများအတွက် ထိရောက်တဲ့ သက်သာခွင့်နဲ့ အကာအကွယ်များကိုပေးနိုင်ဖို့ လွန်စွာအရေးကြီးလှပါသည်။ ဒါကြောင့် တရားစီရင်ရေးကဏ္ဍသည် လွတ်လပ်ရမည်၊ သမာသမတ်ကျရမည်။ တာဝန်ခံနိုင်ရမှာဖြစ်ပြီး ယင်းသို့ ဆောင်ရွက်နေကြောင်းကို မြင်သာစေရမှာ ဖြစ်ပါတယ်။

တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာစေရန်ရည်ရွယ်၍ တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ထုတ်ပြန် ဆောင်ရွက်ခဲ့ခြင်းဖြင့် တရားရုံးလုပ်ငန်း ဆောင်ရွက်ချက်များကို တရားစီရင်ရေးကဏ္ဍနှင့် ပတ်သက်နေသူများသာမက အများပြည်သူကပါ ပွင့်လင်းမြင်သာစွာ သိရှိနားလည်ခွင့်ရရှိလာခြင်းသည် တရားစီရင်ရေးဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုကို ဖော်ပြနေခြင်းပင်ဖြစ်ပါတယ်။

**“တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်ထမ်းဆောင်ရာမှာ လွတ်လပ်မှု၊ သမာသမတ်ကျမှု၊ ဖြောင့်မတ်တည်ကြည်မှုတို့သည် မရှိမဖြစ်လိုအပ်ပြီး သာတူညီမျှမှု၊ စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု၊ ဂုဏ်သိက္ခာရှိမှုတို့ဟာလည်း အရေးပါလှပါတယ်။ နိုင်ငံတစ်ခု၏ တရားစီရင်ရေးစနစ်ကို ဆက်လက်တည်မြဲစေတဲ့အရာမှာ တရားရုံးများ၏ လွတ်လပ်မှု၊ တရားရုံးများမှ တရားသူကြီးများ၏ ဖြောင့်မတ်တည်ကြည်မှု၊ တရားရုံးများ၏ လုပ်ငန်းစဉ်များ သမာသမတ်ကျမှုနှင့် ထိရောက်မှုတို့ကို အများပြည်သူက ယုံကြည်ကိုးစားမှုရှိခြင်းပင် ဖြစ်ပါတယ်”**

တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန် ထမ်းဆောင်ရာမှာ လွတ်လပ်မှု၊ သမာသမတ်ကျမှု၊ ဖြောင့်မတ်တည်ကြည်မှုတို့သည် မရှိမဖြစ်လိုအပ်ပြီး သာတူညီမျှမှု၊ စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု၊ ဂုဏ်သိက္ခာရှိမှုတို့ဟာလည်း အရေးပါလှပါတယ်။ နိုင်ငံတစ်ခု၏ တရားစီရင်ရေးစနစ်ကို ဆက်လက်တည်မြဲစေတဲ့အရာမှာ တရားရုံးများ၏ လွတ်လပ်မှု၊ တရားရုံးများမှ တရားသူကြီးများ၏ ဖြောင့်မတ်တည်ကြည်မှု၊ တရားရုံးများ၏ လုပ်ငန်းစဉ်များ သမာသမတ်ကျမှုနှင့် ထိရောက်မှုတို့ကို အများပြည်သူက ယုံကြည်ကိုးစားမှုရှိခြင်းပင်ဖြစ်ပါတယ်။ တရားစီရင်ရေးဆိုင်ရာ အဂတိလိုက်စားမှုသည် တရားစီရင်ရေးအဖွဲ့အစည်း၏ လွတ်လပ်မှု၊ သမာသမတ်ကျမှုနှင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ မူများကို ပျက်ယွင်းစေတဲ့အပြင်၊ တရားစီရင် တရားမျှတမှုစနစ် တစ်ရပ်လုံးအပေါ်လည်း အများပြည်သူ၏ယုံကြည်ကိုးစားမှုကို ကျဆင်းစေပါတယ်။

နိဂုံးချုပ်အနေနဲ့ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန်ဖို့အတွက် တရားရုံးအဆင့်ဆင့်ရဲ့ အမှုစစ်ဆေးစီရင်မှုများ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်မှု၊ မှန်ကန်မှု၊ မျှတမှု၊ ဘက်မလိုက်မှု၊ အဂတိတရားကင်းစင်မှုတို့ဟာ အဓိကကျပါတယ်။ သို့အတွက် တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန် တည်တံ့ခိုင်မြဲရေး၊ ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေး၊ အဂတိတရား ကင်းစင်သည့် တရားစီရင်ရေး၊ ပြည်သူများ ယုံကြည်အားကိုးသည့် တရားစီရင်ရေးဖြစ်ထွန်းရေးအတွက် တရားစီရင်ရေးကဏ္ဍမှာ တာဝန်ထမ်းဆောင်နေကြတဲ့ တရားသူကြီးများ၊ တရားရုံးများ၊ တရားစီရင်ရေးကဏ္ဍနှင့် ဆက်စပ်တဲ့ တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ ပြည်သူများနဲ့ သတင်းမီဒီယာများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၁၃)ကြိမ်မြောက် ဘာလီဒီမိုကရေစီဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၁၃)ကြိမ်မြောက် ဘာလီဒီမိုကရေစီဖိုရမ်၊ ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ပါဝင်တက်ရောက်ပြီး မိန့်ခွန်းပြောကြားသည်။ **(ယာပုံ)**




ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စရတ်နိုအယ်လ်ပီ မာဆူဒီက အဖွင့်မိန့်ခွန်းပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့က ဗီဒီယိုမှတစ်ဆင့် မိန့်ခွန်းပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းပြောကြားရာတွင် စိန်ခေါ်မှုများမြင့်မားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဒီမိုကရေစီနှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအတွက် ဘာလီဒီမိုကရေစီဖိုရမ်ကို စီစဉ်ကျင်းပနိုင်ခြင်းအပေါ် အင်ဒိုနီးရှားအစိုးရအား ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည့်အလျောက် ယခု ကျန်းမာရေးအကျပ်အတည်းသည် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုဝါဒ ပြန်လည်ရှင်သန်လာစေရန် အခွင့်အခါကောင်းတစ်ရပ်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး ဆောင်ရွက်ချက်များသည် ပြည်သူများ၏ အခွင့်အရေးနှင့်လွတ်လပ်မှုကို ကန့်သတ်မှုများ ဖြစ်ပေါ်စေခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် တိုးတက်မှုများကို နောက်ကြောင်းပြန်လှည့်စေခြင်းနှင့် မညီမျှမှုကွာဟချက်များ ပိုမိုကြီးမားစေခြင်းတို့မှာ ကပ်ရောဂါအနေဖြင့် ဒီမိုကရေစီအပေါ် ခြိမ်းခြောက်စေသည့် အကြောင်းတရားများဟု ဆိုရမည်ဖြစ်ကြောင်း၊ ကပ်ရောဂါအား အောင်မြင်စွာနှိမ်နင်းနိုင်ရေးအတွက် နိုင်ငံရေးအရ ဦးဆောင်မှုနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အရေးကြီးကြောင်းနှင့် မိမိတို့နိုင်ငံ၏ အတွေ့အကြုံအရ နိုင်ငံရေးဦးဆောင်မှု၊ တားဆီးကာကွယ်ရေးအစီအမံများ ဆောင်ရွက်မှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုတို့သည် ကပ်ရောဂါအား တိုက်ဖျက်ရာတွင် သိသာထင်ရှားသည့် တိုးတက်မှုရလဒ်များ ရရှိနိုင်ကြောင်း အလေးထားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ကပ်ရောဂါကာလအတွင်း ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲဆန္ဒမဲပေးသည့် လုပ်ငန်းစဉ်များအတွက် တိကျသည့် ကပ်ရောဂါထိန်းချုပ်ရေး စည်းမျဉ်းများနှင့် ကျန်းမာရေးလမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ ကျန်းမာရေးလုံခြုံမှုရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ခြင်းတို့ဖြင့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အတွေ့အကြုံများကို မျှဝေခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲအောင်မြင်မှုသည် မြန်မာပြည်သူများက ဒီမိုကရေစီစနစ်အပေါ် ဆက်လက်ယုံကြည်မှုနှင့် ဆန္ဒပြင်းပြမှုတို့ကို သက်သေပြလိုက်ခြင်းဖြစ်ပြီး မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကြိုးပမ်းမှုသမိုင်းကြောင်းတွင် မှတ်တိုင်တစ်ရပ်စိုက်ထူနိုင်ခဲ့ကြောင်း ထည့်သွင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဘာလီဒီမိုကရေစီဖိုရမ်အနေဖြင့် ဒီမိုကရေစီစံနှုန်းများ ဆက်လက်မြှင့်တင်ရန်၊ ဒီမိုကရေစီအတွက် ကြိုးပမ်းအားထုတ်နေသည့်နိုင်ငံများအား စိန်ခေါ်မှုများ ကျော်လွှားနိုင်ရေး လက်တွဲကူညီပေးရန်နှင့် ဒေသတွင်း ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို အားပေးမြှင့်တင်နိုင်ရေးအတွက် ဆတက်ထမ်းပိုး ဆောင်ရွက်သွားရန်တို့ လိုအပ်ကြောင်း အလေးထားပြောကြားသည်။

ဘာလီဒီမိုကရေစီဖိုရမ်ကို အာရှ-ပစိဖိတ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီစနစ်ဖော်ဆောင်နိုင်ရေး ရည်ရွယ်၍ အင်ဒိုနီးရှားနိုင်ငံက ၂၀၀၈ ခုနှစ်တွင် စတင်ဦးဆောင်ကျင်းပခဲ့သည်။ ယခုနှစ်ဖိုရမ်ကို “ဒီမိုကရေစီနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ” ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ဝန်ကြီးအဆင့်ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အပါအဝင် အာဆီယံအတွင်းရေးမှူးချုပ်၊ ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဂျော်ဒန်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ စပိန်နိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကာတာနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများလည်း ဗီဒီယိုဖြင့် မိန့်ခွန်းများ အသီးသီးပြောကြားခဲ့ကြပြီး စုစုပေါင်း နိုင်ငံ(၇၅)နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း(၉)ခုမှ ကိုယ်စားလှယ်အဖွဲ့ (၈၄)ဖွဲ့တို့ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ဆင်ဆာအဖွဲ့ရဲ့ စိစစ်ခြင်း၊ အကြံပြုခြင်းများဟာ ရုပ်ရှင်လောကသားတစ်ဦးချင်းရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားတစ်ခုတည်းအတွက်သာ ရှေးရှုဆောင်ရွက်ရတာ မဟုတ်ဘဲ အများပြည်သူရဲ့ အကျိုးစီးပွားနဲ့ အခွင့်အရေးတွေကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရတာဖြစ်တဲ့အတွက် ဆက်စပ်နားလည်ပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

အကယ်၍ ဆင်ဆာအဖွဲ့ရဲ့ ဆုံးဖြတ်ချက်များဟာ ရုပ်ရှင်ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုတွေအပေါ် ထိခိုက်နစ်နာခဲ့ပါကလည်း တည်ဆဲရုပ်ရှင်ဥပဒေအခန်း(၇)မှာ ဖော်ပြထားတဲ့ အယူခံခြင်းဆိုင်ရာ အခွင့်အရေးတွေကို အသုံးချပြီး ဆောင်ရွက်ကြခြင်းသာ ကျွန်တော်တို့အားလုံးအတွက် မှန်ကန်တဲ့ အဖြေရှာခြင်းတစ်ခုလို့ တင်ပြလိုပါတယ်။

**Rating စနစ်အတွက် အဆင်သင့်ဖြစ်ပြီလား**

ယနေ့ ရုပ်ရှင်လောကသားအချို့ လိုလားနေတဲ့ Rating စနစ် ကျင့်သုံးရေးနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက သဘောတူတယ်လို့ အထက်မှာ ပြောကြားထားပြီးဖြစ်ပါတယ်။

တကယ်လို့ Rating စနစ်ကို ကျင့်သုံးကြမယ်ဆိုရင် ဒါရိုက်တာတစ်ဦးရဲ့အမြင်၊ သရုပ်ဆောင်တစ်ဦးရဲ့အမြင်နဲ့သာ လုပ်ဆောင်လို့ရတာမဟုတ်ဘဲ ရုပ်ရှင်လောကနဲ့ ဆက်စပ်ပတ်သက်နေကြတဲ့ ထုတ်လုပ်သူတွေရဲ့အမြင်၊ ရုပ်ရှင်ရုံပိုင်ရှင်တွေရဲ့အမြင်၊ သရုပ်ဆောင်အသီးသီးရဲ့အမြင်တွေကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ Rating စနစ် ကျင့်သုံးရေးကိစ္စဟာ ရုပ်ရှင်လောကတစ်ခုလုံးကို ပြောင်းလဲရိုက်ခတ်မှု များစွာဖြစ်ပေါ်စေမှာဖြစ်တဲ့အတွက် ရုပ်ရှင်လောကသားတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတွေအားလုံး ပူးပေါင်းဆောင်ရွက်ကြရမယ့်ကိစ္စဖြစ်တယ်လို့ မြင်ပါတယ်။

ဥပမာအားဖြင့် ဒါရိုက်တာတစ်ဦးက ဖန်တီးရိုက်ကူးလိုက်တဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားကို Rating သတ်မှတ်ချက်ကြောင့် အသက်အရွယ် ပိုင်းခြားပြသခံရပြီး ထုတ်လုပ်သူများနှင့် ရုပ်ရှင်ရုံပိုင်ရှင်များ ဝင်ငွေလျော့နည်း ထိခိုက်မှုရှိနိုင်ခြင်း၊ ရုပ်ရှင်ရုံများက အသက်အရွယ် စိစစ်ဆောင်ရွက်ရန် အခက်အခဲရှိခြင်း စတဲ့အကျိုးဆက်တွေကိုလည်း ထည့်သွင်းစဉ်းစားထားကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဆင်ဆာကို အစားထိုးမယ့် Rating စနစ်နဲ့ပတ်သက်လို့ ဇာတ်ကားအဆင့် ခွဲခြားသတ်မှတ်တဲ့အပိုင်းမှာရော သတ်မှတ်ချက်များအတိုင်း လက်တွေ့အကောင်အထည်ဖော်မယ့် လုပ်ထုံးလုပ်နည်းများအတွက်ပါ ညှိနှိုင်းစီစဉ်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

**သဘောထားအမှန်**

ဒီနေ့အချိန်မှာ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အားလုံးက အာသီသပြင်းပြနေကြပါတယ်။ ဒီလိုအခြေအနေမှာ ကျွန်တော်တို့အားလုံး လိုချင်၊ ဖြစ်ချင်တဲ့ အဖြေတစ်ခုကို အာရုံစူးစိုက်ပြီး ညှိနှိုင်းဆောင်ရွက်တဲ့ နည်းလမ်းနဲ့ဆောင်ရွက်ရင် ပိုပြီးအလုပ်ဖြစ်နိုင်မယ်လို့ ထင်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ကတော့ မြန်မာ့ရုပ်ရှင်ဥပဒေကို ရုပ်ရှင်လောကနဲ့ ရုပ်ရှင်ကြည့်ပရိသတ်များရဲ့ အကျိုးအတွက် လိုအပ်ချက်တွေနဲ့အညီ ရုပ်ရှင်လောကသားတွေနဲ့ ပူးပေါင်းပြီး အမြန်ဆုံးရေးဆွဲဆောင်ရွက်လိုတဲ့ ဆန္ဒရှိသလို ရုပ်ရှင်လောကသားများ လိုလားတဲ့ အသက်အပိုင်းအခြားအလိုက် ဇာတ်ကားအဆင့်သတ်မှတ်မှုစနစ်(Rating System) ကျင့်သုံးဆောင်ရွက်ရေးကိုလည်း သဘောတူညီပါတယ်လို့ အတိအလင်းပြောကြားအပ်ပါတယ်။

**အေးကြွယ် (ပြန် / ဆက်)**

**စာရေးသူသည် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ခေတ္တညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပါသည်။**

# ရန်ကုန်တက္ကသိုလ်က မြန်မာနိုင်ငံရဲ့ပညာရေးသမိုင်းကိုပဲကြည့်ကြည့်၊ နိုင်ငံရေးသမိုင်းကိုပဲကြည့်ကြည့်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကိုပဲကြည့်ကြည့် ဖယ်ထားခဲ့လို့မရဘူး။ ဒီတန်ဖိုးတွေက အမျိုးသားအဆင့်အမွေအနှစ် သတ်မှတ်ဖို့ရာအတွက် အရည်အချင်းရှိတယ်။

ဦးသူရအောင်

## တွေ့ဆုံမေးမြန်း- မင်းသစ်(MNA)/ဓာတ်ပုံ -ကိုဇော်



ဦးသူရအောင်
မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာအသင်း
အတွင်းရေးမှူး

**မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းတွင်သာမက နိုင်ငံရေးသမိုင်းတွင်ပါ အရေးပါခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ရန်ကုန်တက္ကသိုလ်ကို တည်ထောင်ခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် နှစ် ၁၀၀ ပြည့်ခဲ့ပြီဖြစ်သည်။ ထိုကဲ့သို့ သမိုင်းတန်ဖိုးကြီးမားလှသည့် ရန်ကုန်တက္ကသိုလ်ကို အမျိုးသားအဆင့်အမွေအနှစ်စာရင်းဝင်ရန် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာအသင်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

ရန်ကုန်တက္ကသိုလ်ကို အမျိုးသားအဆင့်အမွေအနှစ်စာရင်းဝင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာအသင်း အတွင်းရေးမှူး ဦးသူရအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များ ကို တင်ပြလိုက်ရပါသည်။



**မေး ။ ။ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာအသင်းအနေနဲ့ ရန်ကုန်တက္ကသိုလ်ကို အမျိုးသားအဆင့် အမွေအနှစ်စာရင်းဝင်ဖို့ ဆောင်ရွက်နေတဲ့ အခြေအနေကို သိချင်ပါတယ်။**

ဖြေ ။ ။ ရန်ကုန်တက္ကသိုလ်ကို အမျိုးသားအဆင့်အမွေအနှစ်စာရင်းဝင်ဖို့ ကျွန်တော်တို့ အသင်းက သတ်မှတ်လို့မရပါဘူး။ အမွေအနှစ်စာရင်းဝင်ဖို့ ဘယ်လိုလုပ်သွားမလဲဆိုရင် ကျွန်တော်တို့အသင်းက အရပ်ဘက်အဖွဲ့အစည်းဖြစ်တဲ့အတွက် အမျိုးသားအဆင့် အမွေအနှစ်စာရင်းဝင်ဖို့ တင်သွင်းဖို့လိုအပ်တဲ့ သမိုင်းဆိုင်ရာ ပြုစုချက်တွေ၊ အမျိုးသားအဆင့် အမွေအနှစ်စာရင်းဝင်တဲ့ အခါကျရင် ရန်ကုန်တက္ကသိုလ်ကို ဘယ်လိုထိန်းသိမ်းရမလဲဆိုတဲ့ အမွေအနှစ်ထိန်းသိမ်းရေး လမ်းညွှန်ချက်တွေ၊ ရန်ကုန်တက္ကသိုလ်အတွင်းမှာ ရှေ့လျှောက် ဘာတွေလုပ်သွားရမလဲဆိုတဲ့ အကြံပြုချက်တွေ စတဲ့ဘယ်လိုလုပ်သင့်တယ်ဆိုတဲ့ အကြံဉာဏ်တွေကို အဆိုပြုလွှာစာနဲ့တွဲပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြမယ်။ နည်းပညာအရသော်လည်းကောင်း၊ ပညာရပ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအရသော်လည်းကောင်း ဆက်ကူညီသွားမယ်။ တကယ်တမ်းလုပ်ရမှာက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအစိုးရကပဲ သတ်မှတ်တာကိုလုပ်လို့ရမှာ ဖြစ်ပါတယ်။ သတ်မှတ်နိုင်အောင်အတွက် ဒီလိုအရည်အချင်းတွေ ရှိပါတယ်။ ဒီလိုဆိုရင် သတ်မှတ်လို့ရပါတယ်ဆိုတဲ့ အကြောင်းကို ရန်ကုန်တက္ကသိုလ်က တာဝန်ရှိသူတွေကိုရော၊ တိုင်းဒေသကြီးအစိုးရကိုရော၊ ပြည်ထောင်စုအစိုးရအဖွဲ့ကိုရော တင်ပြပေးသွားမယ်။

ရန်ကုန်တက္ကသိုလ်က သမိုင်းဆိုင်ရာအရ အရေးပါတဲ့ အမွေအနှစ်မြောက်တယ်။ ရန်ကုန်တက္ကသိုလ်က မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းကိုပဲ ကြည့်ကြည့်၊ နိုင်ငံရေးသမိုင်းကိုပဲကြည့်ကြည့်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကိုပဲကြည့်ကြည့် ရန်ကုန်တက္ကသိုလ်ကို ဖယ်ထားခဲ့လို့မရဘူး။ မြန်မာနိုင်ငံရဲ့ အစောဆုံးတက္ကသိုလ်၊ အအောင်မြင်ဆုံးဖြစ်ခဲ့တဲ့ တက္ကသိုလ်မှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးသန့်တို့အပြင်ကို ဒေါက်တာမောင်မောင်ခ၊ ဒေါက်တာသန်းထွန်းတို့လို ပညာရှင်တွေ အများကြီး မွေးထုတ်ပေးခဲ့တဲ့နေရာ၊ နိုင်ငံရေးပြောင်းလဲမှုတွေ ဖြစ်ခဲ့တဲ့နေရာတစ်ခု၊ ဒီတန်ဖိုးတွေက အမျိုးသားအဆင့်အမွေအနှစ် သတ်မှတ်ဖို့ရာအတွက် အရည်အချင်းရှိတယ်။

**မေး ။ ။ အမျိုးသားအဆင့်အမွေအနှစ်စာရင်း သတ်မှတ်နိုင်ဖို့ စတင်တာ ဘယ်အဆင့်ရောက်နေပြီလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ရန်ကုန်တက္ကသိုလ်က သမိုင်းအမွေအနှစ်ထိုက်တယ်ဆိုတာကို ပြည်သူလူထုကို အသိပေးတယ်။ ဒီလအတွင်းမှာ ဘယ်လိုလုပ်မလဲဆိုတဲ့ အစီအစဉ်မူကြမ်းကို အပြီးရေးဆွဲမယ်။ ရန်ကုန်တက္ကသိုလ် သမိုင်းအကျဉ်းနဲ့ ရန်ကုန်တက္ကသိုလ်ကို ဘယ်နေရာအထိ သတ်မှတ်မလဲဆိုတာတွေကို ပြင်ဆင်ရေးတွေ လုပ်နေပါတယ်။ ပြီးရင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြမယ်။ အခုကတော့ စပြီးဆော်သြတဲ့အဆင့်ပဲ ရှိပါသေးတယ်။ အိုင်ဒီယာတွေ၊ ဘယ်လိုလုပ်ရမလဲဆိုတဲ့ လမ်းကြောင်းတွေ၊ မူဝါဒတွေရှိတယ်။ ပထမဆုံးအဆင့်အနေနဲ့ ရန်ကုန်တက္ကသိုလ်သည် နိုင်ငံတော်အဆင့် အမွေအနှစ်စာရင်းဝင်ခံထိုက်တဲ့အကြောင်း ပြည်သူတွေ သိအောင်ပြောတယ်။ ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့ အစီအစဉ်မူကြမ်းကို ဆွဲနေပြီ။ အဲဒါပြီးရင် ပြည်သူလူထုကို အသိပေးမယ်။ ရန်ကုန်တက္ကသိုလ်ကို အမွေအနှစ်စာရင်းတင်ဖို့အတွက် အဓိက သက်ဆိုင်သူတွေကို ဒီလိုမူကြမ်းရှိတယ်ဆိုပြီး တွေ့ဆုံဆွေးနွေးညှိနှိုင်းမယ်။ ပူးပေါင်းဆောင်ရွက်ဖို့။ အဲဒီကတစ်ဆင့် သူတို့ပူးပေါင်း ဆောင်ရွက်တယ်ဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို တင်ပြီး အဆင့်ဆင့် ဆောင်ရွက်သွားမယ်။

> **“ နိုင်ငံတော်အဆင့် အမွေအနှစ်စာရင်းဝင်ခံထိုက်တဲ့အကြောင်း ပြည်သူတွေ သိအောင်ပြောတယ်။ ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့ အစီအစဉ်မူကြမ်းကို ဆွဲနေပြီ။ အဲဒါပြီးရင် ပြည်သူလူထုကို အသိပေးမယ်။ ရန်ကုန်တက္ကသိုလ်ကို အမွေအနှစ်စာရင်းတင်ဖို့အတွက် အဓိက သက်ဆိုင်သူတွေကို ဒီလိုမူကြမ်းရှိတယ်ဆိုပြီး တွေ့ဆုံဆွေးနွေးညှိနှိုင်းမယ်။ ”**

**မေး ။ ။ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံရဖို့ ဘယ်လိုစံနှုန်းတွေ သတ်မှတ်ထားရှိလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ယဉ်ကျေးမှုအမွေအနှစ် သတ်မှတ်တဲ့နေရာမှာ ဘာစံနှုန်းတွေရှိလဲဆိုတော့ ၂၀၁၉ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေရဲ့ ပုဒ်မ ၂(က)မှာ ယဉ်ကျေးမှု အမွေအနှစ်ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ ရှေးဟောင်းသုတေသနအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ဘူမိဗေဒအရဖြစ်စေ၊ ဇီဝဗေဒအရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန်လိုအပ်သည့် ရှေးဟောင်းနေရာ သို့မဟုတ် ရှေးဟောင်းအဆောက်အအုံကို ဆိုသည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ဒီလိုတန်ဖိုးတွေ ကြီးမားလွန်းလို့ ကာကွယ်စောင့်ရှောက်သင့်တဲ့ အမွေအနှစ်အရည်အချင်းရှိရင် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်လို့ရပါတယ်။ ရန်ကုန်တက္ကသိုလ်က နိုင်ငံရဲ့လွတ်လပ်ရေးသမိုင်းနဲ့လည်းဆိုင်သလို ပညာရေးသမိုင်းနဲ့လည်း ဆိုင်တယ်။ ဒီသမိုင်းတန်ဖိုးကြီးမားတဲ့ အရာတစ်ခုတည်းနဲ့တင် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်လို့ရတယ်။ ဒါ ၂၀၁၉ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရကို အကျုံးဝင်နေပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံမှာ အမျိုးသားအဆင့်အမွေအနှစ်အဖြစ် သတ်မှတ်ထားတာ ဘယ်နှခုလောက်ရှိလဲ။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာ အမျိုးသားအဆင့်အမွေအနှစ်အဖြစ် သတ်မှတ်ထားတာ ၄၇ နေရာရှိတယ်။ အဲဒီမှာ ရန်ကုန်က ၁၆ ခုပါတယ်။ အဲဒီထဲမှာ အကုန်လုံးက ဘုရားတွေချည်းပဲ။ ဒီစာရင်းတွေက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ထုတ်ပြန်တဲ့စာရင်းတွေ ဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာတော့ Update မလုပ်နိုင်ဘူး။ ယဉ်ကျေးမှုအမွေအနှစ်လို့ပြောလိုက်ရင် ဘုရားတွေချည်းပါနေတယ်။ ရန်ကုန်တက္ကသိုလ်ကို ဒီနှစ် ဒီအချိန်ခါလိုမျိုး ထည့်မယ်ဆိုရင် တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ အားလုံးနဲ့ဆိုင်တဲ့ ပညာရေး၊ နိုင်ငံရေးနဲ့ဆိုင်တဲ့ ယဉ်ကျေးမှုအမွေအနှစ် အမျိုးအစားတစ်ခု ထွက်လာမယ်။ ယဉ်ကျေးမှုအမွေအနှစ်လို့ပြောရင်၊ ယဉ်ကျေးမှုတစ်ခုလို့ပြောရင် ဒီနိုင်ငံမှာ ဖြစ်တည်နေထိုင်ခဲ့တဲ့လူတွေ ဒီနိုင်ငံဖြစ်လာဖို့အတွက် ဖြစ်တည်လာခဲ့တဲ့ သမိုင်းတွေ၊ ဓလေ့တွေ ဒါတွေနဲ့ဆက်စပ်ပြီး တန်ဖိုးရှိတယ်လို့ပြောရင် အမွေအနှစ် စာရင်းထည့်လို့ ရတယ်။

**မေး ။ ။ ရန်ကုန်တက္ကသိုလ်ကို အမျိုးသားအဆင့် အမွေအနှစ်အဖြစ် သတ်မှတ်လိုက်ရင် ဘယ်လို အကျိုးကျေးဇူးတွေ ရရှိလာနိုင်မလဲ။**

ဖြေ ။ ။ အမျိုးသားအဆင့်အမွေအနှစ်အဖြစ် သတ်မှတ်လိုက်ရင် ရရှိလာမယ့် အကျိုးကျေးဇူးက ကာကွယ်စောင့်ရှောက်မှုရမယ်၊ လုံခြုံမှုရမယ်၊ လုံခြုံမှုဆိုတာ ဥပမာပေးရရင် ရန်ကုန်တက္ကသိုလ်ကို ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်လိုက်ရင် ရန်ကုန်တက္ကသိုလ်ပရဝဏ်နဲ့ ပေဘယ်လောက်အကွာမှာ ရန်ကုန်တက္ကသိုလ်ရဲ့ ပရဝဏ်ကိုကွယ်စေမယ့် အဆောက်အဦမျိုး၊ ဆောက်တာမျိုး၊ လုပ်လို့မရတော့ဘူး။ အဲဒီအပြင် ဥပဒေအရ ကာကွယ်လိုက်တဲ့အတွက် ဒီအတွင်းမှာ ဒါလုပ်လို့မရဘူးဆို လုပ်လို့မရဘူး။ ရန်ကုန်တက္ကသိုလ်ရဲ့ ပရဝဏ်ကြီးတစ်ခုလုံးကို ကာကွယ်ပြီးသားဖြစ်တယ်။ နောက်ပြီး ရန်ကုန်တက္ကသိုလ်ထဲမှာရှိတဲ့ ရှေးဟောင်းအဆောက်အဦတွေရဲ့ လုံခြုံမှု။ အမွေအနှစ်စာရင်းဝင်သွားရင် ရန်ကုန်တက္ကသိုလ်ထဲမှာရှိတဲ့ အဆောက်အဦတွေကို ပြုပြင်ထိန်းသိမ်းရေး လုပ်မယ်ဆိုရင် မူလလက်ရာအတိုင်း ဆောက်ရမယ်။

**မေး ။ ။ အသင်းအနေနဲ့ မြန်မာနိုင်ငံအတွင်း တခြားနေရာတွေမှာ ယဉ်ကျေးမှု အမွေအနှစ် သတ်မှတ်နိုင်ဖို့ ဆောင်ရွက်တာရှိလား။**

ဖြေ ။ ။ အသင်းအနေနဲ့ လက်ရှိမှာဆောင်ရွက်နေတာက မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်က အောင်နန်းရွာမှာ ယဉ်ကျေးမှုအမွေအနှစ် နေရာတွေရှိတယ်။ အဆောက်အအုံတွေရှိတယ်။ အောင်နန်းက ၁၉ ရာစု အစောပိုင်းလက်ရာတွေရှိတယ်။ အောင်နန်းမှာ စေတီအဆူပေါင်း ၁၀၀ ကျော်လောက်ရှိတယ်။ အဲဒီမှာ ရှေးဟောင်းသုတေသန မှတ်တမ်းစာရင်း ကောက်နေတယ်။ ဒီစီမံကိန်းက မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပံ့ပိုးမှုနဲ့ ညွှန်ကြားချက်နဲ့ ကောက်နေတယ်။ လက်ရှိ ကိုဗစ်ဖြစ်လို့ လုပ်ငန်းရပ်ဆိုင်း ထားရတယ်။ ကိုဗစ်ကာလပြီးသွားရင် ဒီလုပ်ငန်းပြန်စပြီး တိုင်းဒေသကြီးလွှတ်တော်မှာ တိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်စာရင်း ထည့်သွင်းဖို့ တင်ပြမယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း တင်ပြမယ်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနကိုလည်း ပြုစုထားတဲ့ အချက်အလက်တွေ ပေးသွားမယ်။ တိုင်းဒေသကြီးအမွေအနှစ် ဝင်ရောက်နိုင်အောင် လုပ်သွားမယ်။

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ပုဂ္ဂလိကပညာရေးကဏ္ဍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၃၀) ပုဂ္ဂလိက ပညာရေးကဏ္ဍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် Online စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ပုဂ္ဂလိက ပညာရေးကဏ္ဍနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ဦးစားပေးဖြည့်ဆည်း**

ညှိနှိုင်း အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက နိုင်ငံတော်အနေဖြင့် ပညာရေး၌ ပိုမိုရင်းနှီးမြှုပ်နှံခြင်း၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ပံ့ပိုးပေးခြင်း၊ ဖွံ့ဖြိုးမှုအားနည်းသော ဒေသများကို ဦးစားပေးဖြည့်ဆည်းပေးခြင်းများကို လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသူကျောင်းသားများ ဘေးကင်းလုံခြုံ၍ ကျန်းမာပျော်ရွှင်သော အရည်အသွေးရှိ ပညာသင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ရရှိစေရန် ဦးတည်အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရာတွင် ကမ္ဘာ့လူသားကောင်း စိတ်ဓာတ်ရှိမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ တာဝန်ယူမှု တာဝန်ခံမှုနှင့် ဆန်းသစ်တီထွင်မှုကို ဦးတည်လျက် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှု (IQ)၊ စိတ်ခံစားရင့်ကျက်တည်ငြိမ်မှု၊ တစ်ပါးသူကို စာနာပေးနိုင်မှု (EQ)နှင့် ၂၁ ရာစု အရည်အသွေးများ ပြည့်ဝမှုအတွက် ထည့်သွင်းပုံဖော်သွားမည်ဖြစ်သကဲ့သို့ အဆင့်မြင့်နည်းပညာများ အသုံးပြု၍ သင်ကြားသင်ယူနိုင်ရေးအတွက် ထည့်သွင်း ရေးဆွဲထားပါကြောင်း၊ မျှော်မှန်းရလဒ်မူဘောင်များ ပါဝင်စေပြီး ကာလတို၊ ကာလလတ်၊ ကာလရှည် အညွှန်းကိန်းဦးတည်ချက်များ ပြည့်မီမှုကို စိစစ်အကဲဖြတ်သွားရမည် ဖြစ်ပါကြောင်း၊ သို့သော် ကျောင်းသူကျောင်းသားများ၊ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ တိုင်းရင်းသားမိဘပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

**သင်တန်းများပို့ချပေး**

ပညာရေးပြုပြင်ပြောင်းလဲမှုတွင် အရည်အသွေးမြင့်မားသော ပညာရေးကို အမျိုးသားပညာအရည်အချင်းမူဘောင် သတ်မှတ်ချက်နှင့်အညီ တစ်သက်တာသင်ယူမှု အခွင့်အလမ်းများ မြှင့်တင်အကောင်အထည်ဖော်ကာ အဆင့်မြင့်ကျွမ်းကျင်မှုများ ရရှိလာအောင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အရည်အသွေးရှိသော ပညာရေးနှင့် အဆင့်မြင့်သော စွမ်းရည်များကသာ အလုပ်အကိုင်ကောင်းများ ရရှိရေးအတွက် အာမခံနိုင်မည်ဖြစ်ပါကြောင်း၊ ကိုယ်ပိုင်ကျောင်းများ၏ သင်ကြားသင်ယူမှုတွင် သီအိုရီပိုင်း၊ လက်တွေ့ပိုင်းနှင့်လုပ်ငန်းခွင်အတွေ့အကြုံရရှိရေးတို့ကို ချိတ်ဆက်ထည့်သွင်း ပေးစေလိုပါကြောင်း၊ အရည်အသွေးရှိသော ပညာရေးအတွက် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနည်းတူ ပုဂ္ဂလိကကျောင်းများမှ ဆရာ ဆရာမများအားလည်း သင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကျောင်းများသို့ တက်ရောက်နေသည့် ကျောင်းသူကျောင်းသားများ အခြေခံပညာကျောင်းများ သို့မဟုတ် နိုင်ငံတကာကျောင်းများသို့ လွယ်ကူစွာ ပေါင်းကူးတက်ရောက်နိုင်ရေးအတွက် Credit Transfer စနစ် အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ပညာရေးအရည်အသွေး မြင့်မားလာရေးအတွက် ဦးတည် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် "မိုင်းလား" အထူးဒေသ(၄) မှ ငြိမ်းချမ်းရေးကော်မရှင်သို့ ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၀

**ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် "မိုင်းလား" အထူးဒေသ (၄) မှ ငြိမ်းချမ်းရေးကော်မရှင်သို့ လှူဒါန်းငွေကျပ်သိန်း ၁၀၀၀ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။**



အခမ်းအနားတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းက ယနေ့အချိန်တွင် အားလုံးသိကြသည့်အတိုင်း ကိုဗစ်-၁၉ ကပ်ရောဂါကာလအား မိမိတို့တိုင်းပြည်တစ်ခုတည်းတင်မဟုတ်ဘဲ တစ်ကမ္ဘာလုံးက ကာကွယ်၊ ကုသ၊ တွန်းလှန်မှုများ ဆောင်ရွက်နေရသည့်အချိန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဖြစ်ပွားမှု တတိယအဆင့် ရောက်နေပြီဖြစ်၍ အဆိုပါ ကိုဗစ်-၁၉ ရောဂါကိုကာကွယ်၊ ကုသရာတွင် နိုင်ငံသားတိုင်း တာဝန်ယူ ဆက်လက်ထိန်းချုပ် ကုသနေရသည့်ကာလဖြစ်ပါကြောင်း၊ ယခုကဲ့သို့ " မိုင်းလား'' အထူးဒေသ(၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းက မိမိတို့၏ ငြိမ်းချမ်းရေးကော်မရှင်သို့ အလှူငွေလာရောက်ပေးအပ်ခြင်းသည် လိုအပ်နေသည့်အချိန်တွင် လိုအပ်သည့်အကူအညီကို ရရှိခြင်းပင် ဖြစ်ပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေး ကော်မရှင်အနေဖြင့် ယခုကဲ့သို့ ကိုဗစ်- ၁၉ ရောဂါအား တွန်းလှန်ရန် ကူညီဆောင်ရွက်ပေးနေခြင်းသည် ငြိမ်းချမ်းရေး လုပ်ဆောင်နေခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် "မိုင်းလား" အထူးဒေသ(၄) ကိုယ်စားလှယ် ဦးကျော်ကျော်အောင်က ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးတွင် အသုံးပြုရန်အတွက် လှူဒါန်းငွေကျပ်သိန်း ၁၀၀၀ ကိုပေးအပ်လှူဒါန်းရာ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းက လက်ခံရယူပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ "မိုင်းလား" အထူးဒေသ(၄) ကိုယ်စားလှယ် ဦးကျော်ကျော်အောင်က အလှူငွေပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ ထွန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေး ကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှယနေ့အထိ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် ကုသရေးတွင် အသုံးပြုရန်အတွက် ကရင်ပြည်နယ် (မြဝတီဆေးရုံ)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ICU) ဌာန၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရန်ကုန်မြို့အတွင်းရှိ ကိုဗစ်- ၁၉ အရေးပေါ် လူမှုကယ်ဆယ်ရေး လူနာတင်စခန်း ၁၈ခုမှ Volunteer အဖွဲ့များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ ကိုဗစ်-၁၉ ကုသရေးစင်တာများနှင့် Quarantine Center များ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၊ သူနာပြုတက္ကသိုလ် ရန်ကုန်ရှိ ကိုဗစ်-၁၉ သံသယလူနာများ စောင့်ကြည့်ဌာန (YGH PUI Extension)၊ တပ်မတော် အရိုးရောဂါကုဆေးရုံကြီး၊ သန်လျင်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ လှိုင်သာယာပြည်သူ့ဆေးရုံကြီး၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (သုဝဏ္ဏ၊ ရန်ကုန်)၊ မူဆယ်ကုသိုလ်ဖြစ်ဆေးရုံ၊ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီး၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မင်္ဂလာဒုံ၊ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀) တို့သို့ PPE Level-2 Surgical gowns ဝတ်စုံ စုစုပေါင်းအထည် ၁၉၃၂၀၊ Surgical Mask (နှာခေါင်းစည်း) စုစုပေါင်း ၁၀၉၅၀၀၊ Powered Air-Purifying Respirator ၃၆ စုံနှင့် ဆက်စပ်ပစ္စည်းများအပြင် ငွေသားကျပ်သိန်းပေါင်း ၁၆၂၀ တို့ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

**ဆက်လက်လှူဒါန်းသွားမည်**

ငြိမ်းချမ်းရေး ကော်မရှင်သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ဝေဘာဂီအထူးကု ဆေးရုံကြီး၊ မူဆယ်ကုသိုလ်ဖြစ်ဆေးရုံ၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ တပ်မတော်အရိုးရောဂါကုဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) များသို့ PPE Level-2 Surgical gowns၊ Surgical Mask (နှာခေါင်းစည်း)၊ N-95 Mask နှင့် လိုအပ်သည့် အခြားဆက်စပ်ပစ္စည်းများကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

*❍ကျောဖုံးမှ*

ပျောက်ဆုံးနေသည့်အသင်းဖြစ်သည်။ ဒေးဗစ်မိုယက်စ်၏ ဝက်စ်ဟမ်းအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် လီဗာပူးနှင့် မန်ယူအသင်းတို့ကို ရှုံးနိမ့်ထားပြီး ဖူလ်ဟမ်၊ ရှက်ဖီးလ်၊ အက်စ်တွန်ဗီလာ အသင်းတို့ကို နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်ကို တွေ့ရသည်။

အဆိုပါ နှစ်သင်း၏အမှတ်ပေးဇယားကိုနှိုင်းယှဉ်ကြည့်လျှင် လိဒ်စ်အသင်းက ၁၁ ပွဲကစားပြီး လေးပွဲနိုင်၊ နှစ်ပွဲ သရေ၊ ငါးပွဲအထိ ရှုံးနိမ့်ထားသည့်အတွက် ရမှတ် ၁၄ မှတ်ဖြင့် အဆင့် (၁၄) နေရာတွင် ရပ်တည်နေသည်။ ဝက်စ်ဟမ်းအသင်းက ၁၁ ပွဲကစားပြီး ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးနိမ့်ထားသည့်အတွက် ရမှတ် ၁၇ မှတ်ဖြင့် အဆင့် (၈) နေရာတွင် ရပ်တည်နေသည်။ အမှတ်ပေးဇယားရပ်တည်မှုအရ အဆင့် (၈) နှင့် (၁၄) နေရာတွင်ရပ်တည်နေသော်လည်း အဆိုပါ နှစ်သင်း၏ အမှတ်ကွာဟမှုမှာ သုံးမှတ်သာရှိသည့်အတွက် ယခုပွဲစဉ်သည် ပြိုင်ဆိုင်မှုမြိုင်ဆိုင်လာဖွယ်ရှိနေသည်။

ဝက်စ်ဟမ်းအသင်းက ယခုပွဲစဉ်ကို အနိုင်ရရှိလျှင် အဆင့် (၅) နေရာအထိ ယာယီတက်လှမ်းသွားနိုင်မည်ဖြစ်သည့်အတွက် အားစိုက်ကစားလာဖွယ်ရှိနေပြီး လိဒ်စ်အသင်းကလည်း အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းနိုင်ရန်အတွက် ယခုပွဲစဉ်ကို သေချာပြင်ဆင်လာဖွယ်ရှိနေသည်။ လိဒ်စ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်တွင် အနိုင်အရှုံးအဖြေမပေါ်ဘဲ ဝက်စ်ဟမ်းအိမ်ကွင်းတွင် တစ်ဖက်နှစ်ဂိုးစီ သရေကျထားပြီး လိဒ်စ်အိမ်ကွင်းတွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်ကို တွေ့ရသည်။

လိဒ်စ်အသင်းမှ တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ ဘမ်းဖို့ဒ်သည် ပရီမီယာလိဂ် ၁၁ ပွဲတွင် ရှစ်ဂိုးအထိ သွင်းယူပေးထားနိုင်ပြီး ဂိုးရရှိအောင် တစ်ကြိမ်ဖန်တီးပေးထားနိုင်သည်။ ဝက်စ်ဟမ်းအသင်းမှ တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ ဘိုဝင်သည် ၁၁ ပွဲတွင် လေးဂိုးသွင်းယူပေးနိုင်ပြီး ဂိုးရရှိအောင် တစ်ကြိမ်ဖန်တီးပေးထားနိုင်သည်။ ဝက်စ်ဟမ်းအသင်းသည် ပရီမီယာလိဂ် ၁၁ ပွဲတွင် ရဂိုးက ၁၈ ဂိုးအထိရှိပြီး ပေးဂိုးက ၁၄ ဂိုး ပြန်လည်ခွင့်ပြုပေးထားရသည်။ ဝက်စ်ဟမ်းအသင်း၏ ရဂိုးအနေအထားကိုကြည့်လျှင် နာမည်ကြီးအာဆင်နယ်အသင်း၏ ရဂိုးထက်ပင်ပိုများနေသည်ကို တွေ့ရသည်။ တစ်ဖန် လိဒ်စ်အသင်း၏ ရဂိုး၊ ပေးဂိုးအနေအထားကိုကြည့်လျှင် ရဂိုးက ၁၆ ဂိုးရှိပြီး ပေးဂိုးကဂိုး၂၀အထိပြန်လည်ခွင့်ပြုပေးထားရသည်။ ထို့ကြောင့် လိဒ်စ်အသင်းသည် ဝက်စ်ဟမ်းအသင်းထက် တိုက်စစ်ပိုင်းအနည်းငယ်အားနည်းသလို ခံစစ်ပိုင်းလည်း အနည်းငယ်အားနည်းနေသည်ကို တွေ့ရသည်။ **အောင်ဇော်**

# ဘရာဇီးနိုင်ငံတွင် ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်ခရီးစဉ်ပျံသန်းမှုများ စတင်



ခရီးစဉ်ပျံသန်းမှုပြန်လည်စတင်နေပြီဖြစ်သည့် ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်ကို တွေ့ရစဉ်။

ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၁၀

**ဘရာဇီးနိုင်ငံတွင် ဘိုးရင်းမက်စ် ၇၃၇ ခရီးသည်တင်လေယာဉ် ခရီးစဉ်ပျံသန်းပြေးဆွဲမှုကို ဒီဇင်ဘာ ၉ ရက်တွင် ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်က ဘိုးရင်း၏ မက်စ် ၇၃၇ လေယာဉ် မတော်တဆပျက်ကျမှုနှစ်ခု ဖြစ်ပွားခဲ့မှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ဘိုးရင်းမက်စ် ၇၃၇ လေယာဉ်များကို လပေါင်း၂၀ ကျော်ကြာအောင် ပျံသန်းပြေးဆွဲခြင်း မပြုဘဲ ရပ်နားထားခဲ့ရပြီးနောက် ပထမဆုံးအကြိမ် ခရီးစဉ်ပြန်လည်ပျံသန်းပြေးဆွဲခြင်းဖြစ်ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။**

ဘရာဇီးနိုင်ငံ၏ တန်ဖိုးနည်းလေကြောင်းလိုင်းဖြစ်သည့် GOL က ဆောင်ရွက်လျက်ရှိသည့် ဆော်ပေါ်လိုနှင့် ပေါ်တိုအယ်လီဂရီအကြား ခရီးစဉ်ကို ပြန်လည်ပျံသန်းပြေးဆွဲခဲ့ကြောင်း သိရသည်။

သို့ရာတွင် ခရီးစဉ်ပျံသန်းမှုပြန်လည်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်သည့် အခြားသော အသေးစိတ်အကြောင်းအရာများကို ဖော်ပြရန် အဆိုပါလေကြောင်းလိုင်းက ငြင်းဆန်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်များအသုံးပြုခြင်းကို ရပ်နားရန် ဆုံးဖြတ်လိုက်ကြောင်း GOL လေကြောင်းလိုင်းက ကြေညာခဲ့သည်။ အင်ဒိုနီးရှားနှင့် အီသီယိုပီးယားနိုင်ငံတို့တွင် ဘိုးရင်း ၇၃၇ မက်စ်လေယာဉ် မတော်တဆပျက်ကျမှု နှစ်ခုဖြစ်ပွားခဲ့ပြီး လူ ၃၄၆ ဦးအထိ သေဆုံးခဲ့ရပြီးနောက် မတ်လတွင် ကမ္ဘာတစ်ဝန်းရှိ အဆိုပါ အမျိုးအစားလေယာဉ်များ ပျံသန်းပြေးဆွဲခြင်းကို ပိတ်ပင်ခံခဲ့ရသည့်အတွက် လေယာဉ်များကို လပေါင်းများစွာကြာအောင် ရပ်နားထားခဲ့ရသည်။

အမေရိကန်လေကြောင်းလိုင်းက လုပ်ကိုင်နေသည့် ၇၃၇ မက်စ်လေယာဉ်ကို ယခုလ အစောပိုင်းက ပထမဆုံး အကြိမ် လူသိရှင်ကြား ခရီးစဉ်ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## လာအိုနိုင်ငံသို့ ဗီယက်နမ်က လျှပ်စစ်ဓာတ်အား ပိုမို တင်ပို့ရောင်းချမည်

**ဗီယန်ကျင်း ဒီဇင်ဘာ ၁၀**

လာအိုနိုင်ငံတွင် လျှပ်စစ်ဓာတ်အား မလုံလောက်သည့်အခြေအနေကို ဖြေရှင်းနိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံက လာအိုနိုင်ငံသို့ လျှပ်စစ်ဓာတ်အား ပိုမိုတင်ပို့ရောင်းချရန် စီစဉ်နေကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားကို လာအိုနှင့် ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများက တည်ဆောက်ထားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဝယ်ယူလျက်ရှိကြောင်း ဒေသမီဒီယာဖြစ်သည့် ဗီယန်ကျင်းတိုင်းမ်း သတင်းစာက လာအို စွမ်းအင်နှင့်သတ္တုတွင်းဒုတိယဝန်ကြီး ဒါအိုဗွန် ဖွန်နက်ကီယို၏ ပြောကြားချက်ကို ကိုးကားလျက် ဒီဇင်ဘာ ၁၀ ရက်တွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် လက်ရှိအချိန်မှစတင်ကာ လာမည့် ၂၀၂၅ ခုနှစ်အထိ လာအိုနိုင်ငံမှ လျှပ်စစ်ဓာတ်အားကို တစ်ကီလိုဝပ်လျှင် အမေရိကန်သုံးငွေ ၆ ဒသမ ၉၅ ဆင့်ဖြင့် ဝယ်ယူသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်ရာ လာအိုနိုင်ငံမှ လျှပ်စစ်ဓာတ်အားကို ဗီယက်နမ်သို့ တင်ပို့ရောင်းချမှုသည် ၂၀၂၆ ခုနှစ်နှင့် ၂၀၃၀ ပြည့်နှစ်အတွင်း ၅၀၀၀ မီဂါဝပ်အထိ တိုးလာနိုင်ကြောင်း ခန့်မှန်းထားသည်။

လာအိုနိုင်ငံတွင် ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင် အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား အများအပြား ထုတ်လုပ်ပေးလျက်ရှိရာ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ လျှပ်စစ်ဓာတ်အားတင်ပို့ရောင်းချလျက်ရှိကြောင်း လာအိုစွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီး ဒါအိုဗွန် ဖွန်နက်ကီယိုက ပြောသည်။ **ဆင်ဟွာ**

## အာဖရိက နိုင်ငံများ ၂၀၂၁ ခုနှစ် အစောပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမည်

**အဘူဂျာ ဒီဇင်ဘာ ၁၀**

အာဖရိကနိုင်ငံများ၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းမှ စတင်ကာ အဆိုပါနှစ်၏ ပထမသုံးလပတ်တစ်လျှောက်လုံး ကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အာဖရိကပြည်ထောင်စုဆိုင်ရာ အထူးသံတမန်က ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

**တံခါးပိတ်ဆွေးနွေးပြီး အတည်ပြု**

အာဖရိကဒေသ ကိုဗစ်- ၁၉ တိုက်ဖျက်ရေးအတွက် နိုင်ငံတကာစီးပွားရေး အကူအညီပေးလှုပ်ရှားမှုဆိုင်ရာ အထူးသံတမန် ငိုဇီ အိုကွန်ဂျို အီဝီလာသည် မြို့တော်အဘူဂျာ၌ နိုင်ဂျီးရီးယား နိုင်ငံခြားရေးဝန်ကြီး ဂျော်ဖရီ အွန်ရီမာနှင့် တံခါးပိတ်ဆွေးနွေးပြီးနောက် ကာကွယ်ဆေးထိုးမည့် အစီအစဉ်ကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လုံခြုံစိတ်ချရခြင်း မရှိသေး**

ကမ္ဘာပေါ်တွင် ကိုဗစ်- ၁၉ ကူးစက်ခံထားရသည့် လူနာတစ်ဦး တည်းသာ ကျန်ရှိနေစေကာမူ အားလုံးအတွက် လုံခြုံစိတ်ချရဦးမည် မဟုတ်ကြောင်း၊ ထို့ကြောင့်ပင် ပိုမိုဆင်းရဲသည့် နိုင်ငံများ၊ ဝင်ငွေနည်းပါးသည့် နိုင်ငံများတွင် ကာကွယ်ဆေးကို မြန်မြန်ဆန်ဆန် ရရှိရန် အရေးကြီးကြောင်း အာဖရိက ပြည်ထောင်စု အထူးသံတမန် အိုကွန်ဂျို အီဝီလာက ပြောကြားလိုက်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဝင်ငွေနည်းပါးသည့် နိုင်ငံများသည် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ဈေးနှုန်းချိုသာစွာဖြင့် အများနှင့်တန်းတူ ရရှိစေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**




ကိုဗစ်- ၁၉ ကာကွယ်ဆေး စမ်းသပ်မှု ဆောင်ရွက်နေစဉ်။

## ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့ ဘရက်ဇစ်ကာလနှောင်းပိုင်း ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဒီဇင်ဘာ ၁၃ ရက် နောက်ဆုံးထား ဆွေးနွေးမည်

**လန်ဒန် ဒီဇင်ဘာ ၁၀**

ဗြိတိန်နှင့် ဥရောပသမဂ္ဂခေါင်းဆောင်များသည် ဥရောပသမဂ္ဂအဖွဲ့ကြီးမှ ဗြိတိန်နုတ်ထွက်လိုက်သည့် ဘရက်ဇစ်ကာလနှောင်းပိုင်း ကုန်သွယ်ရေးဆိုင်ရာသဘောတူညီမှုနှင့် ပတ်သက်သည့် သဘောထားကွဲလွဲမှုများကို မျက်နှာချင်းဆိုင် ထိပ်သီးဆွေးနွေးမှု ပြုလုပ်ခဲ့သော်လည်း ဖြေရှင်းနိုင်ခြင်းမရှိခဲ့ပေ။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်တို့သည် ဒီဇင်ဘာ ၉ ရက်က ဘရပ်ဆဲလ်၌ သုံးနာရီခန့်ကြာအောင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံခဲ့ပြီးနောက် သီးခြားစီထုတ်ပြန်ခဲ့သည့် ဖော်ပြချက်၌ နှစ်ဖက်စလုံးက သဘောထားကွဲလွဲနေဆဲဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဝင်များသည် စကားပြောဆိုဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်မည်ဖြစ်ပြီး လာမည့်ဒီဇင်ဘာ ၁၃ ရက်တွင် အပြီးသတ်ဆုံးဖြတ်ချက်ချရန် သဘောတူခဲ့ကြကြောင်း သိရသည်။

ဗြိတိန်ဘက်မှ ဖော်ပြချက်၌ ဝန်ကြီးချုပ်အနေဖြင့် မျှတသော သဘောတူညီမှုဆီ ဦးတည်နေသည့် မည်သည့် လမ်းကြောင်းကိုမဆို လိုက်ရန် ဆုံးဖြတ်ထားကြောင်း၊ သို့ရာတွင် ဗြိတိန်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို လေးစားမှုရှိသည့် သဘောတူညီမှုမျိုးဖြစ်ရန် လိုကြောင်း ဆိုထားသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်လိုက်သည့် ဇန်နဝါရီလကတည်းကစတင်ကာ နှစ်ဖက်စလုံးသည် ဒီဇင်ဘာလကုန်လောက်တွင် သဘောတူညီမှုတစ်ရပ် ရရှိရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း သဘောထားကွဲလွဲမှုများကြောင့် ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။

**အင်န်အိတ်ချ်ကေ**



ဘရပ်ဆဲလ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်။

## ကိုဗစ်- ၁၉ ကာကွယ်ဆေးရရှိလျှင် ကာကွယ်ဆေးကို ကိုယ်တိုင် လူသိရှင်ကြား ထိုးနှံမည်ဖြစ်ကြောင်း ဂူတာရက်စ်ပြော

**ဂျီနီဗာ ဒီဇင်ဘာ ၁၀**

ကိုဗစ်- ၁၉ ကာကွယ်ဆေးကို လက်ဝယ်ရရှိသည်နှင့် တစ်ပြိုင်နက် ကာကွယ်ဆေးထိုးခြင်းကို ကိုယ်တိုင် လူသိရှင်ကြား ခံယူမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်က ဒီဇင်ဘာ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

ပြည်သူလူထုအား ကာကွယ်ဆေးထိုးနှံရန် ဆွဲခေါ်သည့်အနေဖြင့် ကိုယ်တိုင်ကာကွယ်ဆေးထိုးခြင်းကို လူသိရှင်ကြားလုပ်ဆောင်ရန် ရှိ မရှိ မေးမြန်းခဲ့ရာတွင် ဂူတာရက်စ်က ထိုသို့ကျိန်းသေလုပ်ဆောင်မည်ဟု ပြောကြားလိုက်ကြောင်း သိရသည်။ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို လူတိုင်းထိုးနှံကြရန်လည်း ၎င်းက တိုက်တွန်းလိုက်သည်။

ကာကွယ်ဆေးထိုးခြင်းသည် မိမိတို့အားလုံးက ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးပေးနိုင်သည့် ဝန်ဆောင်မှုပင်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီ ကာကွယ်ဆေးထိုးနှံခြင်းသည် ပြည်သူတစ်ရပ်လုံးကို ကာကွယ်ရန် ကြိုးပမ်းခြင်းပင်ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အန်တိုနီယို ဂူတာရက်စ်က ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကာကွယ်ဆေးများကို ထိရောက်စွာ သယ်ယူပို့ဆောင်ရန် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

ကိုဗစ်-၁၉ ကာကွယ်ဆေး အရေးပေါ်အသုံးပြုခွင့် သဘောတူညီချက်ရတော့မည့်ဆဲဆဲတွင် အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ထိရောက်စွာ သယ်ယူပို့ဆောင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၁၀ ရက်က ဖော်ပြလိုက်သည်။

အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က အမေရိကန်ဆေးဝါးကုမ္ပဏီဖိုက်ဇာနှင့် ဂျာမန်ဆေးဝါးကုမ္ပဏီ ဘိုင်အိုအင်န်တက်ချ်တို့၏ ကိုဗစ်-၁၉ ကာကွယ်ဆေးကို စစ်ဆေးရန် ဒီဇင်ဘာ ၁၀ ရက်က အကြံပေးကော်မတီအစည်းအဝေးကို ခေါ်ယူခဲ့ပြီး ကျွမ်းကျင်သူများ၏ သဘောထားကို ကြားနာခဲ့ကြောင်းနှင့် ထွက်ပေါ်လာသော ရလဒ်ကို အခြေခံလျက် ဆုံးဖြတ်ချက်ချသွားမည်ဖြစ်ကြောင်း သိရသည်။

နယူးယောက်မြို့တော်ဝန် အန်ဒရူးကော်မိုက ဖိုက်ဇာ၏ ကာကွယ်ဆေးကို ဒီဇင်ဘာ ၁၀ ရက်တွင် အတည်ပြုခဲ့ကြောင်း သတင်းထောက်များကို ပြောကြားလိုက်သည်။ ယခုသီတင်းပတ်ထဲတွင် နယူးယောက်အတွက် အဆိုပါ ကာကွယ်ဆေး ၁၇၀၀၀၀ ခန့်ကို လက်ခံရရှိမည်ဖြစ်ကြောင်း မြို့တော်ဝန်က ဆက်လက်ပြောကြားလိုက်သည်။

နယူးယောက်ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်အရ ကာကွယ်ဆေး ပထမဆုံးအသုတ်ကို ကျန်းမာရေးဝန်ထမ်းများအား ထိုးပေးသွားမည်ဖြစ်ပြီး တခြားကာကွယ်ဆေးများကို ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများသို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှတစ်ဆင့် ရေခဲသေတ္တာများဖြင့် ပေးပို့သွားမည်ဖြစ်သည်။

ကော်မိုက ကာကွယ်ဆေးဖြန့်ဖြူးခြင်းသည် ပမာဏများသောကြောင့် လာမည့်သီတင်းပတ်များအတွင်း နောက်ထပ်ခွဲတမ်းထပ်ရနိုင်မည်ဟု ပြောကြားသည်။

အမေရိကန်အနောက်ပိုင်း ကော်လိုရာဒိုပြည်နယ်မှ အရာရှိများသည် လေဆိပ်မှ သက်ဆိုင်ရာ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများသို့ ကာကွယ်ဆေးသယ်ယူပို့ဆောင်ပေးမှုကို အစမ်းလေ့ကျင့်ခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့များနှင့် အမျိုးသားအစောင့်တပ်ဖွဲ့များ လိုက်ပါခြံရံလျက် ကာကွယ်ဆေးများပါသည့် ရေခဲခြောက်များထည့်ထားသော ကွန်တိန်နာကို ခရီးအကွာအဝေး နှစ်နာရီကြာ ကားမောင်းပြီး ဆေးရုံသို့ ပို့ဆောင်ရမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုရှိ အာဏာပိုင်များသည် အလွန်အေးခဲသောအပူချိန်ဖြင့်ထားသိုရမည့် ကာကွယ်ဆေး သယ်ယူပို့ဆောင်ရန်အတွက် ရေခဲသေတ္တာများကို မှာယူခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**



ဖိုက်ဇာတံဆိပ်ပါ ရေခဲခန်းကွန်တိန်နာပါသည့် ကုန်တင်ယာဉ်တစ်စင်းကို တွေ့ရစဉ်။

# တိုကျိုတွင် ကိုဗစ်- ၁၉ ကူးစက်မှု များလာခြင်းက ကျန်းမာရေးစနစ်ကို ဝန်ပိစေကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ သတိပေး

**တိုကျို ဒီဇင်ဘာ ၁၀**

တိုကျိုတွင် ကိုဗစ်-၁၉ ကူးစက်မှုသစ်များ မြင့်တက်လာခြင်းက ၎င်း၏ ကျန်းမာရေးစနစ်ကို ဝန်ပိစေကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက သတိပေးပြောကြားလိုက်သည်။ ကျန်းမာရေးစနစ် ဝန်ပိမှုကြောင့် တခြား လူနာများအတွက် ကျန်းမာရေးဆိုင်ရာ ဂရုစိုက်စောင့်ရှောက်မှုပေးရန် အလွန်ခက်ခဲသော အခြေအနေနှင့် ကြုံတွေ့လျက်ရှိသည်။



ကူးစက်ရောဂါအကြံပေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေး ကျွမ်းကျင်သူများသည် တစ်ပတ်အတွင်း ကိုဗစ်- ၁၉ ကူးစက်မှုအခြေအနေများကို အကဲဖြတ်ရန် တိုကျိုအစိုးရအရာရှိများနှင့် ဒီဇင်ဘာ ၁၀ ရက်က အစည်းအဝေးပြုလုပ်နေသည်ကို တွေ့ရစဉ်။

ကူးစက်ရောဂါ အကြံပေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေး ကျွမ်းကျင်သူများသည် တစ်ပတ်အတွင်း ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေများကို အကဲဖြတ်ရန် တိုကျိုအစိုးရအရာရှိများနှင့် ဒီဇင်ဘာ ၁၀ ရက်က တွေ့ဆုံခဲ့ပြီးနောက် ယခုလို သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်မှု အရေအတွက်သည် ဆက်လက်များပြားလျက်ရှိကြောင်း၊ အထူးသဖြင့် အသက် ၆၅ နှစ်နှင့် အထက် လူများတွင် ပြင်းထန်သည့်အခြေအနေများဖြစ်နိုင်သည့် အန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း ကျွမ်းကျင်သူများက ပြောသည်။

သက်ကြီးရွယ်အိုများ ရောဂါကူးစက်မည့်အန္တရာယ်မှ ကာကွယ်ရန်နှင့် ကျန်းမာရေးစနစ်ပြိုလဲမည့် အခြေအနေကို ဖြစ်နိုင်သမျှသောနည်းလမ်းများဖြင့် တတ်နိုင်သမျှ ဆောင်ရွက်နေကြောင်း ကျွမ်းကျင်သူများက ပြောသည်။

ကိုဗစ်- ၁၉ သတိပေးအဆင့် ၁ မှ ၄ အထိ ရှိရာ အစည်းအဝေးတွင် တိုကျိုမြို့၏ ကိုဗစ်- ၁၉ သတိပေးအဆင့်ကို အမြင့်ဆုံးအဆင့်အထိ သတ်မှတ် သတိပေးလိုက်ကြောင်း သိရသည်။ တိုကျိုမြို့၏ ကျန်းမာရေးစနစ်သည် ဒုတိယအမြင့်ဆုံးအဆင့်အထိ ရောက်နေပြီး စိုးရိမ်ရကြောင်း သိရသည်။

ကျန်းမာရေးစနစ်အပေါ် ဝန်ပိမှုများလာခြင်းနှင့် ပတ်သက်ပြီး ကျွမ်းကျင်သူများက စိုးရိမ်နေကြောင်း ဖော်ပြလိုက်သည်။

တိုကျိုမြို့တွင် ကိုဗစ်- ၁၉ ကြောင့် ဆေးရုံတက်ရောက်သူ အရေအတွက်သည် ယခုသီတင်းပတ်တွင် ၁၈၀၀ အထိ ကျော်လွန်လာခဲ့ကြောင်းနှင့် ယင်းပမာဏသည် လွန်ခဲ့သော သီတင်းပတ်က ဆေးရုံတက်ရောက်ရသည့် အရေအတွက် ၂၀၀ ထက်ပိုများကြောင်း သိရသည်။

အဆိုပါအခြေအနေက တခြားရောဂါများဖြစ်ပွားနေသည့်လူနာများကို ကျန်းမာရေးဆိုင်ရာ ဂရုစိုက်စောင့်ရှောက်မှုပေးရန် ခက်ခဲလျက်ရှိကြောင်း သိရသည်။

ထို့အပြင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်မှုသစ်များ ထပ်မဖြစ်အောင် လုပ်ဆောင်ရေးသည် အဓိက အရေးကြီးသည့် အချက်ဖြစ်ကြောင်း ကျွမ်းကျင်သူများက တိုက်တွန်းပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ဖိုက်ဇာကာကွယ်ဆေးများ အစ္စရေးနိုင်ငံသို့ ရောက်ရှိလာ

**ဂျေရုဆလင် ဒီဇင်ဘာ ၁၀**

ဖိုက်ဇာမှ ကိုဗစ်- ၁၉ ကာကွယ်ဆေး ပထမအသုတ်သည် အစ္စရေးနိုင်ငံသို့ ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက ရောက်ရှိလာခဲ့ကြောင်း၊ ကာကွယ်ဆေးပထမအသုတ်တွင် ကာကွယ်ဆေး ရှစ်သန်းခန့် ပါဝင်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ဘယ်လ်ဂျီယံနိုင်ငံ မြို့တော်ဘရပ်ဆဲလ်မှ ထွက်ခွာလာသော ဒီအိတ်ချ်အယ်လ် သယ်ယူပို့ဆောင်ရေး ကုန်တင် လေယာဉ်သည် တယ်လ်အဗစ်အပြင်ဘက် ဘန်ဂူရီယွန် လေဆိပ်သို့ ရှေ့ပြေး သယ်ယူပို့ဆောင်ခြင်း အနေဖြင့် ကာကွယ်ဆေး ပမာဏအနည်းငယ်ကို အအေးခန်းသိုလှောင်သိမ်းဆည်းမှု လုပ်ငန်းစဉ်များနှင့်အတူ သယ်ဆောင်လာခဲ့ကြောင်း အစ္စရေး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြလိုက်သည်။

ကာကွယ်ဆေးများကို ယုံကြည်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက လေဆိပ်၌ ကာကွယ်ဆေးများကို လက်ခံရင်း ပြောကြားလိုက်သည်။

အစ္စရေး ကျန်းမာရေးဝန်ကြီး ယူလီအယ်ဒက်စတိန်းက ကာကွယ်ဆေးသည် အစ္စရေး၌ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများအတွက် အရေးကြီးဆုံး မစ်ရှင်တစ်ခုဖြစ်ကြောင်းနှင့် ကပ်ရောဂါနိဂုံး၏ အစကို မြင်တွေ့နေရကြောင်း ပြောကြားလိုက်သည်။

ဒီဇင်ဘာ ၁၀ ရက်တွင် နောက်ထပ် ကာကွယ်ဆေး ၁၀ သန်း ထပ်မံရောက်ကြောင်း ကျန်းမာရေး အာဏာပိုင်များက ပြောသည်။

အစ္စရေးနိုင်ငံသည် ၎င်း၏ ကိုယ်ပိုင်ကာကွယ်ဆေးကို တိုးတက်ထုတ်လုပ်လျက်ရှိသကဲ့သို့ မော်ဒါနာနှင့် အက်စ်ထရာဇနီကာတို့မှ ကာကွယ်ဆေးများကိုလည်း မှာယူထားကြောင်း သိရသည်။ **ဆင်ဟွာ**



ဒီအိတ်ချ်အယ်လ်သယ်ယူပို့ဆောင်ရေး ကုန်တင်လေယာဉ်နှင့်အတူ ရောက်ရှိလာသော ဖိုက်ဇာကာကွယ်ဆေးများနှင့်အတူ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကို တွေ့ရစဉ်။

# အီရတ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ဖြစ်ပွားနေသူပေါင်း ငါးသိန်းကျော်ရှိလာ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၀**

အီရတ်ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၉ ရက်တွင် ကိုဗစ်- ၁၉ ထပ်တိုးအတည်ပြုလူနာ ၁၇၃၅ ဦးရှိကြောင်းဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း ၅၆၉၈၇၃ ဦးရှိလာကြောင်း သိရသည်။ ထို့အပြင် ကိုဗစ်- ၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၄ ဦးရှိပြီး ၁၇၈၂ ဦးပြန်လည်ကောင်းမွန်လာမှုနှင့်အတူ နိုင်ငံတစ်ဝန်း ဗိုင်းရပ်စ်ကြောင့် သေဆုံးသူပေါင်းမှာ ၁၂၅၀၀ ဦးရှိလာပြီး ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၉၉၈၄၆ ဦးရှိလာသည်။ ဖေဖော်ဝါရီလ ကိုဗစ်-၁၉ စတင်တွေ့ရှိခဲ့ချိန်ကတည်းကစကာ ယခုအချိန်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ ဆန်းသပ်စစ်ဆေးမှုပေါင်း ၃၇၆၉၂၃ ခုပြုလုပ်ခဲ့ပြီးဖြစ်သည်။

**ဆင်ဟွာ**

# (၇၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

(၇၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် Virtual Online စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက (၇၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် Good Neighbors International (GNI) တို့ ပူးပေါင်းစီစဉ်ရိုက်ကူးသည့် လူ့အခွင့်အရေး Animation အားပြသသည်။ ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)၊ Resident Representative (Myanmar) ကိုယ်စား Mrs. Dawn Del Rio နှင့် ညီမျှခြင်းမြန်မာမှ အမှုဆောင်ဒါရိုက်တာ ဦးအောင်မျိုးမင်းတို့က အမှတ်တရစကားပြောကြားကြသည်။

ဆက်လက်၍ (၇၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲမှ ဆုရရှိသူများကို ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ကဗျာပြိုင်ပွဲ ပထမဆုရရှိသူ ဦးခင်မောင်ချို၊ ခင်မောင်ချို (ကည္သတ်ကွင်း) က ဆုရကဗျာအား ဖတ်ကြားရွတ်ဆိုပြီး ဆောင်းပါးပြိုင်ပွဲမှ ပထမဆုရရှိသူ ဦးသက်ဦးမောင်၊ သက်ဦးမောင် (မဟာဝိဇ္ဇာ) က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် မဟာမိတ်မြန်မာ (Alliance Myanmar)တို့ ပူးပေါင်းကျင်းပသည့် ရုပ်ရှင်ဇာတ်လမ်းတိုပြိုင်ပွဲ ဆုရရှိသူများကို ကြေညာပြီး မဟာမိတ်မြန်မာတာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တေးရေးဆရာ ဓိရာမိုရ် ရေးစပ်သီကုံးပြီး အဆိုတော် အောင်ထက်နှင့် Jewel တို့ သီဆိုထားသည့် "အားလုံးအတွက် လူ့အခွင့်အရေး" တေးသီချင်းအား ကော်မရှင်ရုံးဝန်ထမ်းများက သီဆိုခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**






## ပြင်သစ်နိုင်ငံ၏ သမ္မတဟောင်း Mr. Valery Giscard d' Estaing ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၁၀**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်သည် ပြင်သစ်နိုင်ငံ၏ သမ္မတဟောင်း Mr. Valery Giscard d' Estaing ကွယ်လွန်သွားသည့်အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ် (၁၀၂) ပြည်ထောင်စု ရိပ်သာလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ ယနေ့မွန်းလွဲ ၂ နာရီတွင် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)**

ပြင်သစ်နိုင်ငံ၏ သမ္မတဟောင်းသည် ၁၉၇၄ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ပြင်သစ်နိုင်ငံ၏ သုံးဦးမြောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခု ကွယ်လွန်ချိန်တွင် အသက် (၉၄)နှစ်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန၏ (၁၄)ကြိမ်မြောက် ဦးဆောင်လမ်းညွှန်ကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

14 th Meeting of ARMAC Steering Committee အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ARMAC) ရုံးချုပ်၌ ယမန်နေ့နံနက် ၈ နာရီခွဲက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ARMAC ၏ Steering Committee ဝင်များဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်အောင်၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး ထင်အောင်ကျော်တို့က နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

အစည်းအဝေး၌ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ သံအမတ်ကြီးများ၊ ဦးဆောင်လမ်းညွှန်ကော်မတီဝင် ကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေး ဗဟိုဌာန (ARMAC)မှ Mr. Prum Suonpraseth (Executive Director, ARMAC) နှင့် တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ARMAC ၏ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်အား ဗီယက်နမ်သံအမတ်ကြီးက ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ဘရူနိုင်းသံအမတ်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ARMAC ၏ Steering Committee အစည်းအဝေး သုံးလတစ်ကြိမ် ပုံမှန်ကျင်းပမှုအစား လေးလတစ်ကြိမ် ပြောင်းလဲကျင်းပရန် သတ်မှတ်အတည်ပြုဆုံးဖြတ်ချက် ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**









# ကိုယ့်ဆီကနေ နောက်တစ်ယောက်ကို ကူးသွားနိုင်



ရောဂါပိုးရှိတဲ့သူ ၆၅ ရာခိုင်နှုန်းက ရောဂါလက္ခဏာ မပြပါဘူးဆိုတာလည်း ကျွန်မတို့ ထပ်တလဲလဲသတိပေးပါတယ်။ ဒီလိုရောဂါရဲ့ လက္ခဏာမပြတဲ့ အခါကျတော့ ကိုယ်ကတော့ ကောင်းနေပြီလို့ ထင်လိမ့်မယ်။ အများအားဖြင့် ရောဂါလက္ခဏာမပြတဲ့သူတွေက အသက်အရွယ်လည်း ကောင်းတယ်၊ ကျန်းမာရေးအခြေခံလည်း ကောင်းတယ်။ ကောင်းတဲ့အခါကျတော့ ရောဂါလက္ခဏာမပြဘူး။ ဒါပေမယ့်လည်း ကိုယ့်ဆီကနေပြီးတော့ ကိုယ့်မှာရောဂါပိုး ဝင်နေပြီဆိုရင်၊ ရောဂါလက္ခဏာ ပြသည်ဖြစ်စေ၊ မပြသည် ဖြစ်စေ ကိုယ့်ဆီကနေပြီး နောက်တစ်ယောက် ကူးသွားနိုင်တယ်။ ကူးသွားတဲ့တစ်ယောက်က ရောဂါအခြေခံ ရှိချင်ရှိမယ်။ အခြေခံရောဂါ ကျန်းမာရေးမကောင်းဘူးပေါ့။ ဒါမှမဟုတ် သက်ကြီးရွယ်အိုတွေလည်း ဖြစ်နိုင်တယ်။ အဲဒီလိုကူးသွားပြီဆိုရင် အဲဒီလူတွေဟာ သေဆုံးသွားနိုင်တယ်ဆိုတာကိုတော့ ကျွန်မတို့ ပြည်သူတွေကနေပြီးတော့ မမေ့ဖို့က အင်မတန်မှ အရေးကြီးပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၄–၁၂–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃၂၁ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၀–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၉–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၂,၂၄၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၃၂၁) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၀–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၀၀၉) ခု | (၁၃၆) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၅၅၀) ခု | (၇၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၇၂၅) ခု | (၅၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၃၆၆) ခု | (၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၂၀၄) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၃၄) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄၉) ခု | (၅၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃၂) ခု | (၇) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၈) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၅၇) ခု | (၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၃၁) ခု | (၂၉၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၇၆၆) ခု | (၆၆၈) ဦး |
| **စုစုပေါင်း** | **(၂၂,၂၄၁) ခု** | **(၁,၃၂၁) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရ ရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | ၁–၁၂–၂၀ | ၂–၁၂–၂၀ | ၃–၁၂–၂၀ | ၄–၁၂–၂၀ | ၅–၁၂–၂၀ | ၆–၁၂–၂၀ | ၇–၁၂–၂၀ | ၈–၁၂–၂၀ | ၉–၁၂–၂၀ | ၁၀–၁၂–၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၇.၈ | ၇.၂ | ၆.၂ | ၇.၀ | ၆.၆ | ၆.၀ | ၆.၆ | ၅.၆ | ၆.၉ | ၅.၉ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌ လည်း မူတည်နေပါသည်။ (၁–၁၂–၂၀၂၀) ရက်နေ့မှ (၁၀–၁၂–၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၈,၅၄၁) ခုမှ အများဆုံး(၂၃,၃၄၈) ခု အထိ ဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၁,၀၃၈)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၁၀–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၂,၂၄၁) ဦး | (၁,၃၇၄,၁၅၉) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၃၂၁) ဦး | (၁၀၄,၄၈၇) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၉၈) ဦး | (၈၂,၈၁၃) ဦး |
| သေဆုံးလူနာ | (၂၇) ဦး | (၂,၂၀၁) ဦး |

- ယနေ့ သေဆုံးသူ (၂၇) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၂၁) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၉၈) ဦးတွင်–
  - o ပြည်သူ့ဆေးရုံများ – (၃၅၅) ဦး
  - o COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၇၄၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၉၆၃) ဦးတွင်–
  - o Hotel Quarantine – (၁၇၀) ဦး
  - o Facility Quarantine – (၃၆) ဦး
  - o Community Based Facility Quarantine – (၇၁၃) ဦး
  - o Anosmia Center – (၄၄) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

## ----- ထက်လျှံ -----

**ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူကို ပညာပေးမျှဝေပေးမည့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဒီဇင်ဘာ ၉ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး။** ။ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုမှာ အွန်လိုင်းပေါ်ကနေ လုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်ကြမလဲ၊ အွန်လိုင်းပေါ်က အလုပ်အကိုင်အခွင့်အလမ်းတွေရဲ့ အလားအလာတွေနဲ့ ပြင်ဆင်သင့်တဲ့ အကြောင်းအရာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမယ့် ဒစ်ဂျစ်တယ်စီးပွားရေး အကြောင်း သိကောင်းစရာအစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ **ချိတ်ဆက်ကုမ္ပဏီလီမိတက်မှ CEO ဒေါ်ဟန်နီမြဝင်းနဲ့ MMtutors မှ Co–Founder & CEO ဒေါ်ဖူးပွင့်အိမ်** တို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး မေးခွန်းအနေနဲ့ **မြန်မာနိုင်ငံအတွင်းမှာ MERRP လို့ခေါ်တဲ့ စီမံကိန်းအသစ်ကို ဆောင်ရွက်ဖို့ရှိနေတယ်။ ဒီစီမံကိန်းအသစ်အထဲမှာ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး စီးပွားရေးလုပ်ငန်းတွေကို အဓိကဦးတည်ဆောင်ရွက်သွားမယ်ဆိုတဲ့ အကြောင်းအရာတွေ ဖြစ်နေတော့၊ ဒီအထဲမှာ အခန်းကဏ္ဍတစ်ခုအနေနဲ့ ပါဝင်နေတဲ့ အွန်လိုင်းပေါ်က အလုပ်လုပ်ခြင်းနဲ့ပတ်သက်ပြီး ဒေါ်ဟန်နီမြဝင်းက ဆွေးနွေးပေးပါဦး။**

**ဒေါ်ဟန်နီမြဝင်း။** ။ အခုလို ဒစ်ဂျစ်တယ်ခေတ်မှာ လူတွေရဲ့ နေထိုင်မှုပုံစံတွေ ပြောင်းလဲလာတယ်။ အထူးသဖြင့် အခုလိုမျိုး ကပ်ရောဂါ ကျရောက်နေတဲ့အချိန်မှာ အလုပ်လုပ်တဲ့ပုံစံတွေက သိသိသာသာကို ပြောင်းလဲလိုက်ရတာမျိုးတွေရှိပါတယ်။

စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ နည်းပညာကို အရင်ကထက် ပိုပြီးကျွမ်းကျင်လာအောင် လုပ်ရတယ်။ ကိုယ့်လုပ်ငန်းကို လူချင်းမတွေ့ရလည်း၊ ရုံးတွေဆိုင်တွေ ပိတ်ထားရလည်း ဆက်လက်ရှင်သန်ကျန်နေရစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို အရင်ဆုံး ရင်ဆိုင်ဖြေရှင်းရတယ်။ ဒီအခက်အခဲတွေ ဖြေရှင်းဖို့အတွက် အွန်လိုင်းပေါ်ကနေ ချိတ်ဆက်ပြီး အပိုဝင်ငွေရှာတယ်ဆိုတာတွေ၊ လုပ်ငန်းရှင်တွေအနေနဲ့ဆိုရင် အမြဲတမ်းဝန်ထမ်း ငှားထားတာထက်စာရင် အွန်လိုင်းပေါ်ကနေ အလွတ်တမ်းပညာရှင်တွေကို ငှားရမ်းအသုံးပြုလုပ်ကိုင်ကြပါတယ်။ ဒီလို Gig Economy ကို “Future of Work” အလုပ်အကိုင်တွေရဲ့ အနာဂတ်လို့ တင်စားပြောဆိုပြီး နိုင်ငံတကာရော၊ အာရှနိုင်ငံတွေမှာပါ အထူးသဖြင့် ယခုလို ကပ်ရောဂါကာလ အတွင်းမှာ အရှိန်အဟုန်နဲ့ ထိုးဖောက်လာတာမျိုးကို တွေ့ရပါတယ်။

Gig Economy ရဲ့ အားသာချက်တွေကို ပြောရမယ်ဆိုရင် အလုပ်ရှင်တွေနဲ့ အလုပ်လုပ်ကိုင်သူတွေအတွက် အများကြီးရှိပါတယ်။ ပထမဦးဆုံးအချက်အနေနဲ့ ဒါက Centralized မဟုတ်ပါဘူး၊ Distributed Workforce ဖြစ်တယ်။ ဖြန့်ကြက်ထားတဲ့ အလုပ်သမားအင်အားဖြစ်တဲ့အတွက် နေရာ၊ ဒေသကွာဟချက်မျိုးတွေမရှိဘူး။ ကိုယ့်အလုပ်က ရန်ကုန်မြို့မှာဖြစ်လို့ ဒီအနီးအနားမှာ နေထိုင်တဲ့သူတွေကို အလုပ်ခန့်ရမယ်ဆိုတာမျိုးတွေ မရှိဘူး၊ အွန်လိုင်းကဖြစ်တဲ့အတွက် နယ်မြို့ကဖြစ်လို့ မြို့ပေါ်ကိုတက်ပြီး အလုပ်ရှာရတယ်ဆိုတာမျိုးတွေလည်း ရှိမလာနိုင်တော့ဘူး။ အင်တာနက်ရှိရုံနဲ့ လူတိုင်းက အိုးမကွာ၊ အိမ်မကွာ လွတ်လွတ်လပ်လပ် အလုပ်လုပ်နိုင်တယ်ဆိုတာက အားသာချက်တစ်ခု ဖြစ်ပါတယ်။

နောက်တစ်ခုက စရိတ်စက သက်သာမှုဖြစ်ပါတယ်။ အခုလိုမျိုးအကျပ်အတည်းကာလမှာ လုပ်ငန်းရှင်တွေအနေနဲ့ ရှေ့ဆက်အလုပ်တွေပြီးဖို့ဆိုရင် ဝန်ထမ်းအသစ်တွေခန့်ဖို့ အခက်အခဲတွေ ဖြစ်နေချိန်မှာ ကျွမ်းကျင်ပြီးသား အလွတ်တမ်းပညာရှင်တွေကို တစ်နေရာထဲမှာ ချိတ်ဆက်ပြီး လုပ်ငန်းပြီးတဲ့အထိ တာဝန်ပေးလိုက်တာက အများကြီးဝန်ပေါ့ပါတယ်။ အခုလိုအချိန်မျိုးမှာ ကိုယ်ပိုင်လုပ်ငန်းငယ်တွေ စတင်တည်ထောင်ဖို့အတွက်ဆိုရင် အလွတ်တမ်းပညာရှင်တွေရဲ့ အကူအညီနဲ့ စွန့်စားလို့ရတဲ့ အခြေအနေတစ်ခုကို ဖန်တီးပေးတာဖြစ်ပါတယ်။




ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် ချိတ်ဆက်ကုမ္ပဏီလီမိတက်မှ CEO ဒေါ်ဟန်နီမြဝင်းနှင့် MMtutors မှ Co–Founder & CEO ဒေါ်ဖူးပွင့်အိမ် တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

ဒီလိုပဲ အလုပ်လုပ်ကိုင်တဲ့သူတွေဘက်က ကြည့်မယ်ဆိုရင် သွားလာစရိတ်တွေ၊ ဘတ်စ်ကားပေါ်မှာ ပေးလိုက်ရတဲ့အချိန်တွေ ဒါမျိုးတွေ အများကြီးကို လျှော့ချနိုင်တာဖြစ်တဲ့အတွက် စရိတ်သက်သာတယ်လို့ ပြောလို့ရပါတယ်။ အလုပ်တစ်ခုတည်းကိုပဲ အာရုံပိုစိုက်လာနိုင်တာမျိုးတွေ ရှိပါတယ်။

နောက်ဆုံးတစ်ခု စိတ်ဝင်စားစရာကောင်းတဲ့အချက်က Gig Economy မှာ ဘယ်သူမဆို အင်တာနက်ရှိရုံနဲ့ အလုပ်လုပ်တာမျိုးဖြစ်တဲ့အတွက် ပုံမှန်လုပ်ငန်းခွင်ထဲ ဝင်ရောက်ဖို့ ခက်ခဲတဲ့သူတွေ၊ အိမ်မှာနေမှ အဆင်ပြေမယ့်သူတွေ (ဥပမာ – မသန်စွမ်းတွေ၊ အိမ်ထောင်ရှင်မတွေ) တစ်ပိုင်တစ်နိုင်နဲ့ အလုပ်လုပ်ဖို့အတွက် အခွင့်အရေး အများကြီး ပေါ်ပေါက်လာပါတယ်။ အရင်ခေတ်က အိမ်မှာ ဖုန်းတစ်လုံးရှိတယ်ဆိုရင် ဒါက အိမ်ထောင်ဦးစီး အမျိုးသားတွေနဲ့ပဲဆိုင်တယ်။ နည်းပညာဆိုတာ အမျိုးသမီးတွေအတွက် အလှမ်းဝေးတယ်ဆိုတဲ့ အတွေးအခေါ် တစ်ခုကနေ အခု Gig Economy ရဲ့ အကျိုးကျေးဇူးအနေနဲ့ ချိတ်ဆက်ကုမ္ပဏီလီမိတက်မှာရှိတဲ့ ဒေတာတွေအရ ပြန်ကြည့်မယ်ဆိုရင် အွန်လိုင်းပေါ်က အလွတ်တမ်း အလုပ်လုပ်ကိုင်နေတဲ့ အမျိုးသား၊ အမျိုးသမီး ရာခိုင်နှုန်းမှာ အမျိုးသမီးတွေက ပိုမိုများပြားတာကို စိတ်ဝင်စားဖွယ်တွေ့ရှိရပါတယ်။ တခြားအများကြီးရှိပါသေးတယ်၊ ဒါတွေက ထင်ရှားတဲ့ အားသာချက်တွေ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **အွန်လိုင်းပေါ်မှာ များသောအားဖြင့် ဘယ်လိုအလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာနိုင်သလဲဆိုတာကို ဒေါ်ဖူးပွင့်အိမ်က ဆွေးနွေးပေးပါဦး။**

**ဒေါ်ဖူးပွင့်အိမ်။** ။ အွန်လိုင်းကနေ လုပ်တယ်ဆိုတဲ့ အလုပ်အကိုင်တွေကို ဆွေးနွေးမယ်ဆိုရင် အကြမ်းဖျင်းအားဖြင့် နှစ်ခုခွဲလို့ ရပါတယ်။ အချိန်ပိုင်း အလုပ်လုပ်တာရှိတယ်၊ Project အလိုက် လုပ်သွားတာမျိုးတွေ ရှိတယ်။ အခုနောက်ပိုင်း ခေတ်စားတဲ့ အလုပ်အကိုင်တွေက လက်ရှိ မြန်မာနိုင်ငံမှာဆိုရင် အွန်လိုင်းကနေ Graphic Design လုပ်တာမျိုးတွေ၊ Application ရေးတာတွေ၊ ဘာသာပြန်အလုပ်တွေ အဲဒီလိုမျိုး အလုပ်အကိုင်တွေက လက်ရှိမှာပိုပြီး အလုပ်များကြတယ်။

ဒါ့အပြင် အချိန်ပိုင်းအနေနဲ့ ပြန်သွားမယ်ဆိုရင် အချိန်ပိုင်းဈေးကွက်ရှာဖွေတာမျိုးတွေ၊ အချိန်ပိုင်း စာသင်တာမျိုးတွေ ဒီလိုအလုပ်အကိုင်မျိုးတွေလည်း ရှိလာတယ်။ အွန်လိုင်းကနေ အလုပ်လုပ်တဲ့အခါ ကွန်ပျူတာကျွမ်းကျင်ရမှာ ဖြစ်ပါတယ်။ ဒီဟာတွေ လုပ်တာမျိုး မဟုတ်ဘဲ ဘယ်လိုတွေများလာပြီလဲဆိုရင် အွန်လိုင်းကနေပြီး ကိုယ်ကျွမ်းကျင်တဲ့ အိမ်ပြင်တာတို့၊ ရေပိုက်ပြင်တာတို့၊ မီးပြင်တာတို့ အဲဒီကနေစလို့ အိမ်ထောင်မှု ထိန်းသိမ်းရေးအကူတွေကိုပါ လုပ်ကိုင်လာကြပါတယ်။ အွန်လိုင်းမကျွမ်းကျင်ဘဲနဲ့ အလုပ်တွေ သွားလုပ်လို့ရနေပြီ ဖြစ်ပါတယ်။

အခုအွန်လိုင်းမှာ အလုပ်အကိုင်အခွင့်အလမ်းတွေကလည်း တော်တော်ကို ပေါလာပြီဖြစ်တဲ့အတွက် ကိုယ့်အနေနဲ့ နည်းပညာကျွမ်းကျင်မှ မဟုတ်ဘူး၊ နည်းပညာ မကျွမ်းကျင်ဘူးဆိုရင်လည်း ကိုယ်သိတဲ့အသိ သို့မဟုတ် အေဂျင်စီတွေနဲ့ ချိတ်ဆက်ပြီး Freelance Platform ကနေ ကိုယ်ကျွမ်းကျင်တာတွေကို ချိတ်ဆက်ထားလို့ ရပါတယ်။

**အစီအစဉ်မှူး။** ။ **လူတစ်ယောက်က အွန်လိုင်းပေါ်ကနေ အလုပ်လျှောက်တယ်ဆိုရင် ဘယ်လိုနည်းလမ်းတွေနဲ့ ဘယ်လိုနေရာတွေမှာ ရှာဖွေနိုင်သလဲဆိုတာကို ဒေါ်ဟန်နီမြဝင်းက ဆွေးနွေးပေးပါဦး။**

**ဒေါ်ဟန်နီမြဝင်း။** ။ အလုပ်ရှာလို့ရတဲ့နေရာတွေက အွန်လိုင်းပေါ်မှာ အများကြီးရှိပါတယ်။ နိုင်ငံတကာမှာဆိုရင် တစ်ကမ္ဘာလုံးက လူတွေကို ချိတ်ဆက်ပေးနေတဲ့ Global Platform တွေရှိပါတယ်။ သူတို့မှာ အမျိုးအစားလည်း တော်တော်စုံလင်ပါတယ်။ ဥပမာ Fiverr, Upwork, Freelancer.com တို့ဖြစ်ပြီးတော့ အားလုံးက IPO ဝင်ပြီး စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီကြီးတွေဖြစ်ပါတယ်။ များသောအားဖြင့် အဲဒီလို Global Platform တွေမှာ ဘယ်လိုနိုင်ငံက လူတွေကို တွေ့ရသလဲဆိုရင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့ဘက်က Freelance တွေ အများအပြားရှိတာကို တွေ့ရပါတယ်။

Global Platform က အတော်ကျယ်ပြန့်တဲ့အခါ နောက်တစ်မျိုးအနေနဲ့ ဒေသတွင်းဈေးကွက်နဲ့ ကိုက်ညီမှုရှိတဲ့ အချင်းချင်းချိတ်ဆက်ပေးတဲ့ Platform မျိုးတွေရှိတယ်။ နိုင်ငံအသီးသီးအလိုက် ဥပမာ အရှေ့တောင်အာရှနိုင်ငံတွေမှာဆို ဗီယက်နမ်မှာ Vlancers, ထိုင်းမှာဆိုရင် Fastwork ဆိုပြီး Local Freelance Platform တွေလည်း ရှိပါတယ်။ Local Platform တွေရဲ့ အားသာချက်က ဘာလဲဆိုရင် ဘာသာစကားတူညီတယ်၊ အချိန်ကာလကလည်းတူတယ်၊ အဲဒီအခါ ကိုယ်က ဒီမှာတစ်ခုခုကို လိုအပ်နေချိန်မှာ တစ်ဖက်က ညဖြစ်နေတာမျိုး ကွာခြားချက်တွေ မရှိတော့ပါဘူး။ ပြီးတော့ ဒေသအတွင်း နိုင်ငံတွေရဲ့ လုပ်ထုံးလုပ်နည်းတွေကို နားလည်တဲ့အတွက် ပြောဆိုဆက်ဆံရတာလည်း လွယ်ကူတယ်။ ငွေပေးငွေချေမှုစနစ်ကလည်း များသောအားဖြင့် Global Platform တက်ပြီဆိုရင် Visa, Master ကတ်တွေအပါအဝင် နိုင်ငံတကာအွန်လိုင်းငွေပေးချေမှုစနစ်တွေရှိမှသာ ကိုယ်က လုပ်ကိုင်နိုင်မယ့် အခြေအနေမျိုးရှိပါတယ်။ Local Platform တွေက Local မှာ ဘယ်လိုမျိုး အွန်လိုင်း Payment တွေရှိလဲ၊ အဲဒါတွေကို အကုန်လုံးလည်း တစ်ခါတည်း ပါဝင်ပြီးသားဖြစ်တဲ့အတွက် အဆင်ပြေတယ်။

တချို့တွေက Sector Specific အထူးပြုကဏ္ဍအနေနဲ့ သွားတာမျိုးတွေရှိပါတယ်။ Creative ပညာရှင်တွေ၊ ဒီဇိုင်းဆွဲသူတွေကိုပဲ သီးသန့်ချိတ်ဆက်ပေးတာမျိုး၊ Software Engineer, Developer နဲ့ နည်းပညာကျွမ်းကျင်တဲ့သူတွေသာ ချိတ်ဆက်ပေးတာမျိုး၊ ဒေသအတွင်းမှာ တစ်နေရာကိုသွားပြီး ကိုယ်ကအလုပ်လုပ်ပေးရတယ်ဆိုတဲ့ အချိန်ပိုင်းအလုပ်မျိုးတွေအတွက် သီးသန့်ချိတ်ဆက်ပေးတယ်ဆိုတဲ့ Platform တွေလည်းရှိပါတယ်။ ကိုယ်က အလုပ်အကိုင်အတွေ့အကြုံ မရှိသေးဘူးဆိုရင်တောင်မှ ကိုယ်လေ့လာထားတဲ့ ဘာသာရပ်တွေကို Udemy တို့ Skillshare တို့လို Platform တွေမှာ ပြန်လည်ဝေမျှပြီး အပိုဝင်ငွေရှာလို့လည်း ရပါတယ်။

**အစီအစဉ်မှူး။** ။ **အွန်လိုင်းကနေပြီး အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် ဘာတွေလိုအပ်သလဲ၊ ကိုယ့်အနေနဲ့ ဘာတွေပြင်ဆင်ထားဖို့သင့်သလဲဆိုတာကို ဒေါ်ဖူးပွင့်အိမ်က ဆွေးနွေးပေးပါဦး။**

**ဒေါ်ဖူးပွင့်အိမ်။** ။ အွန်လိုင်းကနေ အလုပ်စလုပ်တော့မယ်ဆိုရင်အလုပ်လျှောက်တော့မယ်ဆိုတဲ့အခါမှာ ကိုယ့်ရဲ့ ကိုယ်ရေးရာဇဝင် CV ကို သေချာပြင်ဆင်ထားဖို့လိုမယ်။ ပြီးရင် ကိုယ်ပြင်ဆင်ထားတွေကို ပို့ပေးဖို့နဲ့ အွန်လိုင်းကနေ အလုပ်လုပ်ကိုင်မှာဖြစ်တဲ့အတွက် အီးမေးလ်လိပ်စာတစ်ခုရှိဖို့ လိုအပ်ပါတယ်။ တခြားအနေနဲ့ဆိုရင် ကိုယ်က အလုပ်လုပ်တော့မှာဆိုရင် ကိုယ့်ကိုယ်ကိုယ် ရောင်းရမှာဖြစ်ပါတယ်။ ရောင်းဖို့အတွက် လိုအပ်တဲ့စာရွက်စာတမ်းတွေဖြစ်တဲ့ Cover Letter၊ ကိုယ် ဒီအလုပ်ကို ဘာလို့လုပ်ချင်သလဲ၊ ဘာရည်ရွယ်ချက်တွေရှိသလဲဆိုတဲ့ အကြောင်းအရာတွေကို သေချာပြင်ဆင်ဖို့လိုမယ်။ ပြီးတဲ့အခါ ကိုယ်အလုပ်လုပ်ကိုင်ခဲ့ဖူးတဲ့နေရာက ပရောဂျက်၊ လုပ်ငန်းက ထောက်ခံစာလို Recommendation Letter တောင်းဖို့ လိုမှာ ဖြစ်ပါတယ်။

ကိုယ်လုပ်ချင်တဲ့အလုပ်အပေါ်မှာ မူတည်ပြီး Application Form ကို ဖြည့်ဖို့လိုမယ်။ များသောအားဖြင့် Application Form မှာ ဒါတွေပဲ တောင်းမှာဖြစ်ပါတယ်။ ဒီစာရွက်စာတမ်းတွေနဲ့အတူတူ Professional Photo ဓာတ်ပုံနှစ်ပုံ ရိုက်ထားဖို့တော့လိုပါတယ်။ ဆယ်လ်ဖီပုံတွေကတော့ အဆင်မပြေပါဘူး။ ကိုယ့်ကိုယ် ယုံကြည်လောက်အောင် သေချာဝတ်ဆင်ပြီး ရိုက်ထားတဲ့ Professional Photo ဓာတ်ပုံနှစ်ပုံလိုပါမယ်။ များသောအားဖြင့်တော့ သိပ်ပြီး မတောင်းကြပါဘူး။

ဒါပေမယ့် ကိုယ်က ကြိုတင်ပြင်ဆင်ထားစေချင်ပါတယ်။ အချိန်ပိုင်းအလုပ်တွေမှာတော့ ပိုပြီး လိုအပ်တတ်ပါတယ်။ များသောအားဖြင့် Onetime Project လို၊ Freelancer အနေနဲ့တော့ မလိုအပ်ပါဘူး။ ကိုယ့်မှာရှိထားရင်တော့ ကောင်းပါတယ်။ အဲဒါတွေက ကိုယ့်ရဲ့ ဆိုရှယ်မီဒီယာရဲ့ Profile Link တွေ၊ ကိုယ်က ယုံကြည်စိတ်ချရရဲ့လားဆိုတာ လုပ်ငန်းရှင်တွေအနေနဲ့ ဒါတွေကို လေ့လာချင်တာလည်း ရှိတတ်ပါတယ်။ အဲဒါကြောင့် ဆိုရှယ်မီဒီယာရဲ့ Profile Link မှာ ကိုယ်လုပ်နေတဲ့အလုပ်ကို Work Profile ကောင်းကောင်းထည့်ထားဖို့ လိုပါမယ်။

ပြီးတဲ့အခါ Legal Document တွေဖြစ်တဲ့ သန်းခေါင်စာရင်း၊ မှတ်ပုံတင်၊ ပတ်စ်ပို့တွေအားလုံးကို စာရွက်စာတမ်းအနေနဲ့မဟုတ်ဘဲ ဖုန်းထဲမှာ Scan ဖတ်ပြီး Softcopy အနေနဲ့ သိမ်းထားစေချင်ပါတယ်။ ပညာအရည်အချင်းထောက်ခံချက်တွေ ဆယ်တန်းအောင်လက်မှတ်လို တက်ခဲ့ဖူးတာတွေ၊ ဒါပေမယ့် ကိုယ်လျှောက်မယ့် အလုပ်အပေါ်မူတည်ပြီး လိုအပ်တဲ့ Education Certificate တွေကို သိမ်းထားဖို့လိုပါတယ်။

တစ်ဖက်မှာ ကိုယ့်အနေနဲ့ အလွတ်တမ်းပညာရှင် Freelancer တို့လို၊ အချိန်ပိုင်းအလုပ် လုပ်ကိုင်တယ်ဆိုရင် ကျင့်ဝတ်တွေရယ်လို့ အခုအချိန်ထိရေးထားတာမရှိဘူး။ ဒါပေမယ့် ကိုယ့်အနေနဲ့ Communication ကောင်းကောင်း လုပ်ရမယ်။ Communication ဆိုရာမှာ အီးမေးလ် ပုံမှန်စစ်ရမယ်။ များသောအားဖြင့် ကိုယ်အလုပ်လျှောက်လိုက်ပြီးရင် အဲဒီအလုပ်က ဘာတွေပြန်ပြောမလဲ၊ ပြန်ဆက်သွယ်မလဲ၊ ကိုယ်အလုပ်ရသွားခဲ့ပြီဆိုရင်လည်း ဘယ်လို

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

စာမျက်နှာ ၁၆ မှ

ပရောဂျက်တွေထွက်လာပြီလည်း ဒါတွေကို ပုံမှန်စစ်နေဖို့ လိုပါတယ်။ အလုပ်က လျှောက်လိုက်ရင် ဖုန်းဆက်ကြတာများတယ်။ ဒါပေမယ့် ကိုယ်က Freelancer၊ အွန်လိုင်းကနေ သွားတော့မယ်ဆိုရင် အီးမေးလ်ကို ကျွမ်းကျွမ်းကျင်ကျင်၊ လျင်လျင်မြန်မြန် အသုံးပြုနိုင်ဖို့လည်း လိုအပ်တဲ့အတွက် ဘယ်လိုထိထိရောက်ရောက် ဆက်သွယ်မလဲဆိုတဲ့ Communication Skill လည်း လိုအပ်ပါတယ်။

ကျွန်မအနေနဲ့ အကြံပြုချင်တာက ကိုယ်တာဝန်ယူထားတဲ့အလုပ် Freelance လုပ်တာ၊ Partime အချိန်ပိုင်းလုပ်တာတို့မှာ အဲဒီအချက်က တော်တော်အခက်အခဲရှိပါတယ်။ ကိုယ်က ဒါကို လက်ခံထားပြီဆိုရင် မငြင်းသင့်ဘူး၊ Deadline နီးတော့မှ မလုပ်နိုင်တော့ဘူး၊ မပြီးနိုင်တော့ဘူး အဲဒီအခါ ကိုယ့်အပေါ်မြင်တဲ့အမြင်က မကောင်းနိုင်တော့ဘူး။ အေဂျင်စီအနေနဲ့လည်း အဆင်မပြေဘူး။ လုပ်ငန်းရှင်အနေနဲ့လည်း ထိခိုက်နစ်နာမှုတွေရှိနိုင်တဲ့အတွက် အဲဒါက အရေးကြီးပါတယ်။

ဒါကအခြေခံအားဖြင့် ကိုယ်စထားတဲ့အရာတစ်ခုကို အဆုံးသတ်ပြီးသည်အထိ တာဝန်ယူလုပ်ကိုင်ဖို့ ဒါကတော့ အခြေခံအချက်အနေနဲ့ Online Job လုပ်ချင်တဲ့သူတွေအတွက် မရှိမဖြစ် လိုအပ်တယ်လို့ ထင်ပါတယ်။ ကျန်တာတွေကတော့ အများကြီးရှိပါတယ်။ လျှောက်တဲ့အလုပ်အပေါ် မူတည်ပြီး ကွဲပြားသွားနိုင်ပါတယ်။

**အစီအစဉ်မှူး။ ။ ဒစ်ဂျစ်တယ် နည်းပညာနဲ့ လုပ်ငန်းတွေကို လုပ်ကိုင်တော့မယ်ဆိုရင် လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်တဲ့အခါ ဘယ်လိုအဆင့်မျိုးတွေ ကြုံရနိုင်သလဲဆိုတာကိုလည်း ဒေါ်ဟန်နီမြဝင်းက ဆွေးနွေးပေးပါဦး။**

**ဒေါ်ဟန်နီမြဝင်း။** ။ ဒါက တကယ်တော့ အတော့်ကို လွယ်ကူပါတယ်။ ခုဆိုရင် App တွေကိုသုံးပြီး တက္ကစီတွေ ငှားနေကြပြီ။ အစားအသောက်တွေ မှာနေကြပြီ။ အွန်လိုင်းမှာ အလုပ်လုပ်တာကလည်း တစ်ပုံစံတည်းပါ၊ အဲဒီလို အဆင့်တွေအနေနဲ့ လုပ်သွားရတယ်။ ပထမဦးဆုံးအနေနဲ့ စာရင်းသွင်းရမယ်။ လုပ်ငန်းရှင်အနေနဲ့ စာရင်းသွင်းမလား၊ အလုပ်လုပ်ကိုင်သူအနေနဲ့ စာရင်းသွင်းမလား။ အဲဒီ နှစ်ခုကိုတော့ ကွဲကွဲပြားပြား သိဖို့လိုပါတယ်။

ကိုယ်က စာရင်းသွင်းလိုက်ပြီဆိုရင် ကိုယ့်ဆီကို အီးမေးလ်ရောက်လာမယ်။ Verify လုပ်မယ်။ ကိုယ်ရဲ့ ကိုယ်ရေးအချက်အလက်တွေတောင်းမယ်။ ပလက်ဖောင်းတွေ ကွာချင်ကွာသွားမယ်။ အချိန်ပြည့်လား၊ အချိန်ပိုင်းလား၊ Freelance အလွတ်တန်းပညာရှင်လား ကွာချင်ကွာသွားမယ်။ တောင်းတာတွေက များသောအားဖြင့် ဒါတွေပဲဖြစ်ပါတယ်။

လုပ်ငန်းရှင်အနေနဲ့ ကိုယ်ရဲ့ ကုမ္ပဏီအချက်အလက်၊ Personal Information တွေ ထည့်ပေးရတာတွေရှိမယ်။ ပြီးရင် ပထမဦးဆုံး ကိုယ့်ရဲ့အကောင့်ထဲကို Login ဝင်ရတယ်။ Login ဝင်ပြီး ပရောဂျက်တစ်ခုကို စပြီးတင်ရတယ်။ ကိုယ်က ဘယ်လိုလူမျိုးကို လိုချင်သလဲ အဲဒါမျိုးကို အသေးစိတ်ဖော်ပြဖို့အတွက် နေရာကိုသွားရပါတယ်။ အလွတ်တမ်းပညာရှင်လိုတာလား၊ အချိန်ပိုင်းကို ရှာတာလား။

Freelance အလွတ်တန်းကို သွားပြီဆိုရင် ပထမဆုံးအနေနဲ့ Title ပေါ့၊ ဥပမာ – အမျိုးသားနေ့အတွက် ဒီဇိုင်းတစ်ခုဆွဲချင်တယ်၊ လိုချင်တယ်ဆိုရင် ခေါင်းစဉ်တစ်ခုပေးလိုက်တယ်။ ဂရပ်ဖစ်ဒီဇိုင်းဆိုတဲ့ Category ကို ရွေးလိုက်တယ်။ ပြီးရင် Sub Category တွေရှိတယ်။ ဂရပ်ဖစ်ဒီဇိုင်းမှာမှ ဘယ်လိုမျိုးဂရပ်ဖစ်ဒီဇိုင်းဆိုတာ၊ ဘယ်လိုဝန်ဆောင်မှုမျိုးကို လိုချင်တယ်ဆိုတာတွေကို အဆင့်ဆင့်ရွေးပေးရတယ်။

ပြီးတော့ ကိုယ်က ဒီဇိုင်းကို ဘာနဲ့ဆွဲစေချင်တာလဲ၊ Adobe Illustrator နဲ့ ဆွဲစေချင်တာလား၊ Photoshop နဲ့ ဆွဲစေချင်တာလား ။ အဲဒါမျိုးတွေ Skill တွေကို ရွေးပေးလို့ရတယ်။ ကိုယ်ရွေးသလောက် သက်ဆိုင်တဲ့ Skill တွေ ကျလာတယ်။ နောက်တစ်ခုက အချိန်ပါ။ ကိုယ်က ဒီဇိုင်းကို အချိန်တစ်နာရီအတွင်း လိုချင်တာလား၊ နှစ်နာရီအတွင်း လိုချင်တာလား။ နှစ်ပတ်အတွင်း လိုချင်တာလား ဆိုတာ အချိန်ရွေးပေးရပါတယ်။

နောက်တစ်ခုက ဘတ်ဂျက်ပါ။ ဘယ်လောက်အနည်းဆုံးသုံးစွဲမယ်ပြောလို့ရတယ်။ ဒါမှမဟုတ် လာလျှောက်ကြတဲ့အထဲမှာ ရွေးမယ်လို့လည်း ပြောလို့ရတယ်။ နောက်တစ်ချက်က အသေးစိတ်ပါ။ ဥပမာ ဒီဇိုင်းက အမျိုးသားနေ့နဲ့ပတ်သက်တဲ့ ဒီဇိုင်း၊ စာသားမှာ၊ ဒီဇိုင်းပေါ်မှာ ဘာတွေပါချင်တယ်။ ဘယ်လိုအရောင်တွေသုံးချင်တယ်။ ကိုယ်က အကြမ်းနှစ်ပုံလောက် လိုချင်တယ်။ အဲဒီအထဲမှာမှ ပြန်ရွေးမယ်။ Revise ဘယ်နှခေါက်လောက်လုပ်ချင်တယ်။ အဲဒါမျိုးတွေကို အသေးစိတ်ရေးပေးလို့ရတယ်။

ဝန်ဆောင်မှုရွေးချယ်တဲ့အပိုင်းမှာ Freelancer အသစ်တွေ သုံးမယ်ဆိုရင် ငွေကြေးကုန်ကျတာမျိုးလည်း မရှိဘူး။ Free တင်လို့ရတယ်။ အလွန်နာမည်ကြီးတဲ့သူတွေနဲ့ သုံးမယ်ဆိုရင်တော့ ဝန်ဆောင်ခပေးရတာတွေ ရှိမယ်။ ပြီးတော့ Enterprise ဆိုရင် အချို့ပရောဂျက်တွေက Website တွေ App တွေ အကြီးစားရေးဆွဲတဲ့အခါ ၆/၇လ ရေရှည်သွားရတာတွေရှိတယ်။ အဲဒီအတွက် Project Management တွေလိုချင်တယ်ဆိုရင်တော့ Enterprise ကိုရွေးချယ်လို့ရပါတယ်။ ကိုယ်သင့်တော်တဲ့ဝန်ဆောင်မှု Service ကိုရွေး၊ ပြီးရင်တော့ Post Project button ကိုနှိပ်လိုက်တယ်။ အဲဒါဆိုရင်တော့ အလုပ်တင်တဲ့အပိုင်း ပြီးသွားပြီ။ အလုပ်တင်ပြီးသွားရင် System ဘက်ကနေ၊ ပလက်ဖောင်းဘက်ကနေ စိစစ်တာမျိုးတွေ ရှိပါတယ်။

Freelancer တွေဘက်ကဆိုရင်လည်း ဂရပ်ဖစ်ဒီဇိုင်းလို့ တင်လိုက်တဲ့အခါ ဂရပ်ဖစ်ဒီဇိုင်းနဲ့ပတ်သက်တဲ့ ဒီဇိုင်းနာတွေအကုန်လုံးဆီကို အီးမေးလ်ရောက်သွားပြီ။ ကိုယ်က အီးမေးလ်ကို ပုံမှန်စစ်နေမယ်၊ မြန်မြန်ဆန်ဆန် ဆက်သွယ်အကြောင်းပြန်နိုင်မယ်ဆိုရင် သူများတွေထက် ကိုယ်က အခွင့်အလမ်းပိုရမှာဖြစ်ပါတယ်။ အီးမေးလ်စစ်လိုက်မယ်။ ခုနလို အသေးစိတ်အချက်အလက်တင်ပြထားတာတွေကို ကြည့်လိုက်မယ်ဆိုရင် ကိုယ်က Cover Letter ကောင်းကောင်းနဲ့ လျှောက်ထားသူအများကြီးကြားထဲက ကိုယ်ကို ဘာလို့ရွေးသင့်တယ်။ ဘာလို့ဒီပရောဂျက်အတွက် လုပ်သင့်တယ်ဆိုတာမျိုးကို သေချာရေးပြီး တင်လိုက်လို့ရပါတယ်။ သူက သုံးရက်နဲ့ အပြီးလုပ်ရမယ်ဆိုပေမယ့် ကိုယ်က နှစ်ရက်နဲ့အပြီးလုပ်နိုင်တယ်။ ဒါပေမယ့် ဘယ်လောက်တော့ ကျမယ်ဆိုတာမျိုးရေးနိုင်သလို၊ သူ့ရဲ့ သတ်မှတ်ထားတဲ့ ဘတ်ဂျက်အတွင်း လုပ်နိုင်မယ်ဆိုလည်းရတယ်။

တင်လိုက်တာတွေအကုန်လုံးကိုလည်း လုပ်ငန်းရှင်တွေဘက်ကနေ Dashboard ထဲကိုဝင်မယ်။ Active Project ထဲမှာ ကိုယ့်ရဲ့ပရောဂျက်ကို လူတွေ ဘယ်လောက်လျှောက်ထားသလဲ။ လျှောက်ထားတဲ့သူတွေထဲကမှ တချို့က နှစ်ရက်နဲ့ပြီးမယ် ဘယ်လောက်၊ အချို့က သုံးရက်နဲ့ ပြီးမယ် ဘယ်လောက်စသဖြင့်နဲ့ သူတို့ရဲ့ Profile တွေကိုလည်း ဝင်ကြည့်လို့ရမယ်။ ဘာတွေလုပ်ခဲ့ဖူးသလဲ။ အရင်အလုပ်တွေကရော ဘာတွေပြောသလဲ Review တွေကို စစ်ကြည့်လို့ရမယ်။ သူတို့နဲ့ စကားတွေပြောလို့ရမယ်။ အပြင်မှာ အလုပ်လုပ်သလိုမျိုးပဲ။ အလုပ်စကားတွေ ပြောလို့ရမယ်။ စကားပြောရင်း ဈေးတွေလည်း ညှိလို့ရမယ်။ အားလုံးလျှောက်တဲ့သူတွေအများကြီးထဲကမှ ဒီတစ်ယောက်ကို သဘောကျသွားပြီ၊ ခန့်တော့မယ်ဆိုရင် Hire ဆိုတဲ့ ကလစ် Button ကို နှိပ်ရမယ်။

နှစ်ဦးနှစ်ဖက် Communicate လုပ်တာဆိုတော့ ကိုယ့်ဘက်ကခန့်လိုက်ပြီဆိုရင် ခန့်လိုက်တဲ့ ပညာရှင်အနေနဲ့လည်း သူပြောတဲ့ရက်မှာပြီးဖို့ကို တစ်ခေါက်လက်ခံပေးရတယ်။ အဲဒီလို လက်ခံပြီးသွားပြီဆိုရင်တော့ နှစ်ယောက်ချိတ်ဆက်မိသွားပြီ၊ နောက်ထပ်လာမယ့် အဆင့်ကတော့ Payment ပါ။ ငွေပေးချေဖို့အတွက် Online Payment ဆိုရင် Bank Transfer တွေရှိမယ်။ e wallet တွေ၊ Visa Master တွေ MPU ကတ်နဲ့လည်း ပေးလို့ရပါမယ်။

အဲဒီလို ပေးပြီးသွားပြီဆိုရင် Chat Room ထဲမှာ စကားတွေပြောလို့ရမယ်။ အလုပ်တွေလုပ်လို့ရမယ်။ Chat Room ထဲမှာ ပြောတာကလည်း Messenger နဲ့ Viber မှာ စကားပြောသလိုမျိုးပဲ။ လွယ်ပါတယ်။ ဖိုင်တွေလည်း ပို့လို့ရမယ်။ အဆင်ပြေလား၊ ဒီနားလေးလိုနေသေးတယ်၊ ပြန်ဆွဲပေးပါဦး စသဖြင့်ပြောလို့ရမယ်။ အလုပ်တွေပြီးသွားပြီ၊ ဖိုင်တွေပို့ပြီးသွားပြီဆိုရင် လုပ်ငန်းရှင်ဘက်က ပရောဂျက်၊ လုပ်ငန်းကို ပြီးမြောက်ကြောင်း အသိအမှတ်ပြုပေးရတယ်။

အသိအမှတ်ပြုပြီးသွားပြီဆိုရင် အဆင့်သတ်မှတ်ချက်တွေနဲ့ သူ့ကို မှတ်ချက်တွေပေးခဲ့လို့ရပါတယ်။ တက္ကစီငှားပြီးသွားရင်၊ အစားအသောက်တွေမှာပြီးသွားရင် ကြယ်ပွင့်လေးတွေနဲ့ မှတ်ချက်ပေးသလိုမျိုးပါပဲ။ ဒီလူက ကောင်းတယ်၊ ဆိုးတယ်၊ ဘယ်လိုနေရာတွေမှာ လိုအပ်တယ်၊ ဒါမှမဟုတ် အဆင်ပြေတယ် အဲဒီလို မှတ်ချက်တွေကလည်း အလုပ်လုပ်ကိုင်သူအတွက် အရေးကြီးပါတယ်။ အလွတ်တန်းပညာရှင်အနေနဲ့ လုပ်ငန်းအကုန်လုံးပြီးမြောက်အောင်မြင်မှသာ ဒီပရောဂျက်အတွက် ဝင်ငွေကို လက်ခံရရှိပါမယ်။

အဲဒီလို Grantee လုပ်ထားတာဖြစ်တဲ့အတွက် ရလာတဲ့ သုံးသပ်ချက်၊ မှတ်ချက်တွေကိုလည်း အခြားလုပ်ငန်းရှင်က မြင်နေရတယ်။ အကယ်၍ ကိုယ်က ဒီပရောဂျက်တစ်ခုကို ကောင်းကောင်းမွန်မွန်နဲ့ ကျွမ်းကျွမ်းကျင်ကျင် လုပ်ထားပြီးပြီဆိုရင် နောက်ထပ်ပရောဂျက်တွေ အများကြီးရဖို့အတွက်လည်း အခွင့်အလမ်းရှိပါတယ်။ ဒါကတော့ သူ့အဆင့်အလိုက် ပြောပြသွားတာပါ။ အဆင့်တွေကများတယ်လို့ ထင်ကောင်းထင်နိုင်ပေမယ့် အွန်လိုင်းကနေ အလုပ်လုပ်တာဖြစ်တဲ့အတွက် အားသာချက်တွေ အများကြီးရှိပါတယ်။ အပြင်မှာအလုပ်လုပ်တာနဲ့ ကွာဟချက် အများကြီးရှိတာတော့ မဟုတ်ပါဘူး။

**အစီအစဉ်မှူး။ ။ ဒေါ်ဖူးပွင့်အိမ် အနေနဲ့ ဒီအစီအစဉ်ကနေ ပြည်သူတွေကို ထပ်မံပြီး အသိပေးချင်တာရှိရင်လည်း မျှဝေပေးပါဦး။**

**ဒေါ်ဖူးပွင့်အိမ်။** ။ ကျွန်မအနေနဲ့ အကြံပြုချက်ပေးချင်တာက ဒီခေတ်အခါ လက်ရှိ မြန်မာနိုင်ငံမှာကလည်း တဖြည်းဖြည်းနဲ့ ဖွံ့ဖြိုးတိုးတက်နေပြီဆိုတော့ အလုပ်အကိုင်အခွင့်အလမ်းတွေကလည်း ရှိတယ်။ များသောအားဖြင့် အချိန်ပြည့် Full time လုပ်တဲ့အလုပ်တွေကို ရှာနေမယ့်အစား ကိုယ်ဝါသနာပါရာ၊ ဘာကို ဝါသနာပါမှန်းမသိသေးဘူးဆိုရင်လည်း ကိုယ်ကျွမ်းကျင်ရာတစ်ခုခုကို စမ်းသပ်ပြီး လုပ်ကိုင်ကြည့်ဖို့လည်း အခွင့်အလမ်းတွေရှိလာပြီ။ အခုအချိန်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေရှိနေပြီ။ အွန်လိုင်းဖြစ်သွားတဲ့အခါကျတော့ နိုင်ငံအတွင်းသာမက ပြည်ပက အလုပ်အကိုင်ပရောဂျက်တွေ၊ အခွင့်အလမ်းတွေကို ယူမယ်ဆိုရင် ရနိုင်နေပြီဖြစ်ပါတယ်။

အဲဒီအတွက် ကျွန်မတို့ အလုပ်လုပ်ဖို့ပဲ ကျန်တော့တယ်။ အလုပ်လုပ်ကြမယ်။ အလုပ်လုပ်ဖို့အတွက် လိုအပ်တဲ့ ကျွမ်းကျင်မှု Skill တွေ၊ စာရွက်စာတမ်း လိုအပ်ချက်တွေကို ပြင်ဆင်ထားဖို့လိုပါတယ်။ ကိုယ်ကျွမ်းကျင်တာမရှိသေးဘူးဆိုရင်လည်း ကိုယ်လုပ်ချင်တာ၊ ဖြစ်ချင်တာကို ပိုပြီးကျွမ်းကျင်အောင်လုပ်ရင်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရနိုင်နေပြီဖြစ်ပါတယ်။ နိုင်ငံတွင်းသာမဟုတ်ဘူး၊ ပြည်ပနိုင်ငံတွေက ပလက်ဖောင်းတွေအများကြီးရှိပါတယ်။ အဲဒီလို ပလက်ဖောင်းတွေကနေ ပရောဂျက်တွေ ယူလို့ရပါတယ်။

ပြောချင်တာက ကိုယ်ကျွမ်းကျင်တာရှိခဲ့ရင် အလုပ်မလုပ်သေးဘူးဆိုရင်လည်း ပြန်သင်ပေးလို့ရပါတယ်။ မျှဝေပေးလို့ရနေပြီ ဖြစ်ပါတယ်။ အဲဒီအခါကျတော့ အလုပ်လုပ်ဖို့ပဲလိုတော့တယ်။ ကျွန်မတို့ နိုင်ငံအတွက် အလုပ်လုပ်ကြမယ်။ အကောင်းဆုံးကြိုးစားကြမယ်။ ကျွန်မတို့နိုင်ငံက Work Force တွေအများကြီးလည်း လိုအပ်နေတာဖြစ်တဲ့အတွက် အားလုံးကို စလုပ်လိုက်ပါတော့လို့ အကြံပြုချင်ပါတယ်။

**အစီအစဉ်မှူး။ ။ ဒေါ်ဟန်နီမြဝင်းအနေနဲ့လည်း ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း မျှဝေပေးပါဦး။**

**ဒေါ်ဟန်နီမြဝင်း။** ။ အမေရိကန်နိုင်ငံမှာ လွန်ခဲ့တဲ့ ၃/၄ နှစ်လောက်က အခု ၂၀၂၀ ပြည့်နှစ်ကုန်မှာ အမေရိကန်တစ်နိုင်ငံလုံးရဲ့ သုံးပုံ တစ်ပုံသော အလုပ်သမားအင်အားတွေဟာ Freelancer အလွတ်တန်းပညာရှင်တွေဖြစ်မယ်လို့ ကြိုတင်ခန့်မှန်းခဲ့တာတွေရှိပါတယ်။ တကယ်တမ်း ၂၀၂၀ မှာ ကပ်ရောဂါဖြစ်သွားတော့ အကုန်လုံးနီးပါးက အိမ်ထဲမှာ Remote Working ကို အကျွမ်းတဝင်ဖြစ်သွားတယ်။ အလုပ်သမားအင်အားရဲ့ ၁၀၀ ရာခိုင်နှုန်းနီးပါးလောက် အိမ်ကနေပဲ အလုပ်လုပ်ဖြစ်သွားတယ်။

ဒီလိုနည်းပညာကို အသုံးပြုပြီး အလုပ်လုပ်ကိုင်ပုံပြောင်းလဲလာတာမှာ မြန်မာနိုင်ငံက လုပ်ငန်းရှင်တွေ၊ အလုပ်အကိုင်ရှာဖွေနေသူတွေ အခုထက်ပိုပြီး ပါဝင်စေချင်တယ်။ ဘွဲ့ရ ကျောင်းပြီးတဲ့၊ လုပ်ငန်းခွင်ကို မရောက်သေးတဲ့ မြန်မာလူငယ်တွေဟာ အချိန်ပိုင်းလုပ်ကိုင်တာနဲ့ပဲ အတွေ့အကြုံတွေ၊ အပိုဝင်ငွေတွေ ရှာဖွေလို့ရပါတယ်။ မြန်မာအမျိုးသမီးတွေ၊ အိမ်ရှင်မတွေဆိုရင်လည်း အိုးမကွာအိမ်မကွာနဲ့ နည်းပညာကိုအသုံးချပြီး အလုပ်လုပ်လို့ရတယ်။ ဒါကလည်း တစ်နည်းတစ်ဖုံနဲ့ အလုပ်အကိုင်ရှားပါးမှုကို လျှော့ချသွားမယ့် နည်းလမ်းတစ်ခုဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်ကို နိုင်ငံရဲ့ ထုတ်ကုန်တစ်ခုအနေနဲ့ နိုင်ငံတကာကို၊ အိမ်နီးချင်းနိုင်ငံတွေကို အွန်လိုင်းကနေချိတ်ဆက်ပြီး အလုပ်လုပ်ကိုင်လို့ရနေပြီ၊ အဲဒီလိုအခြေအနေမှာ အကုန်လုံးကို ကြိုးစားကြည့်စေချင်ပါတယ်။ လေ့လာစေချင်ပါတယ်။ ဒီထက်ပိုပြီး ဒစ်ဂျစ်တယ်အွန်လိုင်းပေါ်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရှိနေတယ်ဆိုတာ သိစေချင်တယ်။ ဘယ်လိုနေရာမှာအလုပ်တွေရှိတယ်၊ ဘယ်လိုတွေလုပ်ရမယ်ဆိုတာ အဆင့်ဆင့် ပြောပြပြီးသွားပြီဆိုတော့ ရောက်အောင်သွားမှ ဒီထက်ပိုပြီး အလုပ်အကိုင်တွေ၊ အတွေ့အကြုံတွေ များများရမှာပါ။ ဒီထက်ပိုပြီး နည်းပညာကိုတိုးချဲ့ပြီး အသုံးပြုရတဲ့အချိန်မှာ အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ခြင်းကလည်း ထိပ်ဆုံးကပါတယ်လို့ ပြောချင်ပါတယ်။

# သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် မိသားစုပြိုင်ပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ် (၁)ကို ယနေ့ညနေမှ စတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**မိသားစု လေးစုဖြင့် သုံးပွဲ ယှဉ်ပြိုင်ကြမည်**

အဆိုပါပွဲစဉ် (၁) ၏ COVID-19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အဆိုတော် ဖြိုးပြည့်စုံနှင့် သရုပ်ဆောင် ပိုးမမီသာတို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစု လေးစုဖြင့် သုံးပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို **(ယနေ့)** ဒီဇင်ဘာ ၁၁ ရက်နှင့် ဒီဇင်ဘာ(၁၂၊ ၁၃)ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီသတင်းအပြီးနှင့် MRTV Facebook Page တို့၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၀-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၉-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၂၇) ဦး၏ မြို့နယ်အလိုက်တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မရမ်းကုန်း | ၇၁ |
| | | မင်္ဂလာဒုံ | ၅၈ |
| | | ရွှေပြည်သာ | ၅၁ |
| | | လှိုင်သာယာ | ၄၄ |
| | | အင်းစိန် | ၄၀ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၉ |
| | | လှည်းကူး | ၃၆ |
| | | သင်္ဃန်းကျွန်း | ၃၄ |
| | | ဒေါပုံ | ၃၄ |
| | | တာမွေ | ၃၃ |
| | | သန်လျင် | ၃၁ |
| | | မြောက်ဥက္ကလာပ | ၃၀ |
| | | မှော်ဘီ | ၂၅ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၁ |
| | | တိုက်ကြီး | ၁၈ |
| | | ဒဂုံ | ၁၇ |
| | | ကမာရွတ် | ၁၆ |
| | | ဗိုလ်တထောင် | ၁၆ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၄ |
| | | ကြည့်မြင်တိုင် | ၁၄ |
| | | ဗဟန်း | ၁၁ |
| | | ရန်ကင်း | ၁၀ |
| | | ထန်းတပင် | ၉ |
| | | သာကေတ | ၈ |
| | | တောင်ဥက္ကလာပ | ၈ |
| | | အလုံ | ၈ |
| | | လှိုင် | ၈ |
| | | စမ်းချောင်း | ၆ |
| | | ခရမ်း | ၆ |
| | | ကျောက်တံတား | ၆ |
| | | ကျောက်တန်း | ၅ |
| | | ပုဇွန်တောင် | ၅ |
| | | လသာ | ၄ |
| | | မင်္ဂလာတောင်ညွန့် | ၃ |
| | | လမ်းမတော် | ၃ |
| | | ပန်းဘဲတန်း | ၃ |
| | | ဆိပ်ကြီးခနောင်တို | ၂ |
| | | တွံတေး | ၂ |
| | | ကော့မှူး | ၂ |
| | | ကွမ်းခြံကုန်း | ၂ |
| | | ဒလ | ၁ |
| | | သုံးခွ | ၁ |
| | | စုစုပေါင်း | ၇၇၆ |
| ၂ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ၆၄ |
| | | မဟာအောင်မြေ | ၄၃ |
| | | ချမ်းအေးသာစံ | ၃၉ |
| | | ချမ်းမြသာစည် | ၃၉ |
| | | အမရပူရ | ၃၃ |
| | | ပြည်ကြီးတံခွန် | ၂၅ |
| | | ပုသိမ်ကြီး | ၁၄ |
| | | မြင်းခြံ | ၁၄ |
| | | ပြင်ဦးလွင် | ၉ |
| | | တောင်သာ | ၆ |
| | | စဉ့်ကိုင် | ၄ |
| | | တံတားဦး | ၄ |
| | | ငါန်းဇွန် | ၂ |
| | | မတ္တရာ | ၂ |
| | | ကျောက်ဆည် | ၂ |
| | | သပိတ်ကျင်း | ၁ |
| | | မိတ္ထီလာ | ၁ |
| | | နွားထိုးကြီး | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | စုစုပေါင်း | ၃၀၄ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော် | ၂၀ |
| | | ဒေးဒရဲ | ၁၅ |
| | | မော်လမြိုင်ကျွန်း | ၁၅ |
| | | လပွတ္တာ | ၁၃ |
| | | ဘိုကလေး | ၁၃ |
| | | မြောင်းမြ | ၈ |
| | | ပုသိမ် | ၅ |
| | | ဓနုဖြူ | ၃ |
| | | ဟင်္သာတ | ၁ |
| | | အင်္ဂပူ | ၁ |
| | | မအူပင် | ၁ |
| | | ငပုတော | ၁ |
| | | ညောင်တုန်း | ၁ |
| | | ဖျာပုံ | ၁ |
| | | ရေကြည် | ၁ |
| | | ဇလွန် | ၁ |
| | | စုစုပေါင်း | ၁၀၀ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၅၆ |
| | | ရေတာရှည် | ၆ |
| | | တောင်ငူ | ၃ |
| | | သနပ်ပင် | ၃ |
| | | ရွှေတောင် | ၂ |
| | | သဲကုန်း | ၂ |
| | | လက်ပံတန်း | ၁ |
| | | မိုးညို | ၁ |
| | | အုတ်ဖို | ၁ |
| | | ပေါက်ခေါင်း | ၁ |
| | | ပြည် | ၁ |
| | | ရွှေကျင် | ၁ |
| | | သာယာဝတီ | ၁ |
| | | စုစုပေါင်း | ၇၉ |
| ၅။ | မကွေးတိုင်းဒေသကြီး | မင်းဘူး | ၁၆ |
| | | အောင်လံ | ၅ |
| | | မကွေး | ၅ |
| | | ချောက် | ၄ |
| | | ရေနံချောင်း | ၄ |
| | | ဂန့်ဂေါ | ၂ |
| | | သရက် | ၁ |
| | | စုစုပေါင်း | ၃၇ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို | ၁၁ |
| | | စစ်ကိုင်း | ၆ |
| | | ကလေး | ၅ |
| | | တမူး | ၂ |
| | | ဟုမ္မလင်း | ၁ |
| | | ကသာ | ၁ |
| | | မုံရွာ | ၁ |
| | | မြောင် | ၁ |
| | | စုစုပေါင်း | ၂၈ |
| ၇။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၀ |
| | | ကျိုက်ထို | ၆ |
| | | သထုံ | ၃ |
| | | ချောင်းဆုံ* | ၁ |
| | | ကျိုက်မရော | ၁ |
| | | ပေါင် | ၁ |
| | | ရေး* | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၈။ | ကချင်ပြည်နယ် | ဖားကန့် | ၂၁ |
| | | စုစုပေါင်း | ၂၁ |
| ၉။ | ရခိုင်ပြည်နယ် | တောင်ကုတ် | ၈ |
| | | မြေပုံ | ၂ |
| | | ရမ်းဗြဲ | ၂ |
| | | အမ်း | ၁ |
| | | ကျောက်ဖြူ | ၁ |
| | | မာန်အောင် | ၁ |
| | | ရသေ့တောင် | ၁ |
| | | စစ်တွေ | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၁၀ | ကရင်ပြည်နယ် | ဘားအံ | ၁၄ |
| | | မြဝတီ | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၁၁။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၁၀ |
| | | ရေဖြူ | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၂။ | ရှမ်းပြည်နယ် | တောင်ကြီး* | ၃ |
| | | တာချီလိတ် | ၁ |
| | | ကျောက်မဲ | ၁ |
| | | လားရှိုး | ၁ |
| | | ကလော | ၁ |
| | | မိုးနဲ | ၁ |
| | | ဖယ်ခုံ | ၁ |
| | | ရွာငံ | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၁၃။ | နေပြည်တော် | ဥတ္တရသီရိ | ၂ |
| | | ပုဗ္ဗသီရိ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၄။ | ချင်း | ပလက်ဝ | ၁ |
| | | တီးတိန် | ၁ |
| | | စုစုပေါင်း | ၂ |
| (၉-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၄၂၇)ဦး |

* မြို့နယ်မှ (၃) ဦးသည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာ ကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၉-၁၂-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၂၇) ဦးတွင် အနံ့မရရှိသူ (၃၂၀) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဂျပန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျပန်နိုင်ငံတွင်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၇ ဦးအား တိုကျိုမြို့ မြန်မာသံရုံးမှ စီစဉ်သည့် All Nippon Airways လေကြောင်းလိုင်း (ANA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ငင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု (၇)ရက် နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု (၇) ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ ဂျပန်နိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် (၁၅) ကြိမ်တိုင် ပျံသန်းပြေးဆွဲပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ၁၀-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၅၈၂၄၄၄၄ | ၉၂၃၃၆၂၂ | ၂၉၆၇၇၇ |
| ၂။ | အိန္ဒိယ | ၉၇၆၈၆၄၃ | ၉၂၅၃၃၈၈ | ၁၄၁၈၀၇ |
| ၃။ | ဘရာဇီး | ၆၇၃၀၁၁၈ | ၅၉၀၁၅၁၁ | ၁၇၉၀၃၂ |
| ၄။ | ရုရှား | ၂၅၆၉၁၂၆ | ၂၀၃၃၆၆၉ | ၄၅၂၈၀ |
| ၅။ | ပြင်သစ် | ၂၃၂၄၂၁၆ | ၁၇၃၂၄၇ | ၅၆၆၄၈ |
| ၆။ | အီတလီ | ၁၇၇၀၁၄၉ | ၉၉၇၈၉၅ | ၆၁၇၃၉ |
| ၇။ | ဗြိတိန် | ၁၇၆၆၈၁၉ | စိစစ်ဆဲ | ၆၂၅၆၆ |
| ၈။ | စပိန် | ၁၇၂၅၄၇၃ | စိစစ်ဆဲ | ၄၇၀၁၉ |
| ၉။ | အာဂျင်တီးနား | ၁၄၇၅၂၂၂ | ၁၃၁၁၄၈၈ | ၄၀၂၂၂ |
| ၁၀။ | ကိုလံဘီယာ | ၁၃၉၂၁၃၃ | ၁၂၈၇၅၉၇ | ၃၈၃၀၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၀-၁၂-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၉၈၉၃၃ | ၄၉၁၉၇၅ | ၁၈၃၃၆ |
| ဖိလစ်ပိုင် | ၄၄၅၅၄၀ | ၄၀၉၀၅၈ | ၈၇၀၁ |
| မြန်မာ | ၁၀၄၄၈၇ | ၈၂၈၁၃ | ၂၂၀၁ |
| မလေးရှား | ၇၈၄၉၉ | ၆၆၂၃၆ | ၃၉၆ |
| စင်ကာပူ | ၅၈၂၉၇ | ၅၈၁၈၂ | ၂၉ |
| ထိုင်း | ၄၁၆၉ | ၃၈၈၈ | ၆၀ |
| ဗီယက်နမ် | ၁၃၈၅ | ၁၂၂၅ | ၃၅ |
| ကမ္ဘောဒီးယား | ၃၅၆ | ၃၀၇ | ၀ |
| ဘရူနိုင်း | ၁၅၂ | ၁၄၇ | ၃ |
| လာအို | ၄၁ | ၃၃ | ၀ |

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀-၁၂-၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၆၀/၆၁၀ ကျပ် | ၆၀၀/၆၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၇၀/၆၂၀ ကျပ် | ၆၁၅/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၅/၅၇၀ ကျပ် | ၆၀၀/၆၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၆၀/၆၈၀ ကျပ် | ၇၂၅/၇၅၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၉ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၁ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၃ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၁ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၁ . ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၄ . ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၆၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၀ . ၀၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၄၉၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၉၀၀ | ၆၂၉ | ၆၁၆၅၆၀၀ |
| MTSH | ၃၆၅၀ | ၃၇၀၀ | ၁၃၂၈ | ၄၈၈၃၉၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁ | ၈၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၀ | ၂၂၅၀၀၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၁၁၅၁ | ၃၁၂၂၇၅၀ |
| EFR | ၃၆၅၀ | ၃၇၀၀ | ၇၅ | ၂၇၇၄၅၀ |

ခင်ရတနာ - စုစည်းသည်




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# (၅) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၅) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည်။

အစည်းဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သောအဖွဲ့နှင့် အိန္ဒိယနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် Mr.Rakesh Asthana ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။




(၅) ကြိမ်မြောက် မြန်မာ – အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေးသို့ ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သောအဖွဲ့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ဆွေးနွေးစဉ်။

အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က (၅) ကြိမ်မြောက် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေးကို COVID–19 ကမ္ဘာ့ကပ်ရောဂါ အခြေအနေကြောင့် Online စနစ်ဖြင့် ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ ကပ်ရောဂါဖြစ်ပွားနေမှုကို အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးကုန်ကူးသူများအနေဖြင့် ထုတ်လုပ်မှုနှင့် သယ်ဆောင်မှုကို ပိုမိုလုပ်ဆောင်လာကြပါကြောင်း၊ မူးယစ်ဆေးဝါး ဈေးကွက် ကျယ်ပြန့်လာခြင်းနှင့်အတူ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်သူများ၏ ပါဝင်ပတ်သက်မှုများကြောင့် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ICE မက်အက်ဖက်တမင်း ပြဿနာသည် ပိုမိုဆိုးရွားလာပါကြောင်း၊ ပရီကာဆာနှင့်ဓာတုပစ္စည်းများကို ထိန်းချုပ်နိုင်မှသာ စိတ်ကြွဆေးပြားနှင့် ICE မက်အက်ဖက်တမင်း ထုတ်လုပ်မှုများကို ထိန်းချုပ်နိုင်မည် ဖြစ်ပါကြောင်း၊ ပရီကာဆာများ တရားမဝင် ဝင်ရောက်မှုများသည် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ဆက်လက်တည်ရှိနေပြီး နယ်စပ်ဝင်ပေါက်များမှ နည်းမျိုးစုံဖြင့် ဝင်ရောက်လျက်ရှိနေမှုများကို ပိုမိုပူးပေါင်းထိန်းချုပ်ပေးစေလိုပါကြောင်း။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (CCDAC)နှင့် အိန္ဒိယနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဗျူရို (NCB) တို့အကြား အနာဂတ်အတွက် ပြည့်စုံကောင်းမွန်သော အကြံပြုချက်များ၊ အတွေ့အကြုံကောင်းများနှင့် ကြုံတွေ့နေရသော အခက်အခဲများကို ကျော်လွှန်ဖြေရှင်းနိုင်မည့်ရလဒ်ကောင်းများ ရရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကို လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် အမြဲအသင့်ရှိနေပါကြောင်း၊ မြန်မာ–အိန္ဒိယနှစ်နိုင်ငံကြား အကျိုးစီးပွားများကို ဖော်ဆောင်နိုင်ရန်အတွက် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍ နှစ်ဖက်ကိုယ်စားလှယ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Mr.Rakesh Asthana က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုအခြေအနေများ၊ (၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ တရားမဝင်ဘိန်းဖြူ သယ်ဆောင်ရောင်းဝယ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ကုန်းလမ်းနှင့် ရေကြောင်းလမ်းများ တစ်လျှောက် တရားမဝင် မက်အဖက်တမင်း သယ်ဆောင်ရောင်းဝယ်မှု ကိစ္စရပ်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များအတွက် စွမ်းရည်မြှင့်တင်ရေးသင်တန်းဆိုင်ရာ ကိစ္စရပ်များ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရောင်းဝယ်သည့် လမ်းကြောင်းများအား ပူးပေါင်းထိန်းချုပ်မည့်ကိစ္စရပ်များ၊ ဘိန်းစိုက်ပျိုးရာဒေသများအား ကောင်းကင်ဂြိုဟ်တုမှစောင့်ကြည့်နိုင်ရန် အိန္ဒိယနိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်ဖက်နိုင်ငံသားများ ပါဝင်သောမူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများရှိပါက သတင်းဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် (၆) ကြိမ်မြောက် အစည်းအဝေး ကျင်းပနိုင်မည့်နေ့ရက် နေရာအတည်ပြုခြင်းနှင့် (၅) ကြိမ်မြောက် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## Myanmar ASEAN Women's Friendship Association (MAWFA) နှင့် နေအုပ်ဖောင်ဒေးရှင်းတို့မှ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**

Myanmar ASEAN Women's Friendship Association (MAWFA) နှင့် နေအုပ်ဖောင်ဒေးရှင်းတို့က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းရှိ ပြည်သူ့ဆေးရုံများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ လှူဒါန်းပွဲတွင် Myanmar ASEAN Women's Friendship Association (MAWFA) မှ PPE Level 2(A) ၁၄၀၀၊ PPE ဝတ်စုံ ၅၀၊ လက်သန့်ဆေးရည် ၅၀၀ စီစီပါ ၁၀၀၊ Isolation Gowns ၁၀၀၀၊ Oxygen Cylinder ၇ ဘူး၊ နှာခေါင်းစည်း ၅၀၀၀၊ Quarantine Essential Kit ၂၀ နှင့် နေအုပ်ဖောင်ဒေးရှင်းမှ ဆေးရုံတစ်ရုံချင်းစီအတွက် KN 95 ၁၀၀၀၊ လက်သန့်ဆေးရည် ၅၀၀ စီစီဝင် ၂၄ ဘူး၊ Disinfectant Solution 18 kg တစ်ဘူး တို့ကို ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းရှိ ပြည်သူ့ဆေးရုံများ၏ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဇနီး ဒေါ်ခင်အေးရီ ဦးဆောင်သည့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံတမန်များ၏ ဇနီးများနှင့် နေအုပ်ဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့ဝင် ဒေါက်တာပြုံးမိုအိတို့က ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဒဂုံမြို့သစ်တောင်ပိုင်းနှင့် ဒဂုံမြို့သစ်မြောက်ပိုင်း ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။



ယနေ့ လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုလဲဆေးရုံ၊ မှော်ဘီဆေးရုံ၊ တိုက်ကြီးဆေးရုံ၊ ထန်းတပင်ဆေးရုံ၊ လှည်းကူးဆေးရုံနှင့် ရွှေပြည်သာဆေးရုံများသို့ ဖြန့်ခွဲ ပေးပို့သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ထက်လျှံ**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ပြည်ပဝယ်လိုအားကြောင့် ငရုတ်သီးဈေးကွက်ကောင်းမွန်သော်လည်း အရည်အသွေးပြည့်မီသည့် ငရုတ်သီးရရှိရန် ခက်ခဲနေ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပြည်ပဝယ်လိုအားများလာသဖြင့် ငရုတ်သီးဈေးကွက် ပြန်လည်ကောင်းမွန်နေသော်လည်း အရည်အသွေးပြည့်မီသည့် ငရုတ်သီးများရရှိရန် ခက်ခဲနေကြောင်း မြန်မာ့ငရုတ်သီးဈေးကွက်နှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

''ငရုတ်သီးအမှုန့်(အနီ)တွေ ဈေးတက်လာတယ်။ တရုတ်ပြည်ကလည်း ဝယ်လက်တွေဆင်းဝယ်လာတယ်။ ထိုင်းနိုင်ငံဘက်မှာလည်း ဈေးတက်နေတယ်။ ဘာကြောင့်ဈေးတက်တာလဲဆိုတော့ ဗီယက်နမ်နိုင်ငံမှာက ငရုတ်သီးတွေ ပြည်ပထွက်ခွင့် ပိတ်ထားတယ်။ အခုဗီယက်နမ်က ပြည်ပကို ငရုတ်သီးထွက်ခွင့် ပိတ်လိုက်တာကြောင့် ငရုတ်သီး လိုအပ်ချက်က ပြန်ရှိလာတာ။ ဈေးကွက်ကို ရေရှည်ထိန်းသိမ်းထားနိုင်ဖို့ ဆိုရင်တော့ မြန်မာ့ငရုတ်သီးတွေ အခုထက်ပို အရည်အသွေးပြည့်မီလာဖို့ လိုအပ်နေပါတယ်'' ဟု မြန်မာ့ငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောသည်။

ပြည်တွင်း၌ထွက်ရှိသည့် ငရုတ်သီးအများစု ပို့ကုန်အရည်အသွေး စံချိန်စံညွှန်းမပြည့်မီရခြင်းမှာ မြေ၊ ရေ၊ ရာသီဥတုတို့အပြင် မျိုးကောင်းမျိုးသန့်၊ စိုက်နည်းစနစ် စသည့် အကြောင်းရင်းအမျိုးမျိုးရှိနေကြောင်း ဈေးကွက်ကျွမ်းကျင်သူများထံမှ သိရသည်။

''မြန်မာ့ငရုတ်သီးတွေက ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ နတ်မောက်တို့ဘက်မှာ အထွက်များတယ်။ ထွက်ပေမယ့် တချို့တောင်သူတွေက ငရုတ်သီးတွေ စိုက်ထားတာ F1 မျိုးတွေကို ပြန်ပြီးတော့ မျိုးခံပြီးတော့ စိုက်ထားတာဖြစ်နေတယ်။ တကယ်တော့ F1 မျိုးကို မျိုးခံစိုက်ပျိုးမယ်ဆိုရင် အရည်အသွေးပိုင်းမှာ စံချိန်စံညွှန်းမပြည့်မီဘူး။ ဒီတော့ ဈေးကွက်ကကောင်းပေမယ့် အရည်အသွေးကောင်းတဲ့ ငရုတ်သီးရရှိဖို့ ခက်ခဲနေတယ်။ ထိုင်းနိုင်ငံကို တင်ပို့မယ်ဆိုရင်တော့ နီးတဲ့အတွက် အခုလောက် အရည်အသွေးစစ်ဆေးဖို့မလိုပေမယ့် တရုတ်နိုင်ငံကိုကျတော့ ပို့ရတာဝေးတဲ့အတွက် ငရုတ်သီးအရည်အသွေး ညံ့တယ်ဆိုရင် လမ်းခရီးမှာ ဒဏ်မခံနိုင်လောက်ဘူးဖြစ်နေတယ်'' ဟု ငရုတ်သီးကုန်သည်တစ်ဦးက ပြောသည်။

ဈေးကွက်လိုလားမှုရှိသည့် မျိုးကောင်းမျိုးသန့်များ ရရှိပြီး စိုက်ပျိုးနိုင်စေရန်၊ ရိတ်သိမ်းချိန်လွန် နည်းပညာ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စသည့် စိုက်ပျိုးစနစ်များကို တောင်သူများ နားလည်သိရှိပြီး အရည်အသွေးကောင်းမွန်သည့်သီးနှံများ ထုတ်လုပ်နိုင်စေရန်အတွက် နည်းပညာပေးလုပ်ငန်းစဉ်များ၊ စိုက်ပျိုးစရိတ် ပံ့ပိုးကူညီထောက်ပံ့ပေးမှုများ လိုအပ်နေကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# မင်းလှမြို့တွင် ရွှေတစ်ပိဿာကျော် ခိုးယူသူအား ရက်သတ္တပတ်အတွင်း ဖမ်းဆီးရမိ

**မင်းလှ ဒီဇင်ဘာ ၁၀**

သာယာဝတီခရိုင် မင်းလှမြို့ မြောက်ဘက်ဈေးအတွင်း ရွှေထည်ပစ္စည်း အမျိုး ၂၈၀ ကျော် (အလေးချိန်ရွှေတစ်ပိဿာ ၁၁ ကျပ်သားကျော်) အား ခိုးယူသူနှစ်ဦးကို ရက်သတ္တပတ်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်သန်းထံမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် နံနက် ၇ နာရီခန့်က မင်းလှမြို့ မြောက်ဘက်ဈေးရုံဘက်တွင် ဖွင့်လှစ်ထားသော UD ရွှေဆိုင်မှ အဆိုပါနေ့ ၇ နာရီခွဲခန့်တွင် ရွှေများခင်းကျင်းပြီး ရွှေခင်းကျင်းသောမှန်ဗီရိုကို သော့မခတ်မိဘဲ ပေ ၃၀၀ ခန့်အကွာရှိ တောင်ဘက်ဈေးထီဆိုင်သို့ ထီထိုးရန်သွားခဲ့ရာမှ အပြန်တွင် ရွှေများထည့်ထားသော မှန်ဗီရိုမှာ တံခါးပွင့်နေသည်ကို တွေ့ရှိရ၍ စစ်ဆေးကြည့်ရာ ရောင်းချရန်အတွက် ချိတ်ဆွဲထားသော ရွှေထည်များကို တွေ့ရှိရကာ မှန်ဗီရိုထဲ မချိတ်ဆွဲထားသော ရွှေထည်မျိုးစုံ စုစုပေါင်း ၂၈၂ မျိုး စုစုပေါင်း ရွှေအလေးချိန်တစ်ပိဿာ ၁၁ ကျပ်သားသုံးပဲခန့် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၅၇၄၀၀၀ ခန့်) ပျောက်ဆုံးသွားသဖြင့် အမှုဖွင့်တိုင်တန်းခဲ့သည်။ အဆိုပါအမှုအား ခရိုင်ရဲတပ်ဖွဲ့၏ ညွှန်ကြားမှုဖြင့် ရဲမှူး တင်မောင်သန်း ခေါင်းဆောင်သော အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်း၍ စုံစမ်းရာ အိုးသည်ကုန်းမြို့နေ ယခင်ခိုးမှုဖြင့် ထောင်ကျခဲ့ဖူးသူ မရီရီလွင်၏ ခင်ပွန်းဖြစ်သူ ကျော်လွင်နိုင်(ခ) ကျော်ကြီးမှာ အုတ်ဖိုမြို့ရှိ ရွှေဆိုင်တစ်ဆိုင်တွင် ရွှေဆွဲကြိုးတစ်ကုံးကို သွားရောင်းခဲ့ပြီး ရရှိသောငွေဖြင့် သုံးစွဲနေကာ အဆိုပါ လင်မယားမှာ အလုပ်အကိုင်မရှိကြောင်း သိရ၍ ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးအဖွဲ့က အဆိုပါမြို့သို့ သွားရောက်ကာ မသင်္ကာသူ မရီရီလွင်နှင့် ကျော်လွင်နိုင်(ခ)ကျော်ကြီးတို့ကို ရှာဖွေခဲ့ရာ ၎င်းတို့နေထိုင်ရာ ခနဝတီရပ်ကွက်တွင်တွေ့ရသဖြင့် မင်းလှမြို့မရဲစခန်းသို့ ခေါ်ဆောင်၍ မရီရီလွင်အား စစ်ဆေးရာ အခင်းဖြစ်နေ့ရက် နံနက် ၈ နာရီက ၎င်းတစ်ဦးတည်း မင်းလှမြို့သို့ လာရောက်ခဲ့ပြီး ရွှေဆိုင်တစ်ဆိုင်တွင် လူမရှိဘဲကောင်တာပေါ်၌ တင်ထားသည့် အိတ်တစ်ခုကို တွေ့ရှိသဖြင့် ယူဆောင်ခဲ့ကာ ပြန်လာခဲ့ကြောင်း၊ လူပြတ်သည့်နေရာတွင် အိတ်ကိုဖွင့်ကြည့်ရာ ရွှေထည်ပစ္စည်းများဖြစ်နေသည်ကို တွေ့ရသဖြင့် ရွှေထည်များအား အကျႌဖြင့်ထုပ်၍ အိတ်ကိုလွှင့်ပစ်ခဲ့ကြောင်း၊ နေအိမ်ရောက်ရှိသောအခါ ရွှေထည်ပစ္စည်းများကို နေအိမ်အတွင်း ကျင်းတူး၍ မြှုပ်ထားခဲ့ကြောင်း၊ ခိုးယူထားသော ပစ္စည်းများထဲမှ ဆွဲကြိုးတစ်ကုံးကို ခင်ပွန်းဖြစ်သူအား ရောင်းချခိုင်းခဲ့ပြီး ငွေကျပ် ၂၇၀၀၀၀ ခန့် ရရှိခဲ့ကြောင်း သိရသည်။ မရီရီလွင်နေထိုင်သည့် နေအိမ်သို့သွားရောက်၍ ၎င်းမြှုပ်နှံထားသည့်နေရာကို တူးဖော်ရှာဖွေရာ ပျောက်ဆုံးပစ္စည်းရွှေထည်များကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း၊ ကျော်လွင်နိုင်(ခ)ကျော်ကြီးရောင်းချခဲ့သည့် ရွှေထည်



ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မောင်သန်းက ပြောသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မရီရီလွင်နှင့် ကျော်လွင်နိုင်(ခ) ကျော်ကြီးတို့ကို မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။(အပေါ်ပုံ)

ဘိုဘို

## လာမည့်နှစ် စတင်ကျင်းပမည့် ဂျပန်အမျိုးသမီးလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအပါအဝင် အရှေ့တောင်အာရှကစားသမားများကို ဂျပန်ဘောလုံးအဖွဲ့ချုပ် ကမ်းလှမ်း

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဂျပန်ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၁ ခုနှစ်တွင် ဂျပန်အမျိုးသမီးလိဂ်ပြိုင်ပွဲဖြစ်သည့် WE League ပြိုင်ပွဲတွင် လာရောက်ကစားရန် မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ လက်ရွေးစင်ကစားသမားများကို ကမ်းလှမ်းခဲ့သည်။

ဂျပန်ဘောလုံး အဖွဲ့ချုပ်သည် ဂျပန်အမျိုးသမီးဘောလုံးလောကအတွက် အဆင့်မြင့်ဆုံး လိဂ်ပြိုင်ပွဲတစ်ခုကျင်းပရန် စီစဉ်နေပြီး လာမည့်နှစ် စက်တင်ဘာလတွင် စတင်ကျင်းပရန် စီစဉ်ထားကာ ကလပ်အသင်း ခြောက်သင်းမှ ၁၀ သင်းကြား ကျင်းပရန် ရည်ရွယ်ထားသည်။ ဂျပန်ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဘောလုံးအဖွဲ့ချုပ်မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများထံ အကြောင်းကြားခဲ့ခြင်းဖြစ်ပြီး အာဆီယံအမျိုးသမီးဘောလုံးအဆင့်အတန်းတွင် ထိပ်တန်းအဆင့်ရှိသည့် မြန်မာအမျိုးသမီးကစားသမားများအတွက် အခွင့်အရေးတစ်ခုဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ဂျပန်ဘောလုံးအဖွဲ့ချုပ်၏ ကမ်းလှမ်းမှုကို ပြီးခဲ့သည့်အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့ပြီး ပြိုင်ပွဲကျင်းပမည့် အချက်အလက်များ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ပြီးပါက သွားရောက်ကစားနိုင်ရန် သက်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်အလိုက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်တွင်းဘောလုံးပြိုင်ပွဲများ နည်းပါးနေသည့် မြန်မာအမျိုးသမီး ဘောလုံးသမားများမှာ ပြည်ပကလပ်များတွင် သွားရောက်ကစားခွင့်ရပါက ခြေစွမ်းပိုင်းသာမက ခံစားခွင့်များပါ တိုးတက်လာမည်ဖြစ်သည်။ ဂျပန်အမျိုးသမီး ဘောလုံးအသင်းသည် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲဖူးသလို ကမ္ဘာ့အဆင့်ရှိသည့် အသင်းတစ်သင်းဖြစ်သောကြောင့် ဂျပန်ကလပ်များတွင် မြန်မာကစားသမားများ သွားရောက်ကစားခွင့်ရပါက မြန်မာအမျိုးသမီး ဘောလုံးအဆင့်အတန်းတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

လက်ရှိတွင် မြန်မာအမျိုးသမီးဘောလုံးသမားများအတွက် ပြည်တွင်းပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပလျက်ရှိသည့် အမျိုးသမီးလိဂ်ပြိုင်ပွဲသာ ယှဉ်ပြိုင်ကစားနေရသည်။

ညီမြတ်သော်တာ

## ရွှေကူ၊ သရက်ချောင်းနှင့် ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၉ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအုပ်စု မိုးစစ်ကျေးရွာ မိုးစစ်-မြို့ကုန်းကျေးရွာလမ်းတွင် အောင်ပန်းမောင်းနှင်ပြီး အောင်ငွေမြင့်(ခ)သားအောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၄၅ ပြားတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သရက်ချောင်းမြို့နယ် လဘာကျေးရွာအုပ်စု ကျွဲဇပ်ကျေးရွာရှိ မျိုးဇော်ဦး(ခ) ခလိန်းချား၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ညနေ ၅နာရီတွင် အောင်ပန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကလောမြို့နယ် အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက်ရှိ ကုန်စည်ပို့ဆောင်ရေးဂိတ်ရှေ့၌ မသင်္ကာဖွယ် ဆာလာအိတ်တစ်လုံးတွေ့ရှိ၍ သတင်းအရ သွားရောက်စစ်ဆေးရာ ဘိန်းစိမ်း ၁၅ ကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ် ရီးရဲမက်ဒရစ်တို့ ဘင်ဇီမာ၏ ခေါင်းတိုက်ဂိုးများဖြင့် မိုချန်ဂလာဘတ်ကို အနိုင်ယူ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်းအဆင့် နောက်ဆုံးပွဲစဉ်ဖြစ်သော အုပ်စုပွဲစဉ်(၆)မှ ဒုတိယနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၀ ရက်နံနက်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ခ)မှ စပိန်မြေ၌ယှဉ်ပြိုင်ခဲ့သည့် ရီးရဲမက်ဒရစ်နှင့် မိုချန်ဂလာဘတ်ပွဲစဉ်တွင် နှစ်ဂိုး- ဂိုးမရှိဖြင့် ရီးရဲမက်ဒရစ်အသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အိမ်ရှင် ရီးရဲမက်ဒရစ်အသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် မိုချန်ဂလာဘတ်အသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာသည်။



ပထမပိုင်းပွဲချိန် ကိုးမိနစ်တွင် ရီးရဲအသင်းအတွက် အဖွင့်ဂိုးကို လူးကပ်စ်ဗက်ဇ်ဂွက်ဇ် ဖြတ်တင်ဘောမှ တိုက်စစ်မှူး ဘင်ဇီမာက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ **(အောက်ပုံ)** ပွဲချိန် ၃၂မိနစ် တွင်လည်း ဘင်ဇီမာက ရိုဒရီဂို၏ ပေးပို့မှုကို ခေါင်းတိုက်အဆုံးသတ်ကာ ရီးရဲအသင်း ဒုတိယဂိုးရရှိခဲ့သည်။ ပထမပိုင်းကို ရီးရဲအသင်းနှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်းတွင် မိုချန်ဂလာဘတ် ချေပဂိုးရရှိရန် အပြန်အလှန်တိုက်စစ်ဆင်မှုများ ပြုလုပ်ခဲ့သော်လည်း ပထမပိုင်းဂိုးရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင်ရီးရဲအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၉ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ရာ ခုနစ်ကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ ဧည့်သည် ဂလာဘတ်သည် ခုနစ်ကြိမ် ဂိုးကန်သွင်းခွင့်ရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ရီးရဲအသင်းသည် ဘင်ဇီမာ၏ ခေါင်းတိုက်သွင်းဂိုးများဖြင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ အုပ်စု(ခ)မှ ပွဲစဉ်တစ်ပွဲဖြစ်သော အင်တာမီလန်နှင့် ရှက်တာဒိုးနက်ခ်ပွဲစဉ်ကို အီတလီမြေတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ယင်းအုပ်စုတွင် ရီးရဲမက်ဒရစ်သည် ရမှတ် ၁၀ မှတ် အုပ်စုပထမဖြင့် နောက်တစ်ဆင့်ကို တက်ရောက်ခဲ့ပြီး မိုချန်ဂလာဘတ်နှင့် ရှက်တာဒိုးနက်ခ်သည် ရမှတ်ရှစ်မှတ်စီတူညီနေကာ ဂိုးကွာခြားချက်ဖြင့် မိုချန်ဂလာဘတ်က နောက်တစ်ဆင့်ကိုတက်ရောက်နိုင်ခဲ့ပြီး ရှက်တာဒိုးနက်ခ်က ယူရိုပါလိဂ်အဆင့်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အင်တာမီလန်အသင်းသည် ရမှတ်ခြောက်မှတ်သာ ရရှိခဲ့သည်။

ချန်ပီယံလိဂ်အုပ်စု(ဈ)မှ ပွဲစဉ်တစ်ပွဲဖြစ်သော ပြင်သစ်ကလပ် ပီအက်စ်ဂျီနှင့် တူရကီကလပ် အစ္စတန်ဘူလ်ပွဲစဉ်ကို ဒီဇင်ဘာ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ပြင်သစ်မြေ၌ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲပြင်ပကြီးကြပ်ဒိုင်၏ လူမျိုးရေးခွဲခြားမှုကြောင့် ပွဲပျက်ခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်း၌ ပြန်လည်ယှဉ်ပြိုင်ကစားခဲ့ရာတွင် အိမ်ရှင်ပီအက်စ်ဂျီအသင်း ငါးဂိုး- တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပီအက်စ်ဂျီအတွက် သွင်းဂိုးများကို နေမာက ပွဲချိန် ၂၁ မိနစ်၊ ၃၈ မိနစ်နှင့် မိနစ် ၅၀ တွင် ဟက်ထရစ်သွင်းယူခဲ့ကာ အမ်ဘတ်ပီက ပွဲချိန် ၄၂ မိနစ်တွင် ပယ်နယ်တီမှသွင်းယူခဲ့ကာ ၆၂ မိနစ်တွင် ပီအက်စ်ဂျီအတွက် နောက်ဆုံးဂိုးသွင်းယူပေးခဲ့သည်။ အစ္စတန်ဘူလ်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် မက်မတ်တိုပယ်က သွင်းယူပေးခဲ့သည်။ အုပ်စု(ဈ)တွင် ပီအက်စ်ဂျီနှင့် လိုက်ပ်ဇစ်က ရမှတ် ၁၂ မှတ်စီဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၆) အခြားပွဲစဉ်ရလဒ်များအဖြစ် အုပ်စု(က)မှ ဘိုင်ယန်မြူးနစ်က လိုကိုမိုးတစ်မော်စကို ကို နှစ်ဂိုး- ဂိုးမရှိ၊ အက်သလက်တီကိုက ဆာ့လ်ဘတ်ကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘိုင်ယန်က ရမှတ် ၁၆ မှတ်နှင့် အက်သလက်တီကိုက ရမှတ်ကိုးမှတ်ဖြင့် နောက်တစ်ဆင့် တက်ရောက်ခဲ့ပြီး ဆာ့လ်ဘတ်က ရမှတ်လေးမှတ်ဖြင့် ယူရိုပါလိဂ်ဝင်ရောက်ခဲ့ကာ လိုကိုမိုးတစ်မော်စကိုက ရမှတ်သုံးမှတ်သာ ရရှိခဲ့သည်။ အုပ်စု (ဂ)တွင် မန်စီးတီးက မာဆေးကို သုံးဂိုး-ဂိုးမရှိ၊ ပေါ်တို က အိုလံပီယာကို့စ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းအုပ်စုတွင် မန်စီးတီးက ရမှတ် ၁၆ မှတ်နှင့် ပေါ်တိုက ရမှတ် ၁၃ မှတ်ဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီး အိုလံပီယာကို့စ်နှင့် မာဆေးက ရမှတ်သုံးမှတ်စီတူညီနေကာ ဂိုးကွာခြားချက်ဖြင့် အိုလံပီယာကို့စ်က ယူရိုပါလိဂ်သို့ ဝင်ရောက်ခဲ့သည်။ အုပ်စု(ဃ)တွင် မစ်ဂျယ်လန်းနှင့် လီဗာပူးက တစ်ဖက်တစ်ဂိုးစီသရေကျခဲ့ပြီး အတ္တလန္တာက အိုင်းယက်စ်ကို တစ်ဂိုး - ဂိုးမရှိဖြင့် အဝေးကွင်းနိုင်ပွဲရရှိခဲ့သည်။ ယင်းအုပ်စုရပ်တည်မှုတွင် လီဗာပူးက ရမှတ် ၁၃ မှတ်၊ အတ္တလန္တာက ၁၁ မှတ်ဖြင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့ပြီး အိုင်းယက်စ်က ရမှတ် ခုနစ်မှတ်ဖြင့် ယူရိုပါလိဂ်ဝင်ရောက်ခဲ့ကာ မစ်ဂျယ်လန်းက နှစ်မှတ်သာ ရရှိခဲ့သည်။

သီဟ

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ပြီးဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း တစ်ပြည်လုံးအတိုင်းအတာနှင့် သိရှိနိုင်ရန် ကြေညာပေးခဲ့ပြီးဖြစ်သည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၅၀)

# ရွေးကောက်တင်မြှောက်ခံရသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ

**———— မောင်စာဂ ————**

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ်အသီးသီး၌ ပါဝင်ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၅၆၃၉ ဦးရှိပြီး ၁၁၁၂ ဦး ရွေးကောက်တင်မြှောက်ခံရသည်။ ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်များထဲတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၉၄ ဦး ဖြစ်သည်။ ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကို ဂုဏ်ပြုသောအားဖြင့် ရွေးကောက်တင်မြှောက်ခံရသော မဲဆန္ဒနယ် အမည်များကိုပါ ဖော်ပြ၍ အနှစ်ချုပ်မျှဝေပါရစေ။**

## ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်အတွက်ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဒေါ်အေးအေးမူ(ခ)ရှားမီး (ကလေး)၊ ဒေါက်တာဒေါ်ပြုံး (အင်းတော်)၊ ဒေါ်ချိုချိုဝင်း (မော်လိုက်)၊ ဒေါ်ခင်စန်းလှိုင် (ပုလဲ)၊ ဒေါက်တာအေဇင်လတ် (ရွှေဘို)၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဒေါ်ခင်စန္ဒီ (လောင်းလုံး)၊ ဒေါ်တင်ဌေး (သရက်ချောင်း)၊ ဒေါ်တင်တင်ရီ (ကျွန်းစု)၊ ဒေါ်စီစီသက် (တနင်္သာရီ)၊ ပဲခူးတိုင်းဒေသကြီးတွင် ဒေါ်ချိုချို (အုတ်တွင်း)၊ ဒေါက်တာဒေါ်ရွှေပုံ (ပဲခူး)၊ ဒေါ်နီနီဒွန်း (ပေါက်ခေါင်း)၊ ဒေါက်တာခင်စိုးစိုးကြည် (ပြည်)၊ ဒေါ်မြခွာညိုဦး (ရွှေတောင်)၊ ဒေါက်တာ ဒေါ်သန်းအေး (ဇီးကုန်း)၊ မကွေးတိုင်းဒေသကြီးတွင် ဒေါ်ယဉ်မင်းလှိုင် (ဂန့်ဂေါ)၊ ဒေါ်အေးယုမော် (သရက်)၊ ဒေါ်ခင်မျိုးဆက် (အောင်လံ)၊ မန္တလေးတိုင်းဒေသကြီးတွင် ဒေါ်ဝင်းမြမြ (စဉ့်ကိုင်)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဒေါ်အောင်ဆန်းစုကြည်(ကော့မှူး)၊ ဒေါ်အိအိခိုင် (တိုက်ကြီး)၊ ဒေါ်ခင်မြတ်သူ (မင်္ဂလာဒုံ)၊ ဒေါ်မြသီတာဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒေါ်ဖြူဖြူသင်း (မင်္ဂလာတောင်ညွန့်)၊ ဒေါ်ဇင်မာအောင် (ရန်ကင်း)၊ ဒေါ်စုစုလွင် (သုံးခွ)၊ ဒေါက်တာမေဝင်းမြင့် (မရမ်းကုန်း)၊ ဒေါ်ခင်မို့မို့အောင် (လသာ)၊ ဒေါ်ကြည်ကြည်အုန်း (အလုံ)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဒေါက်တာဒေါ်ခင်ညို (ဒေးဒရဲ)၊ ဒေါ်ဝေမာလွင် (ဘိုကလေး)၊ ဒေါ်အုန်းသိန်း (ဓနုဖြူ)၊ ဒေါ်အိအိပြုံး (မအူပင်) နှင့် ဒေါ်သန္တာ (အိမ်မဲ) တို့ဖြစ်ကြသည်။

ကချင်ပြည်နယ်တွင် ဒေါ်လရှန်ဘန်ထွယ် (ဆွမ်ပရာဘွမ်)၊ ဒေါ်ကေရွှယ်အောင် (မြစ်ကြီးနား)၊ ကယားပြည်နယ်တွင် ဒေါ်နန်းထွေးသူ (ဖားဆောင်း)၊ ဒေါ်မိုးမြာ (ရှားတော)၊ ဒေါ်ခင်စန်းဝင်း(ခ) ဒေါ်စန်းစန်းမြင့် (လွိုင်ကော်)၊ ကရင်ပြည်နယ်တွင် ဒေါ်နန်းသန်းသန်းလွင် (ဘားအံ)၊ ချင်းပြည်နယ်တွင် ဒေါ်ကျိန်ငိုက်မန် (တွန်းဇန်)၊ မွန်ပြည်နယ်တွင် ဒေါ်မိချိုသဲ (ချောင်းဆုံ)၊ ဒေါ်မိကွန်ချမ်း (ပေါင်)၊ ဒေါ်ကေသီဇာလှိုင်း (သထုံ)၊ ရခိုင်ပြည်နယ်တွင် ဒေါ်လှသက်စိုး (တောင်ကုတ်)၊ ရှမ်းပြည်နယ်တွင် နန်းစမ်းစမ်းအေး (သီပေါ)၊ နန်းခမ်းအေး (နမ္မတူ)၊ ဒေါ်ပြုံးကေသီနိုင် (ကလော)၊ ဒေါက်တာ ခင်မျိုးသွယ် (ရပ်စောက်)၊ နန်းခမ်းဗွာ (ဟိုပုံး)၊ နန်းထွေးမှုံ (မူဆယ်)၊ နန်းရွှေညွန့် (မိုးနဲ)၊ နန်းခင်စော (ကွန်ဟိန်း) တို့ ဖြစ်ကြသည်။

## အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဒေါ်သီတာဝင်း (စစ်ကိုင်း-၈)၊ ဒေါ်ခင်စုလှိုင်ထွေး (စစ်ကိုင်း-၁၁)၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဒေါ်ချိုချိုလွင် (တနင်္သာရီ-၃)၊ ဒေါ်ဥမ္မာခင် (တနင်္သာရီ-၅)၊ ဒေါ်သီတာ (တနင်္သာရီ-၈)၊ ပဲခူးတိုင်းဒေသကြီးတွင် ဒေါက်တာတင်တင်ဝင်း (ပဲခူး-၂)၊ မကွေးတိုင်းဒေသကြီးတွင် ဒေါ်လှိုင် (မကွေး-၁၀)၊ ဒေါ်သန်းသန်းအေး (မကွေး-၁၁)၊ မန္တလေးတိုင်းဒေသကြီးတွင် ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် (မန္တလေး-၁)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဒေါ်ဖြူဖြူလွင် (ရန်ကုန်-၁)၊ ဒေါ်မြမျိုးအေး (ရန်ကုန်-၁၂)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဒေါ်မေသန်းနွဲ့ (ဧရာဝတီ-၄) တို့ဖြစ်ကြသည်။

ကချင်ပြည်နယ်တွင် ဒေါက်တာခင်မကြီး (ကချင်-၆)၊ ဒေါ်ခင်နှင်းထွေး (ကချင်-၈)၊ ကယား ပြည်နယ်တွင် ဒေါ်ခင်သန်းနု (ကယား-၆)၊ ကရင်ပြည်နယ်တွင် နန်းမိုးမိုးထွေး (ကရင်-၉)၊ ဒေါက်တာနော်ခရစ္စထွန်း (ခ) အားကာမိုး (ကရင်-၁၀)၊ ချင်းပြည်နယ်တွင် ဒေါ်ခင် ဆွေလွင် (ချင်း-၅)၊ ဒေါက်တာအေးအေးငွန် (ချင်း-၁၁)၊ မွန်ပြည်နယ်တွင် မိလဝီဟန် (မွန်-၇)၊ ဒေါ်မြတ်သီတာထွန်း (မွန်-၈)၊ ဒေါ်သီရိရတနာ (မွန်-၁၁)၊ ရခိုင်ပြည်နယ်တွင် ဒေါ်ခင်လှမြိုင်(ခ) ဒေါ်ခင်သန်းရင် (ရခိုင်-၁)နှင့် ရှမ်းပြည်နယ်တွင် နန်းမွန်းစိန် (ရှမ်း-၆)၊ ဒေါ်မမလေး (ရှမ်း-၉) တို့ဖြစ်ကြသည်။

## တိုင်းဒေသကြီးလွှတ်တော်

တိုင်းဒေသကြီးလွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၌ ဒေါ်သန့်ဝေကျော် (ကလေး-၁)၊ ဒေါ်ခင်နှင်းရီ (ယင်းမာပင်-၁)၊ ဒေါ်အေးစန္ဒာကျော် (ယင်းမာပင်-၂)၊ ဒေါ်လတ်လတ်မိုးအောင် (မော်လိုက်-၁)၊ ဒေါ်နှင်းခိုင်စိုး (ဒီပဲယင်း-၁)၊ ဒေါ်အမာကြည် (မုံရွာ-၁)၊ ဒေါ်အောင်ကြည် (မုံရွာ-၂)၊ ဒေါ်ခင်မွေးလွင် (မင်းကင်း-၁)၊ ဒေါ်ဖြူဖြူဝင်း (ကောလင်း-၁)၊ ဒေါ်ခိုင်ခိုင်ဝင်း (ဝန်းသို-၂)၊ ဒေါ်အေးမြတ်မွန် (မြောင်-၂)၊ ဒေါ်နီလာလွင် (မြင်းမူ-၂)၊ ဒေါ်သင်းသင်းကြူ (ခင်ဦး-၁)၊ ဒေါ်လါလ်ရင်းမွန် (ချင်းတိုင်းရင်းသား)၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဒေါ်မိုးမိုးသူ (ထားဝယ်-၂)၊ ဒေါ်ယုယုဝါ (သရက်ချောင်း-၁)၊ ဒေါ်သီသီစန်း (သရက်ချောင်း-၂)၊ ဒေါ်ရီရီချို (မြိတ်-၂)၊ ပဲခူးတိုင်းဒေသကြီးတွင် ဒေါ်မေဖြိုးသူ(ခ) ယမင်း (ကျောက်ကြီး-၂)၊ ဒေါ်သိမ့်နန္ဒာအေး (သာယာဝတီ-၁)၊ ဒေါ်ဇင်မိုးထိုက် (ပန်းတောင်း-၁)၊ ဒေါ်ပပဟန် (ပန်းတောင်-၂ )၊ ဒေါ်လှလှဝင်း (ရွှေကျင်-၂)၊ ဒေါ်ရီရီထိုက် (ဝေါ-၂)၊ ဒေါ်ခင်အေးရီ (ဇီးကုန်း-၁)၊ ဒေါ်မေဦးနိုင် (သဲကုန်း-၂) နှင့် နော်ပွယ်စေး (ကရင်တိုင်းရင်းသား)၊ မကွေးတိုင်းဒေသကြီးတွင် ဒေါ်ဌေးဌေးလှိုင် (ပခုက္ကူ-၁)၊ ဒေါ်ဇင်နီနီဝင်း (ပခုက္ကူ-၂)၊ ဒေါ်သင်းသင်းဆွေ (တောင်တွင်းကြီး-၂)၊ ဒေါ်ခင်ချိုလတ် (မကွေး-၂)၊ ဒေါ်ယဉ်ယဉ်အောင် (ထီးလင်း-၂)၊ ဒေါ်စောအေးမွန် (ချောက်-၁)၊ ဒေါ်ညိုညိုဦး (စေတုတ္တရာ-၁)၊ ဒေါ်သက်မွန်အေး (ဆိပ်ဖြူ-၁)၊ ဒေါ်မြင့်စန်း (ပေါက်-၂)၊ ဒေါ်အေးမူ (မင်းတုန်း-၂) တို့ဖြစ်ကြသည်။

**"ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၅၆၃၉ ဦးတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၈၉၈ ဦး ရှိသဖြင့် ၁၅ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါဝင်ယှဉ်ပြိုင်သူ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၈၉၈ ဦးတွင် ၁၉၄ ဦး ရွေးကောက်တင်မြှောက်ခံရသဖြင့် ၂၁ ဒသမ ၆ ရာခိုင်နှုန်း ရွေးကောက်တင်မြှောက်ခံရသည်။ ရွေးကောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၁၁၁၂ ဦးတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၉၄ ဦးရှိသဖြင့် ၁၇ ဒသမ ၄ ရာခိုင်နှုန်းပါဝင်သည်"**

မန္တလေးတိုင်းဒေသကြီးတွင် ဒေါ်သီတာငြိမ်း (မလှိုင်-၂)၊ ဒေါ်နေခြည်အေး (ပျော်ဘွယ်-၂)၊ ဒေါ်သန်းဌေး(ခ) ဒေါ်မီးမီး (သာစည်-၁)၊ ဒေါ်နေနွယ်ဝင်း(ခ)ပအိုဝ့်မ (သာစည်-၂)၊ ဒေါ်ရင်ရင်မြ (စဉ့်ကူး-၁)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဒေါ်ယဉ်ယဉ်မြင့် (လသာ-၁)၊ ဒေါ်အေးမြမြမျိုး (လသာ-၂)၊ ဒေါ်လွဲလွဲဝင်း (ဗိုလ်တထောင်-၂)၊ ဒေါ်ရွှေမိုးယံညွန့် (ကျောက်တံတား-၁)၊ ဒေါ်မြလှစံ (ကျောက်တံတား-၂)၊ ဒေါ်စိုးပပလှိုင် (ပန်းဘဲတန်း-၂)၊ ဒေါ်သန္တာအေး (ကော့မှူး-၁)၊ ဒေါ်နွယ်နွယ်ဝင်း (အလုံ-၂)၊ ဒေါ်နုနုထွေး (ဒဂုံ-၂)၊ ဒေါ်နီနီအောင် (ဗဟန်း-၁)၊ ဒေါ်ရီရီမြ (ဗဟန်း-၂)၊ ဒေါ်တင်တင်ဦး (ဒလ-၁)၊ ဒေါ်သက်ထားစုကြည် (မင်္ဂလာတောင်ညွန့်-၁)၊ ဒေါ်နန်းတင်စိုး(ကျောက်တန်း-၁)၊ ဒေါ်သက်သက်မူ (ကျောက်တန်း-၂)၊ ဒေါ်အေးစန္ဒာဦး (ရန်ကင်း-၁)၊ ဒေါ်မြတ်မာလာထွန်း (လှည်းကူး-၁)၊ ဒေါ်ခင်မာလာ မောင်မောင် (လှည်းကူး-၂)၊ ဒေါ်မိုးမိုးစုကြည် (မရမ်းကုန်း-၂)၊ ဒေါ်အေးအေးမာ (လမ်းမတော်-၁)၊ ဒေါ်ခိုင်မာဌေး (လှိုင်-၂)၊ ဒေါ်ဝင်းပပမြင့် (သုံးခွ-၁)၊ ဒေါ်ဥမ္မာထိုက် (တွံတေး-၁)၊ ဒေါက်တာရည်ရည်မွန် (တွံတေး-၂)၊ ဒေါ်သစ်သစ်မြင့် (တောင်ဥက္ကလာပ-၁)၊ ဒေါ်ခင်ဝေဝေ (မင်္ဂလာဒုံ-၁)၊ ဒေါ်သန္တာမိုး (မင်္ဂလာဒုံ-၂)၊ နော်လှလှစိုး(ခ) နော်စူစင်နာ လှလှစိုး (ကရင်တိုင်းရင်းသား) နှင့် ဒေါ်ထုမေ (တစ်သီးပုဂ္ဂလ) ရခိုင်တိုင်းရင်းသားတို့ ဖြစ်ကြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဒေါ်အိသူဇာလွင်(ကြံခင်း-၁)၊ ဒေါ်ချိုချိုဝင်း (လေးမျက်နှာ-၂)၊ ဒေါက်တာလှမြတ်သွေး (ရေကြည်-၂)၊ ဒေါ်စုစုအောင် (မြန်အောင်-၂)၊ ဒေါ်နီနီပြုံး (ဇလွန်-၁)၊ ဒေါ်ပြုံးပြုံးအေး (ဖျာပုံ-၁)၊ ဒေါ်စောစော (ဓနုဖြူ-၂)၊ ဒေါ်ခိုင်ဇင်ဦး (မြောင်းမြ-၂)၊ ဒေါ်ရီရီထွန်း (အိမ်မဲ-၁)၊ ဒေါ်ခင်မိုးဝါ (သာပေါင်း-၁)၊ ဂျဲမိုးမြတ်မြတ်သူ (ကရင်တိုင်းရင်းသား) တို့ဖြစ်ကြသည်။

## ပြည်နယ်လွှတ်တော်

ပြည်နယ်လွှတ်တော်အတွက် ကချင်ပြည်နယ်တွင် ဒေါ်ဒေါင်နော (ချီဖွေ-၁)၊ ဒေါ်သီရိသွင် (မိုးကောင်း-၂)၊ ဒေါ်ဇာခြည်မြင့် (ဗန်းမော်-၂)၊ ဒေါ်ခေါ်မာဂူ (ဆော့လော်-၂)၊ ဒေါ်သက်ထားသူဇာခိုင်(ခ) သက်ထားနှောင်း (မိုးညှင်း-၁) နှင့် ဒေါ်မရန်ဂျာဆိုင်ခေါန် (တစ်သီးပုဂ္ဂလ) အင်ဂျန်းယန်-၂ တို့ဖြစ်ကြသည်။ကယားပြည်နယ်တွင် ဒေါ်အယ်ဗလင်း (ဖရူဆို-၂)၊ ဒေါ်ခင်မာဝင်း (ရှားတော-၂)၊ ကရင်ပြည်နယ်တွင် ဒေါ်ဖြူစင်အိ(ခ)ဒေါ်အိအိမွန် (လှိုင်းဘွဲ့-၁)၊ နန်းသူဇာဝင်း (ကော့ကရိတ်-၁)၊ နန်းခင်ထွေးမြင့် (ဘားအံ-၁)၊ ချင်းပြည်နယ်တွင် ဒေါ်နီရွှေလျန် (ထန်တလန်-၂) တို့ ဖြစ်ကြသည်။

မွန်ပြည်နယ်တွင် ဒေါ်ခင်မျိုးမြင့် (ကျိုက်မရော-၁)၊ ဒေါ်နွယ်နွယ်အောင် (မော်လမြိုင်-၂)၊ ဒေါ်ခင်ကျော့ဖြူ (မုဒုံ-၁)၊ ဒေါ်ခိုင်ခိုင်လွဲ့ (သထုံ-၁)၊ ဒေါ်မာမာခိုင် (သထုံ-၂)၊ ဒေါ်စံဝင့်ခိုင် (ပအိုဝ်းတိုင်းရင်းသား)၊ ရခိုင်ပြည်နယ်တွင် ဒေါ်ခင်မျိုးယဉ် (တောင်ကုတ်-၂)၊ ဒေါ်တင်ရီ(ခ) ဒေါ်မတောင့် (မာန်အောင်-၂)၊ ရှမ်းပြည်နယ်တွင် နန်းအိမွန်အောင် (ကျောက်မဲ-၁)၊ နန်းခမ်း (လင်းခေး-၁)၊ နန်းဖွေးဟွမ်ဦး (မောက်မယ်-၁)၊ ဒေါ်နန်းကောင်ခမ်း (မိုင်းရှူး-၁)၊ နန်းခင်ထားရီ (သိန္နီ-၁)၊ နန်းမြထွေး (လွိုင်လင်-၂)၊ နန်းဥမ္မာ (ခ) နန်းမွန်းမွန်းပေါင်း (သီပေါ-၁)၊ ဒေါ်မေရီချို့ (ဖယ်ခုံ-၁)၊ ဒေါ်ရီရီဝင်း (မိုးမိတ်-၁)၊ ဒေါ်ရီရီမင်း (လားရှိုး-၂)၊ ဒေါက်တာ ဒေါ်သန်းငွေ (တောင်ကြီး- ၂)၊ ဒေါ်ခင်စန်းမြင့်(ခ) ယာန်ချီမီး (လီဆူးတိုင်းရင်းသား)၊ ဒေါ်မေနှင်းသက် (မိုင်းပျဉ်း-၁)၊ ဒေါ်အိုင်စောစိန် (နမ့်ခမ်း-၂)တို့ ဖြစ်ကြသည်။

## ပါဝင်ယှဉ်ပြိုင်ရွေးကောက်တင်မြှောက်ခံရမှု

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ၂၄၈ ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်၌ ၁၃၆ ဦး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်၌ ၅၁၄ ဦး စုစုပေါင်း ၈၉၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများအနက်မှ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ၅၃ ဦး၊ အမျိုးသား လွှတ်တော် မဲဆန္ဒနယ်တွင် ၂၅ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် ၁၁၆ ဦး စုစုပေါင်း ၁၉၄ ဦး ရွေးကောက်တင်မြှောက်ခံရသည်။ ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၅၆၃၉ ဦးတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၈၉၈ ဦး ရှိသဖြင့် ၁၅ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါဝင်ယှဉ်ပြိုင်သူ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၈၉၈ ဦးတွင် ၁၉၄ ဦး ရွေးကောက်တင်မြှောက်ခံရသဖြင့် ၂၁ ဒသမ ၆ ရာခိုင်နှုန်း ရွေးကောက်တင်မြှောက်ခံရသည်။ ရွေးကောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၁၁၁၂ ဦးတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၉၄ ဦးရှိသဖြင့် ၁၇ ဒသမ ၄ ရာခိုင်နှုန်းပါဝင်သည်။

## ကမ္ဘည်းမော်ကွန်းတင်နိုင်ကြပါစေ

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ဖြစ်ကြသော ၁၉၉၀ ပြည့်နှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရွေးကောက်တင်မြှောက်ခံကြရသည်။ အချို့ လေးကြိမ်၊ အချို့ သုံးကြိမ်၊ အချို့ နှစ်ကြိမ်ဆက်တိုက် ရွေးကောက်တင်မြှောက်ခံကြရသူများလည်း ပါဝင်သည်။

မဲဆန္ဒရှင်ပြည်သူများက အားကိုးယုံကြည်စွာဖြင့် ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ခဲ့ကြရာ ရွေးကောက်ခံ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူနှင့်နိုင်ငံတော်အကျိုးနှင့် အမျိုးသမီးများ၏အခန်းကဏ္ဍမြှင့်တင်ရေးတို့ကို စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြခြင်းဖြင့် ကမ္ဘည်းမော်ကွန်းတင်နိုင်ကြစေလိုကြောင်းပါဗျာ။

- **❖ လွှတ်တော်ကိုယ်စားလှယ်အားလုံး ပြည်သူနှင့် နိုင်ငံ့ကောင်းကျိုး စွမ်းဆောင်နိုင်ကြပါစေ၊**
- **❖ မြန်မာအမျိုးသမီးများအခန်းကဏ္ဍ ပိုမိုမြှင့်တင်ပေးနိုင်ကြပါစေ၊**
- **❖ မဲဆန္ဒရှင်ပြည်သူများနှင့်အစဉ်သဖြင့် နွေးထွေးချစ်ကြည်စွာ ကိုယ်စားပြုဆောင်ရွက်နိုင်ကြပါစေ။**

# Stay at home အစီအစဉ်တွင်အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*ယမန်နေ့မှ အဆက်*

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၃၃၀ | 11001.31.5.2.33 | G.G.F Co,ltd | ၅ | ၁၆၄,၀၀၀.၀၀ |
| ၃၃၁ | 11001.31.6.2.25 | Hotel KS | ၁၉ | ၅၇၅,၀၀၀.၀၀ |
| ၃၃၂ | 11001.31.6.2.53 | Qualy Myanmar Co,ltd | ၃၀ | ၂,၃၂၀,၀၀၀.၀၀ |
| ၃၃၃ | 11001.31.7.2.4 | ရွှေပန်းခိုင်ရွှေဆိုင် | ၅ | ၂၄၀,၀၀၀.၀၀ |
| ၃၃၄ | 11001.31.7.2.42 | Tip Top Star Family Co.Ltd | ၈ | ၄၆၀,၈၀၀.၀၀ |
| ၃၃၅ | 17019.34.1.2.4 | သီရိရတနာသစ်ခွဲစက် | ၂ | ၄၀,၀၀၀.၀၀ |
| ၃၃၆ | 17019.34.1.2.7 | ဒေါ်လာ စက်မှုလက်မှု | ၃ | ၆၀,၀၀၀.၀၀ |
| ၃၃၇ | 17019.34.1.2.14 | ဦးသောင်းစိန် ဆီစက် | ၁ | ၂၀,၀၀၀.၀၀ |
| ၃၃၈ | 17019.34.1.2.18 | ကျော်ကိုထွန်းဖယောင်းတိုင် | ၂ | ၄၀,၀၀၀.၀၀ |
| ၃၃၉ | 17019.34.1.2.22 | မြရန်နိုင် ဆန်စက် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၃၄၀ | 17019.34.1.2.23 | ထွန်းထွန်းနိုင် ဆန်စက် | ၄ | ၈၀,၀၀၀.၀၀ |
| ၃၄၁ | 17019.34.1.2.24 | စိုးမိသားစု ဆန်စက် | ၄ | ၈၀,၀၀၀.၀၀ |
| ၃၄၂ | 17019.34.1.2.26 | စိုးမိုးအောင် ဆန်စက် | ၂ | ၄၀,၀၀၀.၀၀ |
| ၃၄၃ | 17019.34.1.2.30 | ရွှေလဝန်း ဆန်စက် | ၄ | ၈၀,၀၀၀.၀၀ |
| ၃၄၄ | 17019.34.1.2.38 | သင်းသင်းမွေး အုတ်၊သဲ၊ကျောက် | ၅ | ၆၀,၀၀၀.၀၀ |
| ၃၄၅ | 17019.34.1.2.39 | အောင်သရဖူ သစ်ခွဲစက် | ၂ | ၄၀,၀၀၀.၀၀ |
| ၃၄၆ | 17019.34.1.2.40 | ဒေါ်လာဆန်စက် | ၁ | ၂၀,၀၀၀.၀၀ |
| ၃၄၇ | 17019.34.1.2.42 | မေတ္တာအုတ် သဲ ကျောက် | ၃ | ၆၀,၀၀၀.၀၀ |
| ၃၄၈ | 17019.34.1.2.44 | လွင်လွင်မော်အုတ်သဲကျောက် | ၃ | ၆၀,၀၀၀.၀၀ |
| ၃၄၉ | 17019.34.1.2.45 | မြတ်ချမ်းသာဆန်စက် | ၃ | ၆၀,၀၀၀.၀၀ |
| ၃၅၀ | 17019.34.1.2.50 | ကျော်ပဒေသာဆန်စက် | ၃ | ၆၀,၀၀၀.၀၀ |
| ၃၅၁ | 17019.34.1.2.52 | မြတ် အုတ်၊သဲ၊ကျောက် | ၅ | ၆၀,၀၀၀.၀၀ |
| ၃၅၂ | 17019.34.1.2.53 | ထွန်းလင်းကျော် ဆန်စက် | ၂ | ၄၀,၀၀၀.၀၀ |
| ၃၅၃ | 17019.34.1.2.70 | 912 ဆန်စက် | ၄ | ၈၀,၀၀၀.၀၀ |
| ၃၅၄ | 17019.34.1.2.72 | သီရိရွှေစင် သစ်ခွဲစက် | ၁ | ၃၂,၀၀၀.၀၀ |
| ၃၅၅ | 17019.34.1.2.86 | မေတ္တာ(၂) အုတ်၊သဲ၊ကျောက် | ၃ | ၆၀,၀၀၀.၀၀ |
| ၃၅၆ | 17019.34.1.2.88 | ဦးမြကြင် ပရိဘောဂ | ၁ | ၃၂,၀၀၀.၀၀ |
| ၃၅၇ | 17019.34.1.2.94 | အောင် စက်မှုလက်မှု | ၄ | ၁၂၈,၀၀၀.၀၀ |
| ၃၅၈ | 17019.34.1.2.109 | ရွှေကြာ ဆေးလိပ်ခုံ | ၃ | ၆၀,၀၀၀.၀၀ |
| ၃၅၉ | 17019.34.1.2.113 | အရက်ချက် စက်ရုံ | ၇ | ၁၄၀,၀၀၀.၀၀ |
| ၃၆၀ | 17019.34.2.2.3 | သစ်လွင်ပရိဘောဂ | ၃ | ၆၀,၀၀၀.၀၀ |
| ၃၆၁ | 17019.34.2.2.7 | ကျော်ထက်ကျော်ကုမ္ပဏီ | ၈၆ | ၄,၉၄၇,၇၄၆.၄၀ |
| ၃၆၂ | 17019.34.2.2.20 | ဣန္ဒာသယ သက်န်းတိုက် | ၃ | ၉၆,၀၀၀.၀၀ |
| ၃၆၃ | 17019.34.3.2.6 | ရွှေသရဖူအထည်ချုပ် | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၃၆၄ | 17019.34.7.2.11 | Solar Home | ၁၅ | ၁,၁၃၆,၀၀၀.၀၀ |
| ၃၆၅ | 17001.31.4.2.47 | Success World (MPT) | ၄၅ | ၂,၈၄၆,၄၀၀.၀၀ |
| ၃၆၆ | 7001.39.5.2.50 | PTK Garment | ၁၉ | ၁,၀၉၄,၄၀၀.၀၀ |
| ၃၆၇ | 7001.39.6.2.21 | ရွှေသံလွင်ဟိုင်းဝေး(ပဲခူး) | ၅၄ | ၆,၄၈၀,၀၀၀.၀၀ |
| ၃၆၈ | 10002.32.1.2.125 | ရွှေထွန်းကုမ္ပဏီ | ၂၉ | ၁,၈၄၅,၆၀၀.၀၀ |
| ၃၆၉ | 10002.32.1.2.194 | Naing Group Construction Co,Ltd | ၂၂ | ၁,၅၈၈,၀၀၀.၀၀ |
| ၃၇၀ | 10002.32.1.2.453 | ပန်ဆေးလိပ်ခုံ | ၃ | ၆၀,၀၀၀.၀၀ |
| ၃၇၁ | 10002.32.1.2.572 | လူထုကြီးပွားရေးပုံနှိပ် | ၁၈ | ၁,၀၃၆,၈၀၀.၀၀ |
| ၃၇၂ | 10002.32.1.2.895 | Mikko Coffe Mix | ၁၆ | ၁,၁၄၀,၀၀၀.၀၀ |
| ၃၇၃ | 10002.32.1.2.1331 | ဦးအောင်ဆန်းပန်းတိမ် | ၁၁ | ၁၇၆,၀၀၀.၀၀ |
| ၃၇၄ | 10002.32.1.2.1475 | MK Fashion Shop | ၆၇ | ၃,၉၃၀,၀၀၀.၀၀ |
| ၃၇၅ | 10002.32.3.2.103 | Pyramtd Solutions | ၂ | ၂၄၀,၀၀၀.၀၀ |
| ၃၇၆ | 10002.32.3.2.138 | ဟန်စိန်သန့်ကုမ္ပဏီ | ၁၃ | ၉၈၀,၀၀၀.၀၀ |
| ၃၇၇ | 10002.32.5.2.16 | စုထက်ဟိန်းကုမ္ပဏီ | ၁၃ | ၈၀၅,၆၀၀.၀၀ |
| ၃၇၈ | 7001.39.5.2.44 | မြင့်မြင့်ထမင်းဆိုင် | ၅ | ၁၀၀,၀၀၀.၀၀ |
| ၃၇၉ | 10002.32.7.2.45 | Sugo Trading | ၁၅ | ၁,၅၃၉,၂၀၀.၀၀ |
| ၃၈၀ | 10002.32.8.2.26 | ရွှေပီတိဟိုတယ် | ၁၁ | ၆၈၄,၀၀၀.၀၀ |
| ၃၈၁ | 11001.31.1.2.9 | သိန်းသန်း(သစ်ခွဲစက်) | ၄ | ၈၀,၀၀၀.၀၀ |
| ၃၈၂ | 11001.31.1.2.57 | ဒေါ်အေးအေးမြင့်ဘိုရမ်း | ၁ | ၂၀,၀၀၀.၀၀ |
| ၃၈၃ | 11001.31.1.2.62 | ဦးတင်ဝင်း (သံဂဟေ) | ၃ | ၆၀,၀၀၀.၀၀ |
| ၃၈၄ | 11001.31.1.2.66 | 711(ပရိဘောဂ) | ၂ | ၄၀,၀၀၀.၀၀ |
| ၃၈၅ | 11001.31.1.2.79 | ကျော်အောင့်ဆက် | ၆ | ၁၂၀,၀၀၀.၀၀ |
| ၃၈၆ | 11001.31.1.2.90 | မြင်းနီ ကုန်ထုတ်လုပ်ငန်း | ၂၂ | ၁,၂၈၄,၀၀၀.၀၀ |
| ၃၈၇ | 11001.31.1.2.103 | ဦးသိန်းအောင် (သစ်ခွဲစက်) | ၆ | ၁၂၀,၀၀၀.၀၀ |
| ၃၈၈ | 11001.31.1.2.156 | ပြည့်ဖြိုး (စက်ဘီးဆိုင်) | ၁ | ၂၀,၀၀၀.၀၀ |
| ၃၈၉ | 11001.31.1.2.190 | ဦးလှဖေ (ကုန်မာဆိုင်) | ၂ | ၄၀,၀၀၀.၀၀ |
| ၃၉၀ | 11001.31.1.2.285 | ဦးခင်ရွှေနှင့်သားများ | ၁ | ၂၀,၀၀၀.၀၀ |
| ၃၉၁ | 11001.31.1.2.308 | ကျော်ကျော်(စာပေ) | ၇ | ၁၄၀,၀၀၀.၀၀ |
| ၃၉၂ | 11001.31.1.2.338 | စွမ်းအားသံပန်း | ၃ | ၆၀,၀၀၀.၀၀ |
| ၃၉၃ | 11001.31.1.2.372 | မိမိလေး (လျှပ်စစ်) | ၁ | ၂၀,၀၀၀.၀၀ |
| ၃၉၄ | 11001.31.2.2.140 | SML(ခေတ်ခွဲခန်း) | ၁၀ | ၅၈၅,၆၀၀.၀၀ |
| ၃၉၅ | 11001.31.3.2.120 | အောင်ကံဘိုရောင်းဝယ်ရေးကုမ္ပဏီလီမိတက် | ၂ | ၁၂၀,၀၀၀.၀၀ |
| ၃၉၆ | 11001.31.8.2.11 | ရွှေလာဘ်တိုး ကားဝပ်ရှော့ (ပ်) | ၅ | ၃၀၂,၄၀၀.၀၀ |
| ၃၉၇ | 13001.37.1.2.350 | Myot Pyah Engineer Tha /ma | ၄ | ၁၇၂,၈၀၀.၀၀ |
| ၃၉၈ | 13001.37.8.2.20 | ထွန်းတောက်ပလတ်စတစ် | ၂၀ | ၁,၂၃၆,၀၀၀.၀၀ |
| ၃၉၉ | 13003.311.3.2.1 | ထွန်းမြန်မာရေပိုက် | ၄ | ၁၆၀,၀၀၀.၀၀ |
| ၄၀၀ | 13003.311.6.2.35 | Yagon Bus Public Co.,Ltd | ၃၀၈ | ၃၀,၉၈၂,၀၀၀.၀၀ |
| ၄၀၁ | 13007.312.1.2.346 | MDC–3 | ၁၀၉ | ၁၁,၁၅၄,၅၉၅.၆၀ |
| ၄၀၂ | 13007.312.3.2.144 | Kannan Internation အိတ်ချုပ်စက်ရုံ | ၁,၅၄၈ | ၉၅,၀၉၈,၉၂၇.၂၆ |
| ၄၀၃ | 13007.312.4.2.1 | Sinma Construction | ၄၀ | ၂,၉၇၆,၀၀၀.၀၀ |
| ၄၀၄ | 13007.312.5.2.42 | Sinma–3 | ၃၈ | ၂,၄၂၅,၆၀၀.၀၀ |
| ၄၀၅ | 13007.312.5.2.44 | Guohua Glory Co.,Ltd | ၁,၀၉၀ | ၅၅,၄၁၇,၉၂၀.၀၀ |
| ၄၀၆ | 13007.312.5.2.57 | Shwe Sea Sar | ၉၇ | ၅,၅၄၄,၀၀၀.၀၀ |
| ၄၀၇ | 13007.312.7.2.47 | Asia Link Myanmar | ၃၈၉ | ၂၂,၄၉၃,၆၀၀.၀၀ |
| ၄၀၈ | 13007.312.8.2.13 | Kseng (Myanmar) | ၇၁၃ | ၂၉,၄၆၂,၄၀၀.၀၀ |
| ၄၀၉ | 13007.312.8.2.20 | POUSHING | ၁၃၄ | ၆,၀၄၈,၄၈၀.၀၀ |
| ၄၁၀ | 13008.313.1.2.173 | အာရှသား(ဖော့သီး) | ၃၃ | ၂,၀၇၂,၅၆၀.၀၀ |
| ၄၁၁ | 13008.313.1.2.174 | Shwe Ngar Rope | ၃၇၁ | ၂၁,၁၄၃,၇၆၀.၀၀ |
| ၄၁၂ | 13008.313.6.2.105 | I Care Co.,Ltd | ၄၀ | ၄,၇၀၀,၀၀၀.၀၀ |
| ၄၁၃ | 13008.313.1.2.372 | ဦးမောင်ကြည် ပလတ်စတစ် | ၆ | ၁၆၈,၀၀၀.၀၀ |
| ၄၁၄ | 13008.313.1.2.391 | မျိုးပလတ်စတစ် | ၂ | ၅၆,၀၀၀.၀၀ |
| ၄၁၅ | 13008.313.1.2.392 | ဦးသောင်းထိုက်ဘရိတ်တုန်း | ၂ | ၅၆,၀၀၀.၀၀ |
| ၄၁၆ | 13008.313.1.2.416 | စိမ်းရောင်စိုထုတ်လုပ်မှုကုမ္ပဏီ | ၉ | ၅၂၄,၁၆၀.၀၀ |
| ၄၁၇ | 13008.313.1.2.422 | အာနန်အထည်ချုပ် | ၃၀၀ | ၁၇,၂၈၀,၀၀၀.၀၀ |
| ၄၁၈ | 13008.313.1.2.444 | ဆွေမွန်သွပ်ပြား | ၇ | ၃၂၀,၀၀၀.၀၀ |
| ၄၁၉ | 13008.313.1.2.503 | ရွှေခြူလုံး(GCC) ဂိုဒေါင် ကုမ္ပဏီလီမိတက် | ၅ | ၁၄၄,၀၀၀.၀၀ |
| ၄၂၀ | 13008.313.1.2.530 | TMP ငါးဖမ်းပိုက်စက်ရုံ | ၅၈ | ၃,၄၆၅,၆၀၀.၀၀ |
| ၄၂၁ | 13008.313.2.2.11 | ငွေတိုက်စိုး ပဲဂိုဒေါင် | ၇ | ၆၆၈,၀၀၀.၀၀ |
| ၄၂၂ | 13008.313.2.2.124 | စူပါဒီငါးဖမ်းပိုက် | ၅၂ | ၂,၈၉၅,၃၆၀.၀၀ |
| ၄၂၃ | 13008.313.2.2.159 | ဒေါ်လှကော်စေ့လုပ်ငန်း | ၅ | ၂၁၆,၀၀၀.၀၀ |
| ၄၂၄ | 13008.313.3.2.13 | Grand Printing | ၁၈ | ၁,၀၅၁,၂၀၀.၀၀ |
| ၄၂၅ | 13008.313.3.2.96 | ဦးမြသိန်းလှ ပလတ်စတစ်ကော်ခုတ် | ၂ | ၅၆,၀၀၀.၀၀ |
| ၄၂၆ | 13008.313.3.2.145 | Xing Guang | ၂၀ | ၁,၁၅၂,၀၀၀.၀၀ |
| ၄၂၇ | 13008.313.5.2.94 | Myanmar Agri–Tech Co.,Ltd ( I ) | ၁၈ | ၁,၈၅၃,၆၅၆.၀၀ |
| ၄၂၈ | 13008.313.5.2.109 | South Honour | ၁၀၂ | ၅,၉၅၁,၈၀၈.၀၀ |
| ၄၂၉ | 13008.313.6.2.42 | United Tyre Group | ၃၂ | ၂,၅၁၉,၂၀၀.၀၀ |
| ၄၃၀ | 13008.313.6.2.87 | Hengrun Group Garment | ၂၇၇ | ၁၅,၉၅၅,၂၀၀.၀၀ |
| ၄၃၁ | 13008.313.7.2.15 | UniStar Co.,Ltd | ၁ | ၈၀,၀၀၀.၀၀ |
| ၄၃၂ | 13008.313.7.2.44 | Wide Vision Enterprise Co.,Ltd | ၂၃၂ | ၁၂,၅၇၂,၁၆၀.၀၀ |
| ၄၃၃ | 13008.313.7.2.75 | Myanmar FUWAH SPORTSWARE Co.,LTD | ၃၄၉ | ၁၇,၂၀၁,၂၈၀.၀၀ |
| ၄၃၄ | 13008.313.7.2.195 | Myanmar Revitalization Shoes Company Limited | ၂၁ | ၁,၂၀၉,၆၀၀.၀၀ |
| ၄၃၅ | 13009.34.2.2.186 | Tiger Supply Co., Ltd | ၁၀၅ | ၁၀,၂၃၅,၃၂၀.၀၀ |
| ၄၃၆ | 13009.34.5.2.50 | Amog Tech Co.,Ltd | ၁၈ | ၁,၉၆၂,၀၀၀.၀၀ |
| ၄၃၇ | 13009.34.7.2.101 | Seezar Soesan Co., Ltd | ၂၄ | ၂,၅၉၆,၀၀၀.၀၀ |
| ၄၃၈ | 13009.34.8.2.27 | Champion Construction Materials Co.,Ltd. | ၃၀ | ၂,၀၆၈,၈၀၀.၀၀ |
| ၄၃၉ | 13018.31.2.2.227 | ရွှေကေရာဇ်စာအုပ်ချုပ် | ၇ | ၁၉၆,၀၀၀.၀၀ |
| ၄၄၀ | 13018.31.7.2.67 | Mao Hsin Co,Ltd | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၄၄၁ | 13019.32.1.2.61 | CHASSIS စက်အိမ်ခွဲ | ၁၀ | ၄၈၉,၆၀၀.၀၀ |
| ၄၄၂ | 13019.32.1.2.71 | ဖူဂျီအလူမီနီယမ် | ၁၄ | ၈၀၈,၈၀၀.၀၀ |
| ၄၄၃ | 13019.32.1.2.152 | Gyi Indrstrial Co., | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၄၄၄ | 13019.32.1.2.178 | ဦးဖေသိန်း(လျှပ်စစ်) | ၂၂ | ၁,၂၆၇,၂၀၀.၀၀ |
| ၄၄၅ | 13019.32.1.2.327 | Tpbi & MS | ၁၉၇ | ၁၂,၂၃၆,၈၀၀.၀၀ |
| ၄၄၆ | 13019.32.1.2.328 | Star Flower Co;Ltd. | ၄၂ | ၂,၅၇၄,၄၀၀.၀၀ |
| ၄၄၇ | 13019.32.1.2.386 | Royal Pansay Co., | ၁၆ | ၉၂၁,၆၀၀.၀၀ |

*ဆက်လက်ဖော်ပြပါမည်*

## ဦးမောင်ကျော်လှိုင် ၁၂/ဒဂတ(နိုင်)၀၅၂၇၇၃ နှင့် အများသိစေရန်ကြေညာခြင်း

စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ အကွက်(၇)၊ မီးသတ်နောက်လမ်း၊ အမှတ်(၇/၁၃၅၁/၁)နေ ဒေါ်ဝင်းစန္ဒာစိုး ၁၁/ရသတ(နိုင်)၀၆၄၆၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးမောင်ကျော်လှိုင်နှင့် ဒေါ်စုစုမောင်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၂၀၁၃ ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြရာ သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ထို့နောက်ပိုင်းတွင် ဦးမောင်ကျော်လှိုင်သည် ဇနီး ဒေါ်ဝင်းစန္ဒာစိုးအား လွန်ခဲ့သော(၁)နှစ်ခန့်မှစတင်ပြီး အကြောင်းမဲ့ ညှဉ်းပန်းနှိပ်စက်ကာ လင့်ဝတ္တရားနှင့်အညီ ပြုမူဆောင်ရွက်ခြင်း လုံးဝမရှိခဲ့ဘဲ စွန့်ပစ်ထားခဲ့ပါသည်။ ထို့ကြောင့် စွန့်ပစ်ခြင်းခံရသူ ဒေါ်ဝင်းစန္ဒာစိုးအနေဖြင့် စွန့်ပစ်သူ ဦးမောင်ကျော်လှိုင်အား ခင်ပွန်းအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ယနေ့မှစ၍ လင်ခန်းမယားခန်းပြတ်စဲကြောင်း ဦးမောင်ကျော်လှိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းစန္ဒာစိုးအနေဖြင့် မြန်မာ့ဓလေ့ထုံးထမ်းနှင့်အညီ ဦးမောင်ကျော်လှိုင်နှင့် လင်မယားအဖြစ်မှ ပြတ်စဲကြောင်း တရားဝင်ဆန္ဒဖော်ထုတ်ပြီးဖြစ်၍ နောက်နောင်တွင် ဦးမောင်ကျော်လှိုင်နှင့်ပတ်သက်သည့် ကိစ္စရပ်များသည် ဒေါ်ဝင်းစန္ဒာစိုးနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (၁၀၂၂၈/၂၇-၁-၂၀၁၅)**
**မကမ(၂)၊ ကျောင်းကြီးလမ်း၊ အကွက်(၁)၊ မကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့**
**ဖုန်း-၀၉-၄၂၁၇၁၂၀၄၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မြန်အောင်မြို့နယ်တရားမရုံး၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးအမှုအမှတ် - ၈၇

| | | |
|---|---|---|
| မနှင်းယုဇော် | **နှင့်** | ကိုသူရမောင် |
| **တရားလို** | | **တရားပြိုင်** |

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ကညင်ချောင်ကျေးရွာအုပ်စု၊ ဂျိတ်ကွင်းကျေးရွာနေ ကိုသူရမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မနှင်းယုဇော်က လင်မယားကွာရှင်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၄ရက် (၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်ဇာဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မြန်အောင်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ချယ်ရီလမ်းသွယ်၊ အမှတ်(၄၂၂၉)ဟုခေါ်တွင်သော အလျား ၆၀ ပေ x အနံ ၄၀ ပေရှိ ဦးရဲရွှေ ၉/ပမန(နိုင်)၀၅၃၀၀၉ အမည်ဖြင့် ရရှိထားသည့်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးဟိန်းထက်အောင် ၉/ကပတ(နိုင်)၁၉၄၂၄၇ က ၎င်းတစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအချို့ကို ပေးချေခဲ့ပြီးဖြစ်ရာ ဦးဟိန်းထက်အောင်၏ကိုယ်စား ဦးဝင်းမြင့် ၉/ပမန(နိုင်)၁၁၁၄၂၁ က လက်မှတ်ရေးထိုးလက်ခံရယူထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ကျန်ငွေများပေးချေ၍ ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါက်တာဇာခြည်အောင်**
**LL.B, LL.M, MRes, Ph.D**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၃၃)**
**Legal Steps Legal Consulting Limited**
**တိုက်(၁)၊ အခန်း(၁၁၂/၁၁၃)၊ ဟိုတယ်ရန်ကုန်၊**
**ပြည်လမ်းနှင့်ကမ္ဘာအေးဘုရားလမ်းထောင့်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၀၅၉၀၆၊ ၀၉-၉၇၇၁၁၁၂၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/ခ)၊ မြေကွက်အမှတ်(၁၅/က/၅)၊ မြေအကျယ်အဝန်း ၀ ဒသမ ၁၅၁ ဧကရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဇဝနရပ်ကွက်၊ ဦးဘဇံလမ်း၊ အမှတ် (၃၂/C)၊ ကံကွန်ဒိုဟုခေါ်တွင်သော Ground flooor Car parking+ (၃)ခန်းတွဲ (၇ထပ်+ penthouse ) အဆောက်အအုံရှိ အခန်းအမှတ်(၅/ဘီ)(၅လွှာ)(ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း ၁၃၀၀ စတုရန်းပေရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သီတာခိုင် ၁၀/ မလမ(နိုင်)၀၇၁၀၂၅ ထံမှ ကျွန်မ၏မိတ်ဆွေက ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ငြိမ်းဆွေ (LL.B) စဉ်-၁၁၄၄၅/၂၀၁၆**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄၀၅)၊ ၆ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း- ၀၉- ၄၂၀၀၂၉၃၇၃၊ ၀၉- ၆၇၄၀၀၀၀၁၉**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနမှ ၆၆ ကေဗွီမတူပီ- ရေရွှာ (ချင်းပြည်နယ်) ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းအား တင်ဒါအမှတ် 37(T)/DPTSC(PTP)/2020-2021 (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၁၁-၁-၂၀၂၁ ရက် ၁၄:၀၀ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ Covid -19 ရောဂါဆိုင်ရာ အကာအကွယ် (Mask နှင့် Face Shield )များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal(www.moee.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၆)၊ လူနေရပ်ကွက်(၆)၊ မြေကွက်အမှတ် (၁၁၀၀)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ ပေ)၊ (၂၄၀၀) စတုရန်းပေ၊ ၀ဒသမ ၀၅၅ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက် (အရပ်အခေါ်) အမှတ် (၁၁၀၀)၊ ကုန်းဘောင်(၁၁)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်ယုယုမိုး ၁၂/တမန(နိုင်)၀၉၀၄၃၄ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဘူမောင် (LL.B) (စဉ်-၂၂၇၄၇)** | **ဒေါ်ရွှေစင်ဝင်း (LL.B) (စဉ်-၁၆၇၀၅)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် ရှေ့နေများ**
**အမှတ် (၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
## QA/QC လုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသည် ဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောအဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းအရည်အသွေးစစ်ဆေးရေး (QA/QC)ငှားရမ်းဆောင်ရွက်နိုင်ရန် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါ အဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ နည်းပညာအဆိုပြုလွှာပုံစံများနှင့်ပတ်သက်၍ (Profile)အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၁၁-၁၂-၂၀၂၀ ရက်မှစတင်၍ သက်ဆိုင်ရာ ဝန်ကြီးရုံး နှင့် တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံ တင်သွင်းရမည့်ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် ဈေးနှုန်းအဆိုပြုလွှာများအား ၁၆-၁၂-၂၀၂၀ ရက်၊ ၁၃:၀၀ နာရီမှ ၁၆ :၃၀ နာရီအထိ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း၊ (ဆုတောင်းပြည့်ကျောင်းတိုက်အနီး)ရှိ ဒက္ခိဏခရိုင်မီးသတ်စခန်းတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၇၈၈၊၀၆၇-၃၄၁၂၆၂၁ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၁၃၈၊၀၆၇-၃၄၁၂၄၆၂ |
| (ဂ) | အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊၀၆၇-၃၄၃၁၃၉၅ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၀၁-၆၆၁၅၄၄ |

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ မင်္ဂလာလမ်း၊ အမှတ် (၁၃)နေ မောင်အောင်အောင် ၁၀/မလမ(နိုင်)၂၀၁၈၅၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှပြုံး၏သား မောင်အောင်အောင် ၁၀/မလမ(နိုင်)၂၀၁၈၅၂ နှင့် မခင်ပြည့်စုံ ၁၀/မလမ(နိုင်)၂၂၄၅၁၀ တို့သည် ၈-၁၂-၂၀၂၀ ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲပြီး တစ်ဦးနှင့်တစ်ဦး လုံးဝ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဘုန်းဇေယျစိုး (LL.B) Advocate** | **ဒေါ်ဖြူဖြူရွှေသိန်း (LL.B)** |
| **(စဉ်-၉၀၅၉) (၂၃-၅-၂၀၁၃)** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ် (၁၃၂/J)၊ အထက်လမ်းမကြီး၊** | **(စဉ်-၁၅၂၃၅) (၂၇-၁၂-၂၀၁၈)** |
| **မောင်ငံရပ်၊ မော်လမြိုင်မြို့** | **အမှတ် (၁၇၃၃)၊ ဇေတဝန်ရပ်၊ မုတ္တမ၊** |
| **ဖုန်း-၀၉-၄၃၀၇၁၃၇၃** | **ပေါင်မြို့၊ ဖုန်း-၀၉-၄၂၅၂၈၆၅၈** |

## အထူးကိုယ်စားလှယ်လွှဲစာ
## ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်တော် ဦးတင်မောင်လင်း ၁၃/ရစန(နိုင်)၀၀၄၇၆၁ သို့ ပုဗ္ဗသီရိမြို့နယ်၊ မြေကွက်အမှတ် (ပ-၃၂၈၈၇)၊ (၆၀ x ၄၀)ပေနှင့်ပတ်သက်၍ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၂၅၁၉)၊ ၂၀-၆-၂၀၁၉ ရက်စွဲဖြင့် ဦးမောင်မောင်ညို ၉/တကန(နိုင်)၀၆၃၉၅၅ မှ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ၁၁-၁၂-၂၀၂၀ ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးတင်မောင်လင်း**
**၁၃/ရစန(နိုင်)၀၀၄၇၆၁**
**ဖုန်း-၀၉-၄၂၀၇၄၂၄၃၈**





# ဒေဝယက္ခ အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်- ၁၂၁၁ YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)

## အကျိတ်ကြေအဏာမြူမြန်းဆေး

အဖုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နရင်ကြေ၊ ရင့်ရင်ပေါက် အမြစ်ပါမကျန် ပျောက်ကင်းသည်
အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲ ထည့်လို့ရအောင် မှုန့်သွားမယ်

**ဒေဝယက္ခဆေးတိုက်၊ ပဲခူးမြို့။ ဖုန်း-၀၉၅၃၀၀၁၄၁**


## အစုရှယ်ယာလျှော့ချခြင်း

ကျွန်တော်တို့၏ PROAPPS SOLUTION COMPANY LIMITED ၏ အစုရှယ်ယာတန်ဖိုးအား ယခင်ကျပ်သိန်း (၅၀,၀၀၀,၀၀၀)မှ ယခု ကျပ်သိန်း (၁၀,၀၀၀,၀၀၀)သို့ ပြင်ဆင်လျှော့ချလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဉာဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁က/ဥတ္တရသီရိတောင်ရပ်၊ မြေကွက်အမှတ် (ဉ-၅၉၃၁)၊ ဧရိယာ ၀ဒသမ ၂၂၉ ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဦးပြည့်ဖြိုးအောင် ၁၂/ ပဘတ(နိုင်)၀၀၀၂၇၄ အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အမှတ်(ဉ-၅၉၃၁)အား ယခုလက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ခိုင်သဇင် (ဘ) ဦးတင်မြ ၇/ ဒဥန(နိုင်)၁၂၁၀၈၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ၅-၁၂-၂၀၂၀ ရက်တွင် ပေးချေခဲ့ပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမဥ္ဇူ (စဉ်- ၄၇၉၅၇) အထက်တန်းရှေ့နေ**
**အမှတ် (၆၃၇၈)၊ မြတ်လေး (၃)လမ်း၊ ဇဝန သိဒ္ဓိရပ်ကွက်**
**ဥတ္တရသီရိမြို့၊ နေပြည်တော်၊ ဖုန်း- ၀၉- ၄၃၀၇၅၅၇၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ ရွှေကြာပင်၊ မြေကွက်အမှတ် (၂၅၁၀)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်တင်စန်းရီအမည်ပေါက် ပါမစ်မြေကွက်အား ဦးမျိုးထွဋ် (ဘ)ဦးစိုးမြင့်အောင် ၉/မရမ(နိုင်)၀၃၁၉၃၃ မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ ဒက္ခိဏခရိုင် တရားရုံးကျမ်းကျိန်လွှာအမှတ်(၂၅၅၆/၂၀၂၀) နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သတိပေးတားမြစ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အောင်မြေသာယာဘုရားလမ်း၊ အမှတ် (၃၆၀)၊ အခန်း(D-3)တွင် ရုံးခန်းဖွင့်လှစ်ထားရှိသော ဥဩကျော်ကုမ္ပဏီ၏ ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးဝေထက်အောင် ၇/ပခန(နိုင်)၃၆၃၇၇၅ သည် ကုမ္ပဏီလုပ်ငန်းများကို ရိုးသားစွာလုပ်ကိုင်နေသူတစ်ယောက်ဖြစ်ပါသည်။ အင်တာနက်လူမှုရေးကွန်ရက်စာမျက်နှာများပေါ်တွင်လည်း ဝေထက်အောင် Account အမည်ဖြင့် အတွေးအခေါ်ဆိုင်ရာ စာပေများ ရေးသားမျှဝေခြင်းကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ဦးဝေထက်အောင်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်လျက် ၎င်း၏အမည်နှင့်ဓာတ်ပုံကို အသုံးပြုပြီး ဥပဒေနှင့်မလွတ်ကင်းသည့် နှစ်လုံးထီ လောင်းကစားပြုလုပ်ရန်အတွက် ဂဏန်းနံပါတ်များပေးခြင်း၊ ငွေချေးခြင်းများကို အင်တာနက်လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ရေးသားပြုလုပ်နေသည်ကို တွေ့ရှိရပါသည်။ ဦးဝေထက်အောင်သည် ထိုသို့ နှစ်လုံးထီ လောင်းကစားလုပ်ငန်းနှင့် ငွေချေးခြင်းများကို မပြုလုပ်ပါ။ မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း ၎င်း၏အမည်နှင့် ဓာတ်ပုံများကိုအသုံးပြု၍ လောင်းကစားပြုလုပ်ခြင်း၊ ငွေချေးခြင်းများကို ပြုလုပ်ခွင့် မပေးထားပါ။

သို့ပါ၍ ဤကြေညာသည့်ရက်မှစ၍ နောက်နောင် ဆက်လက်ပြုလုပ်ခြင်းမပြုပါရန် တားမြစ်ပါကြောင်းနှင့် အဆိုပါသတိပေးတားမြစ်ခြင်းအား လိုက်နာခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်နေသည်ကို တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထွဋ် (စဉ်-၂၄၅၂၈) အထက်တန်းရှေ့နေ**
**အမှတ် (၅၀၂)၊ ဣန္ဒာ (၆)လမ်း၊ ဇ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၈၄၄၁၁၁၇၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၄)၊ အကွက်အမှတ်(၁၁/ဇဗျူဟာလမ်းအရှေ့)၊ ဦးပိုင်အမှတ်(၂၅၂/C) ဧရိယာ ၀ ဒသမ ၀၄၁ ဧကရှိ မြေဂရန်လိုင်စင်အမှုတွဲအမှတ် ၁၀၈-၅/၂၀၀၇-၂၀၀၈(စီ)ဖြင့် ဒေါ်စန်းစန်းဝင်းအမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းမှ ၉-၄-၂၀၀၈ ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာချုပ်အမှတ်(၈၈VI/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းဗိုလ်ထံမှ ၁၈-၉-၂၀၂၀ ရက်တွင် အိမ်မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ်(၃၃၁I/၂၀၂၀)ဖြင့် ဒေါ်စိုးစိုးဝင်း ၉/လဝန(နိုင်)၀၂၆၉၀၀ က ဝယ်ယူချုပ်ဆိုပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား၊ စာရွက်စာတမ်းခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(၄၈/သံလွင်ရပ်)၊ ဦးပိုင်အမှတ် (၁၅-ခ/၁၅-ဃ)၊ ဧရိယာ ၀ ဒသမ ၁၀၇ ဧကရှိ အမှုတွဲအမှတ် ၃၄၃-၅/၂၀၀၄-၀၅ (အေ) ဖြင့် ဒေါ်ခေါ်အမည်ပေါက်ပိုင်ဆိုင်ပြီး မိခင် ဒေါ်ခေါ်မှာ (၂၁-၁၂-၂၀၁၆)ရက်နှင့် ဖခင် ဦးမောင်ရွှေမှာ (၂၀၀၄)ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ဒေါ်နန်းအေးကြည်နှင့် ဒေါ်နန်းခမ်းနွယ်တို့မှ သမီးအရင်းများဖြစ်ကြောင်း ကျမ်းကျိန်၍ အမွေဆက်ခံစာချုပ်အမှတ် (၄၅၆ 1V/၂၀၂၀) ဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုပြီး (၁၀-၁၁-၂၀၂၀) ရက်တွင် အရောင်းအဝယ်စာချုပ်အမှတ် (၄၃၅I/၂၀၂၀)ဖြင့် ဧရိယာ ၀ ဒသမ၁၀၇ ဧကအနက်မှ ၀ ဒသမ ၀၅၃ ဧကအား ဒေါ်နန်းအေးလိတ်သို့ ရောင်းချထားပြီးဖြစ်၍ ဒေါ်နန်းအေးလိတ် ၁၃/မဆတ(နိုင်)၀၄၃၀၉၇၊ ဒေါ်နန်းအေးကြည် ၁၃/လရန(နိုင်)၀၇၈၇၀၉ နှင့် ဒေါ်ခမ်းနွယ် ၁၃/လရန(နိုင်)၁၄၆၅၄၄ တို့မှ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၅ ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၂၃၆၅/၃၇+၂၃၆၅/၃၈+၂၃၆၅/၃၉+၂၃၆၅/၄၀+၂၃၆၅/၄၁+ ၂၃၆၅/၄၂)၊ ဧရိယာ ၀ ဒသမ ၄၀၂ ဧကရှိ အမှုတွဲအမှတ် ၀၃၃-၅/၂၀၁၃-၁၄ ဖြင့် ဦးမောင်နိုင်အမည်ပေါက်မြေဖြစ်ပြီး ၎င်း၏အထူး ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးသိန်းအောင်ထံမှ ဒေါ်နန်းအေးလိတ် ၁၃/မဆတ(နိုင်)၀၄၃၀၉၇ က အရောင်းအဝယ်စာချုပ်အမှတ် (၄၃၄I/၂၀၂၀) ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်၍ အမည်ပြောင်း မြေဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၁၅ ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## မွေးသက္ကရာဇ်မှန်

လယ်ဝေးမြို့နယ်၊ အလက(ခွဲ) စမတောင်မှ မူပြဆရာမ ဒေါ်နုနုအေး၏ မွေးသက္ကရာဇ်မှန်မှာ ၁၈-၅-၁၉၈၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

